မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၂၆ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၂၆၇)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား Interstate Corporation Developments ညွှန်ကြားရေးမှူးချုပ် Mr. Ivan Ponyakov က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇွန် ၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၄ ရက် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ရှိ မြန်မာ ထေရဝါဒ ဗုဒ္ဓဝိဟာရ (မော်စကို) သို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ အစ္ဆရိယအား ဖူးမြော်ကြည်ညို ကြကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ကျောင်းထိုင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ အစ္ဆရိယ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရ (မော်စကို) ပရိဝုဏ်အတွင်း လှည့်လည်၍ သာသနိကအဆောက်အဦ သဒ္ဓမ္မဇောတိကဓဇသိမ်တော် တည်ဆောက်သွားမည့် အခြေအနေများအား ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များ ဆွေးနွေးလျှောက်ထားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Rajnath Singh နှင့် မော်စကိုမြို့ရှိ Metropol ဟိုတယ် တွင် တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Interstate Corporation Developments ညွှန်ကြားရေးမှူးချုပ် Mr. Ivan Ponyakov အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

ဓာတ်ပုံ– တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဇွန် ၂၅

ပြည်ပမှ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအန္တရာယ် ကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် အစီအမံ များကို ဆက်လက်ချမှတ်ဆောင်ရွက် လျက်ရှိရာ မြန်မာနိုင်ငံသို့ ပျံသန်းသည့် ခရီးစဉ်များ ယာယီရပ်ဆိုင်းမှုကြောင့် အာရပ်စော်ဘွားများ ပြည်ထောင်စု နှင့် ဘာရိန်းနိုင်ငံတို့တွင် ရောက်ရှိနေ သည့် မြန်မာနိုင်ငံသား ၁၄၃ ဦးအား ဒိုဟာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း(MAI) ကယ်ဆယ် ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင် ခဲ့ရာ ယနေ့ နံနက်တွင် ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေ ချောမွေ့စွာ ပြန်လည်ရောက်ရှိသည်။

(ဓါတ်ပုံ) *စာမျက်နှာ ၁၈ ကော်လံ ၁* ❍

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေးအတွက် အစိုးရ ကိုယ်စားလှယ် အစုအဖွဲ့နှင့် NCA–S EAO ကိုယ်စားလှယ်တို့၏ ဆွေးနွေးမှုရလဒ်များ စာ ၃

ဩစတြေးလျနိုင်ငံ၏ အမျိုးသားလေကြောင်းလိုင်း ကွမ်တက်စ်က အလုပ်အကိုင်ပေါင်း ၆၀၀၀ လျှော့ချ စာ ၁၂

လောဘကထာ

"လောဘ"ကို "လိုချင်မှု"ဟူ၍ ဟော၏။ သို့ရာတွင် လိုချင်မှုဆိုသည်တိုင်းလည်း လောဘမဟုတ်။ တရားဓမ္မကို လိုချင်မှု၊ ပညာကို လိုချင်မှု၊ အများအကျိုးပြုရန်အလို့ငှာ ဓနဉစ္စာတို့ကို လိုချင်မှုမျိုးတို့မှာမူ လောဘမဟုတ်၊ ဆန္ဒသာဖြစ်သည်။ လောဘဟူ၍ ဆိုအပ်သည့် လိုချင်မှုမျိုးမှာမူ တမ်းတမ်းစွဲ၊ ငမ်းငမ်းတက်၊ တပ်မက်တွယ်တာစွာ လိုချင်မှုမျိုးဖြစ်သည်။

လောဘက လိုချင်သည်ဟုဆိုရာတွင် မျက်စိဖြင့်မြင်ရသည့်အဆင်း၊ နားဖြင့်ကြားရသည့်အသံ၊ နှာခေါင်းဖြင့် ရှူရှိုက်ရသည့်အနံ့၊ လျှာဖြင့်ခံစားရသည့် ရသာ၊ ကိုယ်ဖြင့်ထိတွေ့ရသည့် အတွေ့ဟူသော ကာမဂုဏ်အာရုံတို့ကို သာမန်လိုချင်ရုံမျှမဟုတ်ဘဲ ထမင်းဆာ ရေငတ်သကဲ့သို့ ကတ်ကတ်သတ်သတ် ငတ်မွတ်တွယ်တာစွာ လိုချင်ခြင်းဖြစ်သည်။ လောဘသမားသည် သူလိုချင်သည့်အရာကို ရပြီးသည့်အခါတွင်လည်း မည်သည့်အခါတွင်မှ ရောင့်ရဲ၊ တင်းတိမ်ခြင်းမရှိ။ မည်သည့်အခါတွင်မျှ ပြီးပြည့်စုံသွားခြင်းမရှိ။ နောက်ထပ်နောက်ထပ်အာရုံသစ်များကို အမြဲရှာဖွေနေပြန်သည်။ လောဘက ထိပ်ကပ်နေသည့်အခါ မိမိလိုချင်သည့် အရာမှန်သမျှကို တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ ကျင့်ဝတ်နှင့် ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ အရှက်အကြောက်ကင်းမဲ့စွာဖြင့် ရယူကြသည်။ မတော်မတရားပြုရမည်ကို လည်းကောင်း၊ မမှန်မကန်ပြုရမည်ကို လည်းကောင်း ရှက်ခြင်း၊ ကြောက်ခြင်းတို့သည် လောဘသမားတွင် လုံးဝမရှိတော့။ လောဘသမားတွင် ကာမဂုဏ်ကို ကပ်ငြိတပ်မက်သည့် လောဘအပြင် လွဲမှားစွာ ထင်မြင်ယူဆခြင်းဟူသည့် ဒိဋ္ဌိနှင့် ထောင်လွှားဝင့်ကြွားသည့် မာနတို့ကလည်း တစ်ပါတည်း ကပ်ပါနေပြီဖြစ်ရာ ငါလုပ်သည်မှာ အမှန်၊ ငါနှင့်ထိုက်၍ ငါရသည်၊ ငါမှသာတတ်နိုင်သည်ဟူသော အတွေးတို့က ထိုသူ၏ သန္တာန်ကို လွှမ်းမိုးနေပြီဖြစ်သည်။

လောဘသမား ဈေးသည်ဖြစ်လျှင် ပစ္စည်းမမှန်၊ အလေးချိန်ခွင်မမှန်ရောင်းချတော့မည်။ လောဘသမားကုန်သည်ဖြစ်လျှင် အမြတ်ကြီးကြီးရမည်ဆိုပါက လူ၊ လက်နက်၊ မူးယစ်ဆေးဝါးတို့ကိုပင် ကုန်စည်အဖြစ် ရောင်းဝယ်ကြမည်။ လောဘသမား လုပ်ငန်းရှင်ဖြစ်ပါက မမှန်မကန်ကုန်ပစ္စည်းတို့ကို ထုတ်လုပ်ကြမည်။ လောဘသမား ဝန်ထမ်းဖြစ်ပါက ရာထူးကိုအကြောင်းပြု၍ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်ကာ အကျင့်ပျက်အဂတိလိုက်စားကြမည်။ အလိုလောဘကြီးသူတို့က လောကကြီးကို တစ်ဖက်စောင်းနင်းဖြစ်အောင်၊ မမျှမတဖြစ်အောင်ပြုလုပ်နေကြသည့် သဘောပင်ဖြစ်သည်။ စင်စစ်အားဖြင့် လောဘသည် အကုသိုလ်စေတသိက် ၁၄ ပါးတွင် ထိပ်ဆုံးကပါသည့် အကုသလဓမ္မအစစ်ဖြစ်သည်။ မကောင်းမျိုးအစစ်ပါပဓာတ်ဖြစ်၍ စိတ်ကိုပူလောင်ဆင်းရဲစေသလို ငရဲသို့လည်း ကျစေတတ်သည်။ လောဘနှင့်သေသူတို့မှာ ပြိတ္တာဘဝသို့ လားရာဂတိဖြစ်ကြသည်။

ကုသိုလ်အထောက်အပံ့မရှိသရွေ့မူ လောဘသေးသေးသည်ပင် အပါယ်သို့ ဆွဲချနိုင်သည့် သတ္တိရှိသည်။ မိမိတို့၏ စိတ်သန္တာန်မှ လောဘအညစ်အကြေးကို သန့်စင်စေရန်မှာ အလောဘခေါ် လိုချင်တပ်မက်မှုမရှိသည့် စိတ်ကို မွေးမြူကျင့်ကြံကြရမည်ဖြစ်သည်။ ပစ္စည်းဥစ္စာ ဓနရှာဖွေခြင်း၊ ဝမ်းစာရှာဖွေခြင်းတို့သည် လူသားတိုင်း မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သော်လည်း လောဘဦးစီး၊ ဒိဋ္ဌိမာနအခြံအရံဖြင့် မလုပ်မိကြဖို့က လိုရင်းဖြစ်သည်။ လောဘတရားတို့ ပါးလျား၍ အဂတိတို့ ဆိတ်သုဉ်းသည်နှင့်အမျှ လူ့ဘောင်လောက ပို၍ ပို၍ လှပလာမည်သာဖြစ်သည်ဟူ၍ အကျိုးမျှော်ကာ နှိုးဆော်အပ်ပါကြောင်း။ ။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၂၅

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဆည်မြို့တွင် ၃ ဒသမ ၀၁ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၇၉ လက်မ၊ ဗန်းမော်မြို့တွင် ၂ ဒသမ ၂၁ လက်မ၊ ရွှေဘိုမြို့နှင့် စဥ့်ကိုင်(စိုက်ပျိုးရေး)တို့တွင် ၁ ဒသမ ၆၄ လက်မစီ၊ ငါန်းဇွန်(စိုက်ပျိုးရေး)တွင် ၁ ဒသမ ၄၅ လက်မ၊ ခန္တီးမြို့တွင် ၁ ဒသမ ၃၈လက်မ၊ ပြင်ဦးလွင်မြို့နှင့် ဖာပွန်မြို့တို့တွင် ၁ ဒသမ ၂၆ လက်မစီနှင့် မတ္တရာ(စိုက်ပျိုးရေး) တွင် ၁ ဒသမ ၀၂ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

ရောဝတီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့တွင် MCCT အစီအစဉ်များ စတင်အကောင်အထည်ဖော်မှုအား သတင်းမီဒီယာများထံ အသိပေးရှင်းလင်း

နေပြည်တော် ဇွန် ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် ရောဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၌ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့်အစီအစဉ် (Maternal and Child Cash Transfer – MCCT) အားသတင်းမီဒီယာများထံ မိတ်ဆက်သည့် အခမ်းအနားကို Zoom Meeting ဖြင့် Online မှတစ်ဆင့် ယနေ့နံနက် ၁၁ နာရီက ကျင်းပသည်။**(အောက်ပုံ)**

၎င်းအခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး က မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍနှင့် ပတ်သက်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အား ရေးဆွဲ၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြု ထုတ်ပြန်ထားပါကြောင်း၊ အားလုံးအကျုံးဝင်မှု၊ လူ့ဘဝတစ်လျှောက်လုံး လွှမ်းခြုံနိုင်မှု၊ စနစ်တည်ဆောက်ခြင်း စသည့် အခြေခံမူ(၃)ရပ်ကို ထည့်သွင်းရေးဆွဲထားပါကြောင်း၊ အဓိက လုပ်ငန်းစဉ်ရှစ်ခု ပါဝင်ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ်၊ လူမှုရေးပင်စင် ထောက်ပံ့သည့်အစီအစဉ်၊ ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပုံမှန်ဆောင်ရွက်လျက်ရှိပြီး မသန်စွမ်းသူများအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်၊ လူမှုအားမာန်အဖွဲ့များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်များကို တစ်ကြိမ်ထောက်ပံ့ခြင်းအား ဆောင်ရွက်ခဲ့ပါကြောင်း။

ယခု MCCT အစီအစဉ်သည် "လူ့ဘဝအစ ရက် ၁၀၀၀ အတွင်း အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ ပြည့်မီ၍ ကလေးသူငယ်များ၏ ဦးနှောက်နှင့် ခန္ဓာကိုယ်ကောင်းစွာ ဖွံ့ဖြိုးတိုးတက်စေရန်" ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကာ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ IDA ချေးငွေအမေရိကန်ဒေါ်လာသန်း ၁၀၀နှင့် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေတို့မှုဝေကျခံ၍ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး အကျိုးခံစားသူငွေကြေးထောက်ပံ့ခြင်းအား ပြင်ပပုဂ္ဂလိက ငွေကြေးလွှဲပြောင်းခြင်းအဖွဲ့အား လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကျိုးခံစားသူ အသိပညာပေးခြင်းကို ရပ်ကွက်၊ ကျေးရွာအခြေပြု စေတနာလူမှုဝန်ထမ်းသမားများနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမများက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကျိုးခံစားခွင့်ရှိသူများအဖြစ် လက်ရှိကိုယ်ဝန်ဆောင်သူအားလုံးနှင့် ၂၀၂၀ ပြည့်နှစ် ဧပြီ ၁ ရက်နှင့် နောက်ပိုင်းမွေးဖွားသောကလေးငယ်အားလုံး ပါဝင်မည်ဖြစ်ပါကြောင်း၊ အကျိုးခံစားသူစာရင်းသွင်းခြင်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁ ရက်မှစတင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာစာရေးများထံတွင် စာရင်းပေးသွင်းနိုင်ပြီး ကိုယ်ဝန်ဆောင်ဆိုလျှင် ကိုယ်ဝန်ဆောင်ကျန်းမာရေးစောင့်ရှောက်မှုမှတ်တမ်း၊ ကလေးဆိုလျှင်လည်း မွေးစာရင်း သို့မဟုတ် ကာကွယ်ဆေးထိုးမှတ်တမ်းများလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး လူမှုဝန်ထမ်းဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်လင်းထင်၊ ရှမ်းပြည်နယ် ညွှန်ကြားရေးမှူး ဦးထွန်းဦးတို့က ပြန်လည်ဖြေကြားသည်။

ယခု MCCT အစီအစဉ်တွင် ၂၀၁၉ – ၂၀၂၀ခု ဘဏ္ဍာရေးနှစ် တတိယ သုံးလပတ်(ဧပြီ၊ မေ၊ ဇွန်)နှင့် စတုတ္ထ သုံးလပတ်(ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ)တို့အတွက် ထောက်ပံ့ကြေး နှစ်ကြိမ်ကိုပေါင်းပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း ထောက်ပံ့သွားမည်ဖြစ်ကာ အကျုံးဝင်မှုလအလိုက် အကျိုးခံစားခွင့်ရှိသူ တစ်ဦးလျှင် တစ်လ ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ရရှိသွားမည် ဖြစ်သည်။

အဆိုပါ အသိပေးရှင်းလင်းပွဲသို့ MRTV၊ DVB၊ Skynet၊ ရောဝတီ၊ 7 Days New နှင့် RFA သတင်းမီဒီယာများနှင့် အခြားတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

စနစ်တကျမှတ်ပုံတင်ထားခြင်းမရှိသော ဆင်းကတ်များကို ဇွန် ၃၀ ရက်နောက်ပိုင်း ဖျက်သိမ်းသွားမည်

ရန်ကုန် ဇွန် ၂၄

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (PTD) ၏ ညွှန်ကြားချက်များအရ စနစ်တကျ မှတ်ပုံတင်ထားခြင်းမရှိသော ဆင်းကတ်များကို ဇွန် ၃၀ရက်နောက်ပိုင်းတွင် ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း တယ်လီနောမြန်မာထံမှ သိရသည်။

ထိုသို့ ဖျက်သိမ်းခြင်းခံရသော ဆင်းကတ်များမှ ကျန်ရှိသော လက်ကျန်ငွေများကိုလည်း ညွှန်ကြားချက်အတိုင်း အစိုးရသို့ လွှဲပြောင်းပေးသွားမည်ဖြစ်သည်။ သို့ဖြစ်၍ အပိုလက်ဆောင်များနှင့်အတူ ဝန်ဆောင်မှုများ ဆက်လက်သုံးစွဲပြီး လက်ကျန်ငွေများ မဆုံးရှုံးစေရန်အတွက် ဇွန် ၃၀ ရက်မတိုင်မီ ဆင်းကတ်ပြန်လည်မှတ်ပုံတင်ခြင်းများကို လုပ်ဆောင်ကြရန် သုံးစွဲသူများအား တယ်လီနောမြန်မာက တိုက်တွန်းထားသည်။

မြန်မာ့ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (PTD) ၏ လမ်းညွှန်ချက်များအရ ဆင်းကတ်အားလုံးသည် စိစစ်အတည်ပြုနိုင်သော သက်သေခံကတ် (မြန်မာနိုင်ငံသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ်) ဖြင့် မှတ်ပုံတင်ရမည်ဖြစ်ပြီး သုံးစွဲသူတစ်ဦးချင်းစီသည် အော်ပရေတာတစ်ခုလျှင် ဆင်းကတ် နှစ်ခုသာ ကိုင်ဆောင်ခွင့်ရှိမည်ဖြစ်သည်။

ထိုလမ်းညွှန်ချက်များသည် မြန်မာနိုင်ငံရှိ မိုဘိုင်းအော်ပရေတာအားလုံးအနေဖြင့် တန်းတူညီမျှ လိုက်နာလုပ်ဆောင်ရမည်ဖြစ်ပြီး အော်ပရေတာတိုင်းသည် မှန်ကန်သော နိုင်ငံသားစိစစ်ရေးကတ်ဖြင့် အတည်ပြုမှုမရှိဘဲ ဆင်းကတ်များအား သုံးစွဲခွင့်ပေးခြင်း သို့မဟုတ် သုံးစွဲသူများအား နိုင်ငံသားစိစစ်ရေးကတ်တစ်ကတ်လျှင် ဆင်းကတ်နှစ်ကတ်ထက် ပို၍ သုံးစွဲခွင့်မပြုရန် လမ်းညွှန်ထားသည်။

မြန်မာ့ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသော ဆင်းကတ်များသည် ဇွန်လ ၃၀ ရက် နောက်ပိုင်းတွင် ဖျက်သိမ်းခြင်းခံရမည်ဖြစ်သည်။

ထိုသို့ ဆင်းကတ်ဖျက်သိမ်းခြင်းခံရသော သုံးစွဲသူများသည် မည်သည့်လျော်ကြေးမျှရရှိမည်မဟုတ်သည့်အပြင် ဇွန် ၃၀ ရက် နောက်ပိုင်းတွင် ဆင်းကတ်ပြန်လည်မှတ်ပုံတင်ခြင်းများကိုလည်း ပြုလုပ်နိုင်တော့မည်မဟုတ်ကြောင်း သိရသည်။

ဆင်းကတ်ပြန်လည်မှတ်ပုံတင်ပြီးပါကလည်း မိမိတို့၏ မိုဘိုင်းဖုန်းနံပါတ်နှင့် ချိတ်ဆက်ထားသော လူမှုမီဒီယာအကောင့်များ၊ အွန်လိုင်းငွေပေးချေမှုများ၊ Direct Carrier Billing services နှင့် အပိုထပ်ဆောင်းဝန်ဆောင်မှုများ (VAS) ကိုလည်း အဆင်ပြေချောမွေ့စွာ ဆက်လက်အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါ ဆင်းကတ်ပြန်လည်မှတ်ပုံတင်ခြင်းကို အခမဲ့လုပ်ဆောင်နိုင်ပြီး အွန်လိုင်းချန်နယ်များမှတစ်ဆင့်လည်း လွယ်ကူလျင်မြန်စွာ မှတ်ပုံတင်နိုင်သည့်အပြင် တယ်လီနောစတိုး သို့မဟုတ် လက်လီအရောင်းဆိုင်များတွင်လည်း တယ်လီနောဆင်းကတ်များနှင့် မိမိတို့၏မှတ်ပုံတင်များကို ယူဆောင်ကာ သွားရောက်မှတ်ပုံတင်နိုင်ကြောင်း တယ်လီနောမြန်မာမှ သိရသည်။

အကယ်၍ သုံးစွဲသူတွင် နိုင်ငံသားစိစစ်ရေးကတ် လက်ဝယ်မရှိခြင်း သို့မဟုတ် ထိုစိစစ်ရေးကတ်မှာ ဖတ်ရှုရန်အတွက် ခက်ခဲခြင်းများ ဖြစ်ပေါ်နေပါက နီးစပ်ရာအစိုးရရုံးတွင် နိုင်ငံသားစိစစ်ရေးကတ်အသစ် ပြန်လည်လျှောက်ထားနိုင်ကြောင်း သိရသည်။

ငြိမ်းငြိမ်း

❖ *ရှေ့ဖုံးမှ*

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသစီမံခန့်ခွဲမှု မှန်ကန်ကောင်းမွန်စေရန် တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများနှင့် နှစ်နိုင်ငံနယ်စပ်ဒေသများတွင် အကြမ်းဖက်သမားများ အခြေချနေထိုင်မှု မရှိစေရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကုလားတန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စီမံကိန်းအောင်မြင်စေရေး လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများ၊ အိန္ဒိယသမုဒ္ဒရာ လုံခြုံရေးဆိုင်ရာများတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ COVID-19 ရောဂါဖြစ်ပွားမှုအား အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်သည့်အချိန်တွင် သင်တန်းဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မွန်းလွဲပိုင်းတွင် ခေတ္တတည်းခိုလျက်ရှိသည့် မော်စကိုမြို့၊ CROWNE PLAZA ဟိုတယ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RT သတင်းဌာနအား လက်ခံတွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ညစာစားပွဲတက်ရောက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ညပိုင်းတွင် Interstate Corporation Developments ညွှန်ကြားရေးမှူးချုပ် Mr. Ivan Ponyakov က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Interstate Corporation Developments ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များအား မော်စကိုမြစ်အတွင်း၌ အပျော်စီးမြစ်တွင်းသွားအမြန်ရေယာဉ်ပေါ်ရှိ ဧည့်ခန်းမဆောင်တွင် တွေ့ဆုံ၍ စစ်ဘက်နည်းပညာတိုးတက်မြင့်မားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဆက်သွယ်ရေးစနစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား Interstate Corporation Developments ညွှန်ကြားရေးမှူးချုပ်က အပျော်စီးမြစ်တွင်းသွားအမြန်ရေယာဉ်ပေါ်တွင် ညစာဖြင့် တည်ခင်းဧည့်ခံပြီး မော်စကိုမြစ်ကြောင်းတစ်လျှောက် လှည့်လည်၍ မြို့ပြလူနေမှုစနစ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ မြစ်ကမ်းဘေးတစ်လျှောက် အလှအပများနှင့် အများပြည်သူများ၏ အပန်းဖြေနေမှုများကို ကြည့်ရှုလေ့လာကြသည်။

မီးရှူးမီးပန်းများ ဂုဏ်ပြုလွှတ်တင်

ယင်းနောက် ဒေသစံတော်ချိန် ည ၁၁ နာရီတိတိတွင် Victory Day of Great Patriotic War (၇၅) နှစ်မြောက် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားအောင်မြင်သည့်အနေဖြင့် Luzhniki ဘောလုံးကွင်းအတွင်းမှ မီးရှူးမီးပန်းများကို ဂုဏ်ပြုလွှတ်တင်ပစ်ဖောက်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ပေါ်မှ ကြည့်ရှုခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Rajnath Singh အဖွဲ့နှင့် မော်စကိုမြို့ရှိ Metropol ဟိုတယ်၌ တွေ့ဆုံဆွေးနွေးစဉ်။ ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေးအတွက် အစိုးရကိုယ်စားလှယ်အစုအဖွဲ့နှင့် NCA-S EAO ကိုယ်စားလှယ်တို့၏ ဆွေးနွေးမှုရလဒ်များ

ရန်ကုန် ဇွန် ၂၅

အစိုးရကိုယ်စားလှယ်အဖွဲ့ (အစိုးရ၊ တပ်မတော်၊ လွှတ်တော်) နှင့် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) ကိုယ်စားလှယ်အဖွဲ့တို့သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပနိုင်ရေး၊ ညီလာခံတွင် အပိုင်း သုံးပိုင်းပါဝင်သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုနိုင်ရေးတို့အတွက် ဇွန်လ ၂၂ ရက်မှ ၂၅ ရက်နေ့အထိ ရန်ကုန်မြို့ ရွှေလီလမ်းရှိ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) မှာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဇွန် ၂၂ မှ ၂၅ ရက်နေ့အထိ တွေ့ဆုံဆွေးနွေးမှုများနှင့် ပတ်သက်၍ အစိုးရကိုယ်စားလှယ် ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်၊ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် NCA-S EAO ကိုယ်စားလှယ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်းတို့အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

ဦးလှမောင်ရွှေ
ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်

ဇွန်လ ၂၂ ရက်နေ့မှာ အစိုးရ ကိုယ်စားလှယ်တွေနဲ့ NCA-S EAO ကိုယ်စားလှယ်တို့ရဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးဆိုင်ရာ အလုပ်အဖွဲ့အစည်းအဝေးကို ရန်ကုန် NRPC မှာ စတင်ကျင်းပပါတယ်။ အဲဒီအစည်းအဝေးရဲ့ ရလဒ်ကတော့ တစ်နှစ်နဲ့ ဆယ်လကြာရပ်ဆိုင်းခဲ့ရတဲ့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အစည်းအဝေးကို ဇူလိုင်လ ၇ ရက်နေ့နဲ့ ၈ ရက်နေ့မှာ ပြန်လည်ကျင်းပဖို့ သဘောတူညီချက်ရခဲ့တယ်။

ဇွန်လ ၂၃ ရက်နေ့မှာတော့ အစိုးရကိုယ်စားလှယ်တွေနဲ့ NCA-S EAO ကိုယ်စားလှယ်အဖွဲ့တို့ ၂၀၂၀ ဇန်နဝါရီလ ၈ ရက်နေ့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်မှုဆိုင်ရာ အစည်းအဝေး(JICM)မှာ ဆုံးဖြတ်ခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပဖို့ ကိစ္စရပ်တွေကို စတင်ဆွေးနွေးတယ်။ ဇွန်လ ၂၄ ရက်နေ့မှာတော့ သက်ဆိုင်ရာ အစုအဖွဲ့တွေ သီးခြားစီပြန်ဆွေးနွေးတယ်။

ဒီနေ့ ၂၅ ရက်နေ့မှာတော့ ကျွန်တော်တို့အားလုံး စုံညီ ပြန်ပြီးဆွေးနွေးပါတယ်။ ဒီနေ့ ကျွန်တော်တို့ ဆွေးနွေးတဲ့နေရာမှာ ညီလာခံမှာ စာချုပ်ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)အတွက် အပိုင်း (၃) ပိုင်းလုံးကို အစအဆုံး ဆွေးနွေးခဲ့ပါတယ်။ အစအဆုံးမှာတော့ ကျွန်တော်တို့ သဘောထားထပ်တူညီတဲ့ အချက်တွေလည်း ရှိတယ်။ ပြန်လည်ဆွေးနွေးရမယ့် အချို့အချက်တွေလည်း ရှိပါတယ်။ ဆွေးနွေးပွဲသဘောသဘာဝအရ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးရတာ ဖြစ်ပါတယ်။

ဒီနေ့ ဆွေးနွေးပွဲမှာ ထူးခြားချက် (၃) ခုရှိပါတယ်။ နောက်တစ်ကြိမ် ဆွေးနွေးပွဲကို ရန်ကုန်မြို့ NRPC ရုံးမှာပဲ ဇူလိုင်လ ၂၊ ၃၊ ၄ ရက်တွေမှာ ဆွေးနွေးဖို့ရှိပါမယ်။ EAO ခေါင်းဆောင်တွေဘက်က ဒီလို ဆွေးနွေးပွဲ နှစ်ကြိမ်လောက် ပြုလုပ်သင့်တယ်လို့ အဆိုပြုထားတယ်။ ဒါပြီးရင်တော့ ဆွေးနွေးပွဲက ရလာတဲ့ ရလဒ်တွေကို JMC – M မှာ အစိုးရ၊ တပ်မတော်၊ EAO ခေါင်းဆောင်တွေ ပြန်လည်တင်ပြပြီးတော့ အတည်ပြုချက်တွေ ရယူဖို့ရှိတယ်။ အဲဒီနောက်မှာတော့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး အစည်းအဝေးတွေ ကျင်းပပြီးတော့ UPDJC မှာ ဆက်လက်တင်ပြမယ်။ ဒါပြီးရင် ညီလာခံကို ကျင်းပဖို့ ဖြစ်ပါတယ်။ ဒုတိယ ထူးခြားချက်က ဒီနေ့ညနေမှာ UPDJC နိုင်ငံရေးပါတီ အစုအဖွဲ့ဝင်ကို ဖိတ်ကြားပြီး ရှင်းလင်းတာ ဖြစ်ပါတယ်။ ရွေးကောက်ခံရတဲ့ နိုင်ငံရေးပါတီ (၂၄) ပါတီနဲ့ စုဖွဲ့ထားပြီး UPDJC အစုအဖွဲ့ဝင် (၁၆) ဦး ရှိပါတယ်။ (၁၁) ဦး တက်ရောက်တယ်။ ကျန်တဲ့ (၃) ဦးက Online ကနေ တက်ရောက်ပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်နေတာတွေ ရှင်းပြပြီး သူတို့ဘက်ကလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပါတယ်။ လာမယ့် ဇူလိုင်လ ၂၊ ၃၊ ၄ ရက် အစည်းအဝေးတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဆွေးနွေးဖို့ ကျွန်တော်တို့ ပြောခဲ့ပါတယ်။

အခုဆွေးနွေးတာ ကျွန်တော်တို့ လေးပိုင်းရှိပါတယ်။ ပြည်ထောင်စုသဘောတူစာချုပ်ချုပ်ဆိုမယ့် အပိုင်းသုံးပိုင်းနဲ့ ညီလာခံကျင်းပဖို့ တစ်ပိုင်းဆိုပြီး လေးပိုင်း ရှိပါတယ်။ အားလုံးနီးပါးလောက် သဘောထားစုစည်းမှု ရပါတယ်။ စာချုပ်ချုပ်ဆိုမယ့် အပိုင်းသုံးပိုင်းမှာ တစ်ပိုင်းကတော့ အားလုံးလိုလို ဆွေးနွေးမှု ပြီးပြတ်သလောက် ရှိပါတယ်။ ကျန်တဲ့ နှစ်ပိုင်းကို ဆက်လက်ညှိနှိုင်း ဆွေးနွေးရပါမယ်။

ဦးလှမောင်ရွှေ
ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်

ဦးမျိုးဝင်း
NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး

ဦးမျိုးဝင်း
NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး

ဇွန်လ ၂၃ ရက်ကနေ ဒီနေ့အထိ ဆွေးနွေးရာမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်ရေးအတွက် ကျွန်တော်တို့ လျာထားချက်တွေ ရခဲ့တာပေါ့။ တစ်ပိုင်းကတော့ ညီလာခံကျင်းပနိုင်ရေးအတွက် ပြင်ဆင်တာပေါ့။ အခုဆိုရင် ညီလာခံ ကျင်းပမယ့်ရက်ကိုလည်း လျာထားသတ်မှတ်နိုင်ခဲ့တာပေါ့။ နောက်ထပ် ဩဂုတ်လ ဒုတိယပတ်ထဲမှာပဲ ညီလာခံကျင်းပဖို့ ဦးတည်ပြင်ဆင်ဖို့ ညှိနှိုင်းထားတဲ့ သဘောထား ရရှိပါတယ်။ ညီလာခံကျင်းပနိုင်ရေးအတွက် ပြင်ဆင်မယ့် အစည်းအဝေးအဆင့်ဆင့်တွေနဲ့ နှစ်ဖက်ညှိနှိုင်းဆွေးနွေးပွဲတွေ ဆက်ရှိမယ်။ JICM အစည်းအဝေးတွေ ဆက်ရှိမယ်။ UPDJC အစည်းအဝေး ရှိမယ်။ ပြီးရင် ညီလာခံ ဆက်ရှိမယ်ပေါ့။

နိုင်ငံရေးဆွေးနွေးမယ့် အချိန်ဇယားကိုလည်း ကျွန်တော်တို့ သတ်မှတ်နိုင်ခဲ့တယ်။ ညီလာခံ ကျင်းပပုံကျင်းပနည်းပေါ့။ လာမယ့် ညီလာခံ ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ဘယ်လိုပုံစံကျင်းပမလဲ။ ကျန်းမာရေးအခြေအနေနဲ့အညီ ကိုယ်စားလှယ်တွေ ဘယ်လိုလာရောက်ရမလဲဆိုတာ သတ်မှတ်နိုင်ခဲ့တယ်။ နောက်တစ်ပိုင်းကတော့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ကို ချုပ်ဆိုနိုင်ရေးအတွက် အစိတ်အပိုင်း (၃) ရဲ့ အပိုင်း (၁) ဖြစ်တဲ့ NCA အကောင်အထည်ဖော်မှုဆိုင်ရာမူဘောင် သဘောတူညီချက်ဆိုရင် အချို့သဘောတူညီချက်တွေ ရရှိခဲ့တယ်။ နောက် ၂၀၂၀ အလွန်မှာ ဆက်လက်ဆွေးနွေးမယ့် အဆင့်လိုက်လုပ်ငန်းစဉ် အကောင်အထည်ဖော်မှု ဇယား (၁) ကိုလည်း ကျွန်တော်တို့ ရရှိဆွေးနွေးခဲ့တာပေါ့။ ကျန်တာတွေကတော့ နှစ်ဖက်သဘောထားတွေကို အဆိုပြုခဲ့တယ်။ လာမယ့်ဆွေးနွေးပွဲမှာ နှစ်ဖက်သဘောထားအဆိုပြုချက်နဲ့ ကျန်ရှိနေတဲ့ အပိုင်းတွေကို ကျွန်တော်တို့ ဆက်လက်ဆွေးနွေးသွားမှာပါ။

တွေ့ဆုံမေးမြန်း- ရဲခေါင်ညွန့်၊ ဓာတ်ပုံ- ဖိုးထောင်

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ (၂၀၂၀) ကျင်းပ

နေပြည်တော် ဇွန် ၂၅

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ တက္ကသိုလ်များ သုတေသနညီလာခံ (၂၀၂၀) အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားကို နိုင်ငံတော်သီချင်းဖြင့်ဂုဏ်ပြု၍ စတင်ဖွင့်လှစ်ပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကိုဗစ်-၁၉ ကြောင့် ခက်ခဲသည့်ကာလဖြစ်သော်လည်း ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ တက္ကသိုလ်များ သုတေသန ညီလာခံ (၂၀၂၀) အခမ်းအနားဖြစ်မြောက်ရေးအတွက် Video Conferencing နည်းပညာဖြင့် ဦးဆောင်ပေးပါသော ပါမောက္ခချုပ်များကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ဇော်ဝေစိုး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ထင်ဇော်စိုး၊ Keynote Speaker များဖြစ်ကြသော ပါမောက္ခ ဒေါက်တာ ပဒေသာတင်၊ ပါမောက္ခ Liviu Matei၊ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ စာတမ်းများ ဖတ်ကြားပေးကြသော စာတမ်းရှင်များ၊ ပိုစတာရှင်များနှင့် ညီလာခံ တက်ရောက်ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

တက္ကသိုလ်များတွင် သုတေသနယဉ်ကျေးမှုသည် အလွန်အရေးကြီးပါကြောင်း၊ တက္ကသိုလ်များ၏ အသက်သွေးကြောသည် သုတေသနဖြစ်ပါကြောင်း၊ ဒေသအကျိုးပြု သုတေသန၊ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများကို အကောင်းဆုံးပူးပေါင်းဆောင်ရွက်ပြီး ကမ္ဘာကြီးအတွက်လည်း အကျိုးပြုနိုင်သည့် အသုံးချသုတေသနရလဒ်ကောင်းများဖြစ်လာစေရေး ဆောင်ရွက်နိုင်ရန်အရေးကြီးပါကြောင်း၊ သုတေသနလုပ်ငန်းများ၊ သုတေသန အခြေခံလက်တွေ့ပစ္စည်းများနှင့် ခေတ်မီနည်းပညာများအတွက်လည်း ခွင့်ပြုရန်ပုံငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းတို့ဖြင့် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် သုတေသနအသုံးစရိတ် ကျပ်သန်းပေါင်း (၁ ဒသမ ၄) ဘီလီယံကျော် အသုံးပြုခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၄ ဒသမ ၂) ဘီလီယံ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် (၅ ဒသမ ၈) ဘီလီယံအထိ တိုးမြှင့်သုံးစွဲ၍ သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်နေပါကြောင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ပြီး အရည်အသွေးရှိသော သုတေသနရလဒ်ကောင်းများကို အခြေခံ၍ သုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးခြင်း၊ ပြည်တွင်းပြည်ပ သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းများ ရေးသားခြင်းတို့ကို အားပေးလျက်ရှိပါကြောင်း။

အရည်အသွေးရှိသော သုတေသနအခြေခံ၍ လုပ်ငန်းခွင်အတွက် လက်တွေ့အသုံးပြုနိုင်သည့် သင်ရိုးညွှန်းတမ်းများ မြှင့်တင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများအတွက် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များ သင်ယူလေ့ကျင့်မွေးထုတ်ပေးနိုင်ခြင်း၊ အရည်အသွေးရှိသော သုတေသနရလဒ်များဖြင့် စီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုများ ပိုမိုအောင်မြင်လာစေရေး အထောက်အကူပြုပေး နိုင်ခြင်း၊ ပွင့်လင်းမြင်သာသော တာဝန်ခံ တာဝန်ယူမှုဖြင့် တက္ကသိုလ်ဖွံ့ဖြိုးရေး စီမံခန့်ခွဲခြင်း၊ စီးပွားရေး လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကလည်း လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲခြင်းကို ပိုမိုအားကောင်းလာမည်ဟု ယုံကြည်ပါကြောင်း၊ ယခု မြန်မာနိုင်ငံ တက္ကသိုလ်များ သုတေသနညီလာခံ (၂၀၂၀) သည် ကိုဗစ်-၁၉ ကပ်ရောဂါကာလနှင့် ရင်ဆိုင်ကြုံတွေ့ရသော်လည်း နည်းပညာများကို အသုံးပြု၍ အကျိုးရှိထိရောက်အောင် မလျှော့သောဇွဲလုံ့လဖြင့် ကြိုးစားဆောင်ရွက်နေသည်ကို တွေ့ရပြီး စာတမ်းဖတ်ပွဲအတွက် တက္ကသိုလ်အသီးသီးရှိ သုတေသီ ဆရာ၊ ဆရာမများက စာတမ်းပေါင်း (၁၃၄) စောင်၊ ပိုစတာ (၁၆) ခု ပါဝင်ယှဉ်ပြိုင်ကြသဖြင့် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ ယနေ့ကျင်းပသည့် ညီလာခံမှ သုတေသနယဉ်ကျေးမှုများ၊ သုတေသန အရည်အသွေးများ အားကောင်းလာစေပြီး Autonomous University ဖြစ်သည်အထိ ဦးတည်ဆောင်ရွက်ရန်နှင့် အားလုံးက တာဝန်ယူ တာဝန်ခံပြီး အရည်အသွေးရှိသော ဘွဲ့ရလူငယ်မောင်မယ်များ မွေးထုတ်ပေးနိုင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်း၍ လက်တွဲကူညီဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက်အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ မျိုးကြွယ်က ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ (၂၀၂၀) ကျင်းပနိုင်ခြင်းအတွက် ဂုဏ်ပြုစကားပြောကြား၍ ပါမောက္ခချုပ်များကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ဇော်ဝေစိုးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အမေရိကန်ပြည်ထောင်စု၊ နာဆာအာကာသသိပ္ပံပညာရှင် ပါမောက္ခ ဒေါက်တာ ပဒေသာတင်က "သုတေသန အရေးပါမှုနှင့် မြန်မာနိုင်ငံတက္ကသိုလ်များ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခ Liviu Matei (Central European University-CEU) က "University Research and National Development : A Comparative Perspective in a time of Global Crisis" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က "သုတေသနယဉ်ကျေးမှု ရပ်ဝန်းကောင်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင်ခြင်း (Promoting Research Culture)" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပို့ချကြသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြရာ ဟောပြောသူ ဆရာကြီးများက ပြန်လည်ဖြေကြားကြသည်။

ယနေ့အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ ဟောပြောပို့ချသည့် ပြည်တွင်းပြည်ပ ဆရာကြီးများ၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ သုတေသီများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် စာတမ်းရှင်များ စုစုပေါင်း (၃၄၀၀) ဦးခန့် Video Conferencing ဖြင့် ချိတ်ဆက်တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

အစိုးရနှင့် NCA- S EAO ကိုယ်စားလှယ်များ၏ စတုတ္ထအကြိမ် အလုပ်အဖွဲ့ အစည်းအဝေး ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၂၅

အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းကိုယ်စားလှယ်များ (NCA – S EAO) ၏ စတုတ္ထအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)တွင် ဆက်လက် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးဌေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး NCA – S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာမူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် စဝ်စိုင်းငင်း၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှဌေး၊ စောမြရာဇာလင်း၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူစေး၊ ဆော်လမွန်၊ စောကျော်ညွှန့်၊ နိုင်အောင်မငေး၊ ဒေါက်တာစိုင်းဦးနှင့် ခွန်မြင့်ထွန်းတို့ တက်ရောက်ကြပြီး ကိုဗစ်-၁၉ကြောင့် အစည်းအဝေးသို့ မတက်ရောက်နိုင်သည့် အဝေးရောက် ကိုယ်စားလှယ်များသည် Online Video Conferencing ဖြင့်တက်ရောက်သည်။

နှစ်ဖက်ညှိနှိုင်းအစည်းအဝေးတွင် ဇွန် ၂၃ ရက်၌ ဆွေးနွေးခဲ့ကြသည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင် သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ ဖက်ဒရယ်လမ်းညွှန်အခြေခံမှုများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးမတိုင်မီ ကျင်းပမည့် အစည်းအဝေးအချိန်ဇယား၊ အခင်းအကျင်းတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး သဘောတူညီချက်များ ရယူခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် NCA-S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင်စဝ်စိုင်းငင်းက နိဂုံးချုပ်အမှာစကား ပြောကြားရာ " (၈) ကြိမ်မြောက် JICM အစည်းအဝေး အကောင်အထည်ဖော်ရေးအတွက် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) မှာ ထည့်သွင်းချုပ်ဆိုမယ့် အကြောင်းအရာတွေဖြစ်တဲ့ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင် သဘောတူညီချက် ၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ ဖက်ဒရယ်အခြေခံ သဘောတူညီမှုများကို ဒီအစည်းအဝေးမှာ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေအကြား အကျေအလည် ဆွေးနွေးနိုင်ခဲ့ပါတယ်။ သဘောတူညီချက်တွေ ရရှိခဲ့သလို ဆက်လက်ညှိနှိုင်းရမယ့် အချက်တွေလည်း လာမယ့် ညှိနှိုင်းဆွေးနွေးပွဲတွေမှာ ဆက်လက်သယ်ဆောင်ဆွေးနွေးသွားဖို့လည်း ကျန်ပါတယ်။

"JICM နဲ့ UPDJC အစည်းအဝေး ကျင်းပမယ့် အချိန်ကာလကို သက်မှတ်နိုင်ခဲ့သလို ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ -(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး မတိုင်မီ ကျင်းပမယ့် အစည်းအဝေးများနဲ့ အစည်းအဝေး အချိန်ဇယားကို သတ်မှတ်နိုင်ခဲ့ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလ အခြေအနေအောက်မှာ ကျင်းပဖို့ရှိတဲ့ လာမယ့် (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးဆိုင်ရာ အခင်းအကျင်းကိုလည်း သဘောတူနိုင်ပါတယ်။ ပဉ္စမအကြိမ် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့ရဲ့ ဆွေးနွေးပွဲကို လာမယ့် ဇူလိုင် ၂ ၊ ၃ ၊ ၄ နေ့ရက်တွေမှာ ကျင်းပမှာ ဖြစ်ပါတယ်။ အဲဒီအစည်းအဝေးမှာ ပြီးပြည့်စုံတဲ့ သဘောတူညီချက်တွေ ဆောင်ကြဉ်းပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

ဆက်လက်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦးက နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် " ဒီ သုံးရက်အတွင်းမှာ ကျွန်တော်တို့ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင် သဘောတူညီချက် ၊ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုတွေကို နှစ်ဖက် ဆွေးနွေးတင်ပြနိုင်ခဲ့တယ်။ အချက်အလက်တော်တော်များများကို သဘောတူညီမှုရရှိခဲ့သလို ဆက်လက်ဆွေးနွေးရမယ့် အချက်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့ နောက်တစ်ကြိမ် ကျင်းပမယ့် နှစ်ဖက်အလုပ်အဖွဲ့ အစည်းအဝေးမှာ ဆက်လက်ဆွေးနွေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအစည်းအဝေး ကာလအတွင်းမှာပဲ JMC-U အစည်းအဝေးကို ဇူလိုင် ၇ ရက်၊ ၈ ရက်မှာ ကျင်းပဖို့ သတ်မှတ်နိုင်ခဲ့ပါတယ်။ အလားတူ ညီလာခံ ကျင်းပမယ့်ကာလကို ဩဂုတ်လဒုတိယပတ်မှာ ကျင်းပဖို့ လျာထားသတ်မှတ်နိုင်ပြီးတော့ ညီလာခံ တက်ရောက်မယ့် ဦးရေ၊ ကျင်းပမယ့် ပုံစံတွေ၊ ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါတယ်" ဟု ပြောကြားသည်။

အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုယ်စားလှယ်များ (NCA – S EAO) ၏ ပဉ္စမအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို လာမည့် ဇူလိုင် ၂၊ ၃၊ ၄ ရက်များတွင် ဆက်လက်ကျင်းပ၍ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုရာတွင် ထည့်သွင်းချုပ်ဆိုမည့် သဘောတူညီချက်များ ရယူနိုင်ရေး ဆက်လက် ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်သည်။

အစည်းအဝေးအပြီး ညနေပိုင်းတွင် အစိုးရနှင့် (NCA-S EAO) နှစ်ဖက်ကိုယ်စားလှယ်များသည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၊ နိုင်ငံရေးပါတီအစုအဖွဲ့မှ UPDJC အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ယနေ့ အစည်းအဝေးမှ ဆွေးနွေးချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေး လုပ်ငန်းစဉ်နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ထံမှ ပေးပို့သည့်သဝဏ်လွှာ (၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၆ ရက်နေ့)

၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီးချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အခမ်းအနားများ နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် (၃၃) ကြိမ်မြောက်ရှိပြီ ဖြစ်ပါသည်။

ယခင်နှစ်များက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဗဟိုအဆင့်အခမ်းအနားကို နေပြည်တော် MICC–II တွင် လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အခမ်းအနားများကို ဒေသဆိုင်ရာ အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့်လည်းကောင်း၊ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲများကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင်လည်းကောင်း တစ်ပြိုင်တည်း ကျင်းပခဲ့ကြပါသည်။ ယခုနှစ်တွင် COVID–19 ကပ်ရောဂါ အခြေအနေကြောင့် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အခမ်းအနားများ၊ ပြပွဲပြိုင်ပွဲများကို ကျင်းပပြုလုပ်နိုင်ခြင်းမရှိဘဲ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် လားရှိုးမြို့များတွင်လည်းကောင်း၊ အစပျိုးဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများဖျက်ဆီးပွဲကို ကွတ်ခိုင်မြို့ ၌လည်းကောင်း ကန့်သတ်လူဦးရေဖြင့် ဆောင်ရွက်ခဲ့ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းကျဆင်းစေရန် ကျောင်းသားလူငယ်ဘဝမှစတင်၍ တိုက်ရိုက်အသိပညာပေးခြင်း၊ သွယ်ဝိုက်အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ကျောင်းအဆင့် မူးယစ်ဆေးဝါး အသိပညာပေးရေးအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ ဟောပြောပွဲများ၊ နံရံကပ်စာစောင်များ၊ ဆောင်ပုဒ်များ ဖြန့်ဝေခြင်း၊ ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားခြင်း၊ ပြပွဲပြိုင်ပွဲများ ကျင်းပခြင်းနှင့် ဆရာ/ဆရာမများအား အရည်အသွေး မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ ပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေး လုပ်ငန်းစဉ်နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်မှု ပပျောက်ရေး လုပ်ငန်းစဉ်အောက်တွင် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး၊ မွေးမြူရေး၊ သီးနှံအစားထိုးစိုက်ပျိုးရေးနှင့် အစပျိုးဓာတုပစ္စည်းများ ထိန်းချုပ်ကြီးကြပ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ သုံးစွဲမှုပပျောက်ရေး လုပ်ငန်းစဉ်အောက်တွင်လည်း ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသား လူငယ်များအား အသိပညာပေးရေး၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၊ လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုကြီးကြပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ဖွဲ့စည်းပေးထားသော ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အစိုးရ မဟုတ်သောအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေး အသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များကိုပါ ထည့်သွင်းဖွဲ့စည်းပြီး မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်ခြင်းများကို တိုက်ဖျက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာနကို ၂၀၁၈ ခုနှစ် ဇွန်လ ၂၂ ရက်နေ့မှ စတင်ဖွင့်လှစ်ထားရှိခဲ့ရာ ၂၀၁၈ ခုနှစ် ဇွန်လ ၂၆ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၀ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် အမှုများအနက် အမှုပေါင်း ၁၁၉၆ မှု ဖွင့်လှစ်နိုင်ခဲ့ပြီး တရားခံ(အမျိုးသား) ၁၅၄၃ ဦး၊ တရားခံ(အမျိုးသမီး) ၃၀၃ ဦး စုစုပေါင်း ၁၈၄၆ ဦး အား ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များမှ အထူးစစ်ဆင်ရေးများ ဆောင်ရွက်မှုများကြောင့် မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မြောက်မြားစွာကို ၂၀၂၀ ပြည့်နှစ်ကာလတွင် သိမ်းဆည်းရမိခဲ့၍ ထူးခြားစွာအောင်မြင်မှုရလဒ်များ ရရှိနေသည်ကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်နေရပါသည်။

မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာတွင် ဘက်ပေါင်းစုံ၊ နည်းလမ်းစုံပါဝင်သည့် ချဉ်းကပ်မှုများနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဟန်ချက်ညီညီအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်၍ ၂၀၁၆ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂ အထူးညီလာခံ UNGASS အစည်းအဝေး၏ လုပ်ငန်းအကြံပြုချက်များကို အခြေခံသည့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး မူဝါဒအသစ်နှင့် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ၂၀၁၈ ခုနှစ်မှာ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ကို အကောင်အထည်ဖော်မည့် အမျိုးသားမဟာဗျူဟာစီမံချက်ကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရေးဆွဲအတည်ပြုခဲ့ပြီး ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မိမိဒေသ အခြေအနေများနှင့် ကိုက်ညီသည့် ၂ နှစ်တာ လုပ်ငန်းစီမံချက် (Action Plan) များ ရေးဆွဲဆောင်ရွက်နေပြီ ဖြစ်ပါသည်။

“အထူးစစ်ဆင်ရေးများ ဆောင်ရွက်မှုများကြောင့် မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မြောက်မြားစွာကို ၂၀၂၀ ပြည့်နှစ်ကာလတွင် သိမ်းဆည်းရမိခဲ့၍ ထူးခြားစွာအောင်မြင်မှုရလဒ်များ ရရှိနေသည်ကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်နေရ”

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ရာ၌ တရားရေးစနစ်များ ပိုမိုတောင့်တင်း ခိုင်မာလာစေရေး၊ စိတ်ဆင်းရဲခြင်းနှင့် အတိဒုက္ခခံစားရခြင်းများကို ဖြစ်စေသော ရာဇဝတ်မှု ကွန်ရက်များကို နှိမ်နင်းရေးနှင့် ကျန်းမာရေး၊ လူ့အခွင့်အရေးဆိုင်ရာ တုံ့ပြန်မှုများ ရရှိနိုင်ရေးတို့အတွက် ထိရောက်သော ဆောင်ရွက်မှုများ လိုအပ်မည်ဖြစ်ပါသည်။

လူအများသည် ဆေးကုသမှုခံယူရာတွင် ထိန်းချုပ်မှုမရှိသည့် ဆေးဝါးများကြောင့် မယုံနိုင်ဖွယ်ရာ နာကျင်မှုများကိုလည်း ကြုံတွေ့ခံစားကြရသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ လူအများသည် လိုအပ်သည့်အချိန်တွင် နာကျင်မှုသက်သာရာရစေသော ဆေးဝါးများကို ရရှိရန်အတွက် အစီအစဉ်များကိုလည်း ဆောင်ရွက်ပေးထားရမည်။ မူးယစ်ဆေးဝါးဆိုင်ရာ နောက်ဆက်တွဲ အန္တရာယ်များဖြစ်သည့် HIV/AIDS၊ အသည်းရောင်အသားဝါရောဂါများ ပြုစုကုသခြင်း၊ ဆေးသုံးစွဲသူများအတွက် စဉ်ဆက်မပြတ်သော ကာကွယ်စောင့်ရှောက်မှု၊ ပြုစုကုသမှု အစရှိသည့် လူမှုရေးနှင့် ကျန်းမာရေး လိုအပ်ချက်များအရ ဆေးဝါးသုံးစွဲခြင်းများကိုလည်း ပိုမိုနားလည်မှုရှိလာစေရန်နှင့် လုပ်ဆောင်နိုင်သည် မှန်သမျှကို လုပ်ဆောင်ပေးရပေမည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး ပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးညီလာခံ UNGASS အစည်းအဝေးတွင် တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါး အလွဲသုံးမှုတို့နှင့် ဆက်နွှယ်သောကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ကိုင်တွယ်နိုင်ရေးအတွက် ရှုထောင့်ပေါင်းစုံ၊ ဘက်ပေါင်းစုံမှ တုံ့ပြန်မှုများရရှိနိုင်ရန် ဆောင်ရွက်နေပြီဖြစ်ပါသည်။ လူသားဆန်၍ ထိရောက်သော လမ်းကြောင်းသစ် တစ်ခုဆီသို့ နိုင်ငံအစိုးရများသည် အတူတကွ လိုက်ပါဆောင်ရွက်ကြမည် ဖြစ်ပါသည်။

မူးယစ်ဆေးဝါး အလွဲသုံးမှု၊ တရားမဝင်ရောင်းဝယ်မှုများနှင့် မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်တတ်သောအန္တရာယ်များ လျှော့ချနိုင်ရန်နှင့် ပိုမိုကောင်းမွန်သော ငြိမ်းချမ်းလုံခြုံမှုရှိရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးနှင့် သာတူညီမျှမှုရှိစေရေးတို့ကို မြှင့်တင်ပေးသော ချဉ်းကပ်မှုများအား တစ်ညီတစ်ညွတ်တည်း ဆောင်ရွက်နိုင်ခဲ့သည့် ပြည်သူများကိုလည်း ချီးကျူးဂုဏ်ပြုရမည် ဖြစ်ပါသည်။

ထို့အပြင် လက်ရှိကမ္ဘာနှင့်တစ်ဝန်းတွင် ဖြစ်ပွားနေသော ကမ္ဘာ့ကပ်ရောဂါ COVID –19 မှာ ကာလကြာရှည်စွာ ဖြစ်ပွားနေသည့်အတွက် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရပါသည်။ ထိုအခြေအနေကို အခွင့်ကောင်းယူပြီး မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်မှုလုပ်ငန်းများ မူးယစ်ဆေးဝါးဈေးကွက်များ အပြောင်းအလဲ ဖြစ်ပေါ်လာနိုင်သည့်အတွက် တားဆီးကာကွယ်ရေး ဆောင်ရွက်နေကြသော တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ကြိုတင်ပြင်ဆင် ကာကွယ်တားဆီးသွားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်မှာ **“Better knowledge for better care” “ထိထိရောက်ရောက် စောင့်ရှောက်ဖို့ ဘက်စုံအသိအမြင် လေ့လာစို့”** ဆိုသည့်အတိုင်း ထိရောက်သည့် စောင့်ရှောက်မှုဖြစ်စေရေးအတွက် ဘက်ပေါင်းစုံအသိပညာ တိုးပွားစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာ၌ အန္တရာယ်နှင့်စိန်ခေါ်မှုများ ရှိနေမည်ဖြစ်သော်လည်း မိမိတို့သည် မှန်ကန်သော လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီး ရေရှည်ကောင်းမွန်သော နည်းလမ်းများဆီသို့ ဦးတည်မည့် ပြီးပြည့်စုံသော၊ သဟဇာတဖြစ်သော၊ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မိသော ချဉ်းကပ်မှုတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ဖော်ပြလိုက်ပါသည်။ ॥

လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၅

လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ယခင်နှစ်မှစ၍ တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်ရေးဦးဆောင်အဖွဲ့ကို တင်ပြခဲ့ပြီး စပါးတင်း ၁၀၀ ကို ကျပ်ငါးသိန်း သတ်မှတ်ထုတ်ပြန်ခဲ့ကြောင်း၊ အခြေခံရည်ညွှန်းစပါး ဈေးနှုန်းအောက်နိမ့်ကျနေသော ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းတို့တွင် အခြေခံဈေးနှုန်းဖြင့် စပါးဝယ်ယူရန်အတွက် လှည့်ပတ်ရန်ပုံငွေမှ ကျပ် ၁၅ ဘီလီယံ သုံးစွဲဝယ်ယူခဲ့ပြီး တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျပ် ၁၅ ဘီလီယံမှ ကျပ် ၇ ဘီလီယံ သုံးစွဲဝယ်ယူခဲ့ပြီး ဝယ်ယူလက်ခံထားသော ဆန်များထဲမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၈၀၀ နှင့် အခြေခံလူတန်းစားများကို ရောင်းချရန်အတွက် ဆန်တန်ချိန် ၈၀၀၀ အား မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှတစ်ဆင့် ရောင်းချပေးခဲ့ပါကြောင်း၊ ယခုနှစ်အတွက် အခြေခံစပါးဈေးနှုန်း သတ်မှတ်ရန် ဝယ်ယူမည့်ပမာဏ၊ လိုအပ်မည့်ငွေ၊ တင်ဒါစနစ်ဖြင့် ဆန်ပြန်လည်လက်ခံရာတွင် ဆန်အရည်အသွေးပိုင်းအနေနှင့် ပတ်သက်ပြီး ဆွေးနွေးပေးစေလိုကြောင်း၊ အခြေခံရည်ညွှန်းစပါးဈေးနှုန်းအား ဖြစ်သင့်သည့် ဈေးနှုန်းကို တင်ပြစေလိုပါကြောင်း၊ လယ်ယာထွက်ကုန်စီမံခန့်ခွဲမှုအဖွဲ့မှ အခြေခံဈေးနှုန်းဖြင့် စပါးဝယ်ယူခဲ့ရာတွင် အခက်အခဲရှိသော်လည်း စပါးဈေးနှုန်း ၅ သိန်းအောက်မကျသည့်အတွက် အောင်မြင်သည်ဟု သုံးသပ်ရပါကြောင်း၊ ထို့အတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းသတ်မှတ်ရန်ကိစ္စ၊ ဝယ်ယူမည့် ပမာဏ၊ လိုအပ်သည့် ငွေကြေးပမာဏ၊ တင်ဒါလက်ခံမည့် ဆန်အရည်အသွေးကိစ္စရပ်များကို ဆွေးနွေးပေးရန် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီမံဘဏ္ဍာဝန်ကြီးများ၊ ဆန်စပါးဝယ်ယူကြီးကြပ်မှုလုပ်ငန်းအဖွဲ့များ၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များ အသင်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက်တင်ပြကြရာ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ (World Refrigeration Day)ကို ဂုဏ်ပြုလျက် -

နေ့စဉ်ဘဝမြင့်မားဖို့ အအေးပေးပစ္စည်းများကို အကျိုးရှိစွာ သုံးကြစို့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

> **"ရေခဲသေတ္တာ၊ လေအေးပေးစက်နှင့် အခြားအအေးပေးပစ္စည်းများဖြစ်သည့် စီးပွားရေးလုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံများတွင် အသုံးပြုသည့် အအေးပေးစက်ပစ္စည်းများတွင် အိုဇုန်းလွှာပျက်စီးမှုနှင့် ကမ္ဘာ့ပူနွေးမှုမဖြစ်စေသည့် အာမခံချက်ရှိသော ဟိုက်ဒရိုဖလူရိုကာဗွန် (အရောအနှော) ဒြပ်ပစ္စည်းများ၊ ဟိုက်ဒရိုကာဗွန်၊ အမိုးနီးယားစသည့် ဒြပ်ပစ္စည်းများကို သုံးစွဲခြင်း၊ စွမ်းအင်ကုန်ကျမှုသက်သာသည့် အမှတ်အသားများပါရှိသော စက်ပစ္စည်းများကိုသာ ရွေးချယ်ဝယ်ယူအသုံးပြုခြင်းဖြင့် စွမ်းအင်အသုံးပြုမှု ကုန်ကျစရိတ်ကို လျှော့ကျစေမည့်အပြင် နေ့စဉ်သာယာချမ်းမြေ့စွာ နေထိုင်နိုင်ခြင်း၊ အိုဇုန်းလွှာပျက်စီးမှုကို ကာကွယ်ထိန်းချုပ်နိုင်ခြင်း၊ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်"**

အအေးပေးပစ္စည်းများနှင့် နေ့စဉ်လူနေမှုဘဝ

ကမ္ဘာဦးလူသားတို့ သဘာဝအလျောက် ပေါက်ရောက်နေသည့် သီးပင်စားပင်များကို ခူးယူစားသောက်ခြင်း၊ အသားငါးများကို အစိမ်းစားခြင်းပြုခဲ့ကြရာမှ မီးကိုတွေ့ရှိပြီးနောက် ချက်ပြုတ်စားသောက်ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းတို့ကို တဖြည်းဖြည်း တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြပြီး လွန်ခဲ့သော နှစ် ၅၀၀၀ ခန့်ကစ၍ ကျောက်ခေတ်မှ သံခေတ်သို့ ကူးပြောင်းကာ ခဲ၊ ပြဒါး၊ နီကယ်၊ သံ တို့ကို တွင်ကျယ်စွာ သုံးစွဲလာနိုင်ခဲ့ကြပါသည်။ စက်မှုတော်လှန်ရေးကာလအတွင်း ရေနွေးငွေ့သုံး အင်ဂျင်မှစ၍ ခေတ်မီစက်ကိရိယာများ၊ စက်ရုံကြီးများ တီထွင်နိုင်ခဲ့ကြကာ အသုံးအဆောင်ပစ္စည်းများကို အဆင့်မြင့်သည်ထက်မြင့်အောင် ဖန်တီးထုတ်လုပ်ခဲ့ကြသဖြင့် လူနေမှုအဆင့်အတန်း သိသိသာသာ တိုးတက်မြင့်မားလာခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

လူသားတို့၏ တီထွင်ဆန်းသစ်မှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုများ၏ ရလဒ်တစ်ခုဖြစ်သည့် ရေခဲသေတ္တာ၊ လေအေးပေးစက်စသည့် လူ့အသုံးအဆောင်ပစ္စည်းများသည် ယနေ့ခေတ် နေ့စဉ်နေထိုင်မှုဘဝ၏ အရေးပါလှသည့် အဓိက အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်လာပါသည်။

၁၉၂၀ ပြည့်နှစ်ကာလများတွင် ရေခဲတုံးကြီးများအား လေလုံဗီရိုကြီးများတွင် ထည့်သွင်း၍ ရေခဲသေတ္တာများအဖြစ် အသုံးပြုခဲ့ကြရာမှ အပူလျော့ကျစေသည့်အရည် (Coolants) သုံး ရေခဲသေတ္တာများကို အသုံးပြုလာခဲ့ကြပါသည်။ ယင်းသို့ အသုံးပြုခဲ့ကြရာတွင် ယင်း Coolants များသည် ယိုစိမ့်မှုဖြစ်ပါက လူကိုသေစေနိုင်သည်အထိ အဆိပ်ဖြစ်စေနိုင်ကြောင်း တွေ့ရှိခဲ့ကြသဖြင့် ကလိုရိုဖလူရိုကာဗွန် – CFCs ဒြပ်ပစ္စည်းတစ်မျိုးကို တီထွင်ကာ အအေးပေးပစ္စည်းအဖြစ် အသုံးပြုခဲ့ကြပါသည်။ CFCs ဒြပ်ပစ္စည်းများသည် ၂၀ ရာစု၏ အရေးပါဆုံးသော တီထွင်ဆန်းသစ်မှုဟု သတ်မှတ်နိုင်သည်အထိ တွင်ကျယ်ခဲ့ပြီး ထိုစဉ်အခါက လူသားတို့၏ လူနေမှုဘဝကို ထူးခြားသိသာစွာ တိုးတက်ပြောင်းလဲစေခဲ့ပါသည်။

ယနေ့ခေတ်တွင် အအေးပေးပစ္စည်းများဖြစ်သည့် ရေခဲသေတ္တာ၊ လေအေးပေးစက်ပစ္စည်းများကို မြို့ပြဒေသများတွင်သာမက ကျေးလက်ဒေသများတွင်ပါ တွင်ကျယ်စွာ အသုံးပြုလာကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အိမ်သုံးရေခဲသေတ္တာများ အသုံးပြုခြင်းကြောင့် စုစုပေါင်း စားသောက်ကုန်ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းခန့်အထိကို လေလွင့်မှုမရှိအောင် လျှော့ချပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

လေ့လာဆန်းစစ်ချက်များအရ ကမ္ဘာတစ်ဝန်းရှိ ပင်လယ်ကူးငါးဖမ်းသင်္ဘော ၄ ဒသမ ၄ သန်းခန့်သည် အအေးခန်းများကို အသုံးပြုလျက်ရှိပြီး ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသောကြောင့် အအေးပေးပစ္စည်းများသည် အလွန်အရေးပါလာကြောင်း တွေ့ရှိရပါသည်။

အလားတူ ဆေးရုံများ၊ ခွဲစိတ်ခန်းများတွင် အသုံးပြုသည့် ဆေးဝါးများ၏ ၅၀ ရာခိုင်နှုန်းခန့်သည် အပူချိန်ကြောင့် ပျက်စီးနိုင်သဖြင့် အအေးခန်းများတွင် သိုလှောင်အသုံးပြုကြရကြောင်း၊ ဆေးကုသရာတွင် အသုံးပြုသည့် Scanner ကဲ့သို့သော စက်ပစ္စည်းများမှာလည်း အအေးခန်းများဖြင့်သာ ထိန်းသိမ်းရကြောင်း၊ ကျန်းမာရေးကုသမှုများအတွက် အဓိကအရေးပါသည့် သွေးနှင့်တစ်သျှူးများ သိုလှောင်ရာတွင်လည်း အအေးပေးပစ္စည်းများမှာ အဓိကအခန်းကဏ္ဍတွင် ပါဝင်နေကြောင်း တွေ့ရှိရပါသည်။

ယင်းသို့သော ကျန်းမာရေးနှင့် စားသောက်ကုန်ထုတ်လုပ်မှု၊ သိုလှောင်မှုလုပ်ငန်းများတွင်သာမက စီးပွားရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံများတွင်လည်း အအေးပေးပစ္စည်းများကို မရှိမဖြစ် အသုံးပြုလာကြသည့်အတွက်လာမည့် ၂၀၅၀ ပြည့်နှစ်၌ ကမ္ဘာတစ်ဝန်းတွင် လေအေးပေးစက်သန်းပေါင်း ၅၆၀၀ ခန့် သုံးစွဲလာနိုင်မည်ဖြစ်ပြီး လက်ရှိသုံးစွဲနေသည့် စွမ်းအင်ပမာဏ၏ သုံးဆခန့် လိုအပ်လာနိုင်ကြောင်းနှင့် စုစုပေါင်း ကမ္ဘာ့လျှပ်စစ်ဓာတ်အားသုံးစွဲမှု၏ ၁၆ ရာခိုင်နှုန်းအထိ သုံးစွဲလာနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားကြပါသည်။

အအေးပေးပစ္စည်းများနှင့် အိုဇုန်းလွှာ

အထက်ပါ အချက်အလက်များအရ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အအေးခန်းများ၊ စူပါမားကတ်နှင့် ကုန်တိုက်ကြီးများရှိ Chiller များ အစရှိသည့် အအေးပေးပစ္စည်းများသည် ကျွန်ုပ်တို့ နေ့စဉ်နေထိုင်မှုတွင် မရှိမဖြစ် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပြီး အဆိုပါ အအေးပေးစက်ပစ္စည်းများတွင် အများဆုံး အသုံးပြုလျက်ရှိသည့် ကလိုရိုဖလူရိုကာဗွန် (Chloroflurocarbons–CFCs)၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (Hydro –chloroflurocarbon HCFCs) အစရှိသည့် ကလိုရင်းကို အခြေခံသော ဒြပ်ပစ္စည်းများသည် စထရာတိုစဖီးယားအလွှာအတွင်းရှိ လူသားတို့အပါအဝင် သက်ရှိများကို နေရောင်ခြည်နှင့်အတူ ပါရှိလာသည့် ခရမ်းလွန်ရောင်ခြည်၏ အန္တရာယ်မှ သဘာဝအလျောက် အကာအကွယ်ပေးနေသော အိုဇုန်းလွှာကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေကြောင်း၊ လေထုအတွင်းရှိ ကလိုရင်းအက်တမ်တစ်လုံးသည် အိုဇုန်းမော်လီကျူး အလုံးပေါင်းတစ်သန်းအထိ ဖြိုခွဲနိုင်စွမ်းရှိသည့် အိုဇုန်းလွှာပျက်စီးစေသော အဓိကဒြပ်ပစ္စည်း(Ozone Depleting Substance–ODS) များဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

ကမ္ဘာ့အိုဇုန်းလွှာသည် အအေးပေးပစ္စည်းများတွင် အသုံးပြုသည့် ကလိုရိုဖလူရိုကာဗွန်ကြောင့် ပျက်စီးကြောင်းကို ဓာတုဗေဒပညာရှင် မာရီယာမိုလီနာနှင့် ရှားဝုဒ်ရိုလန်တို့က ၁၉၇၄ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် အန္တာတိကတိုက်ပေါ်ရှိ အိုဇုန်းလွှာ၏ အထူမှာ ပုံမှန် ၃၀၀ ဒေါ့ဘ်ဆန်ယူနစ် (၃ မီလီမီတာ) ရှိရမည့် အစား ၂၂၀ ဒေါ့ဘ်ဆန် ယူနစ်အောက် လျော့နည်းနေကြောင်းကို သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြပါသည်။

အိုဇုန်းလွှာသည် နေရောင်ခြည်တွင် ပါဝင်သည့် ခရမ်းလွန်ရောင်ခြည် သုံးမျိုးအနက် နံနက်ခင်းနေရောင်နှင့်တွင် ပါဝင်သည့် ဗီတာမင်–ဒီ ပါဝင်သော ခရမ်းလွန်ရောင်ခြည် UV–A ကို စုပ်ယူခြင်းမပြုဘဲ လူနှင့် သက်ရှိတို့ကို အန္တရာယ်ဖြစ်စေသည့် ခရမ်းလွန်ရောင်ခြည် UV–B ကို ၉၅ ရာခိုင်နှုန်းနှင့် UV–C ကို ၁၀၀ ရာခိုင်နှုန်း စုပ်ယူပေးသည့်အတွက် အိုဇုန်းလွှာပျက်စီးမှုကြောင့် ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာပေါ်သို့ တိုက်ရိုက်ကျရောက်လာမည်ဖြစ်၍ လူနှင့် သက်ရှိတို့အတွက် ဆိုးကျိုးများစွာ သက်ရောက်စေမည်ဖြစ်ပါသည်။

အိုဇုန်းလွှာပျက်စီးမှု ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များ

အိုဇုန်းလွှာပျက်စီးမှုသည် ကမ္ဘာလုံးဆိုင်ရာ အရေးကိစ္စဖြစ်သောကြောင့် အိုဇုန်းလွှာပြန်လည်ကောင်းမွန်ရေးအတွက် ကမ္ဘာ့နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ရန် အိုဇုန်းလွှာ ကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို ၁၉၈၅ ခုနှစ်တွင်လည်းကောင်း၊ အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းများ ထိန်းချုပ်ခြင်းဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်ကို ၁၉၈၇ ခုနှစ်တွင်လည်းကောင်း အတည်ပြုချုပ်ဆိုခဲ့ပြီး အိုဇုန်းလွှာ ပျက်စီးစေသည့် ဒြပ်ပစ္စည်းများ သုံးစွဲမှုကို ထိန်းချုပ်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်နှင့်ပြင်ဆင်ချက်များတွင် ပါဝင်လက်မှတ်ရေးထိုးပြီး ကမ္ဘာ့နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အိုဇုန်းလွှာပျက်စီးစေသော အအေးပေးပစ္စည်းဖြစ်သည့် R–11, R–12, R–13 အပါအဝင် ကလိုရိုဖလူရိုကာဗွန်– CFCs ဒြပ်ပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းအသုံးပြုခြင်းကို ၂၀၁၀ ပြည့်နှစ်ကတည်းက အပြီးသတ်ရပ်ဆိုင်းခဲ့ပြီး ဖြစ်ပါသည်။

ယင်းအပြင် ရေခဲသေတ္တာနှင့် လေအေးပေးစက်များ ပြုပြင်ခြင်းကဏ္ဍတို့၌ လက်ရှိတွင်ကျယ်စွာ အသုံးပြုလျက်ရှိသည့် R–22 အပါအဝင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်– HCFCs များသည်လည်း အိုဇုန်းလွှာပျက်စီးစေသည့် အဓိက ဒြပ်ပစ္စည်းတစ်မျိုးဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ်မှစတင်၍ ကန့်သတ်ပမာဏအတိုင်း ခွဲတမ်းစနစ်ဖြင့် တင်သွင်းခွင့်ပြုခြင်းဖြင့် လျှော့ချလျက်ရှိပြီး ၂၀၄၀ ပြည့်နှစ်တွင် အပြီးသတ် ရပ်ဆိုင်းသွားမည်ဖြစ်ပါသည်။

ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်–HCFCs ဒြပ်ပစ္စည်းများ တင်သွင်းအသုံးပြုခြင်းနှင့် ဆက်စပ်၍ ယင်းဒြပ်ပစ္စည်းများကိုအသုံးပြုသည့် အများသုံးမြင်းကောင်ရေ ၂ ဒသမ ၅ နှင့်အောက် အင်အားရှိသည့် လေအေးပေးစက်များ ပြည်တွင်းသို့ တင်သွင်းမှုကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့မှ စတင် တားမြစ်သည့်အမိန့်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၈/ ၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ဤအမိန့်ကြော်ငြာစာအရ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs/ R–22) အသုံးပြုသည့် မြင်းကောင်ရေ ၂.၅ နှင့် အောက်အင်အားရှိ လေအေးပေးစက်များကိုသာ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ ပြည်တွင်းသို့ တင်သွင်းခြင်းကို တားမြစ်ကန့်သတ်ခြင်းဖြစ်ပြီး ယင်းနေ့မတိုင်မီ တင်သွင်းထားပြီးဖြစ်သော ဖော်ပြပါ အမျိုးအစား လေအေးပေးစက်များ ရောင်းဝယ်ခြင်း၊ တပ်ဆင်အသုံးပြုခြင်းတို့ကို ကန့်သတ်ခြင်း မဟုတ်ပါ။ အလားတူ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs/R–22) မဟုတ်သည့် အခြားဒြပ်ပစ္စည်းများ အသုံးပြုသော မြင်းကောင်ရေ ၂ ဒသမ ၅ နှင့်အောက် အင်အားရှိ လေအေးပေးစက်များ တင်သွင်းအသုံးပြုခြင်းတို့နှင့်လည်း လုံးဝသက်ဆိုင်မည် မဟုတ်ပါ။

အအေးပစ္စည်းများနှင့် ရာသီဥတုပြောင်းလဲမှု

အိုဇုန်းလွှာ ပျက်စီးစေသည့် အအေးပေးပစ္စည်းများ သုံးစွဲခြင်းအတွက် အစားထိုးဒြပ်ပစ္စည်းများကို သုံးစွဲရာတွင် R–32, R–134,R– 134a များအပါအဝင် ဟိုက်ဒရိုဖလူရိုကာဗွန်– HFCS ဒြပ်ပစ္စည်းများသည် အိုဇုန်းလွှာပျက်စီးမှု မဖြစ်စေသော်လည်း ကမ္ဘာ့ပူနွေးမှုညွှန်းကိန်းမြင့်မားပြီး ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေနိုင်သည့်အတွက် ယင်းဒြပ်ပစ္စည်းများ ထုတ်လုပ်သုံးစွဲမှုကို လျှော့ချဆောင်ရွက်နိုင်ရန် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ (၂၈)ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်အရ ကီဂါလီ ပြင်ဆင်ချက်ကို ချမှတ်ခဲ့ပါသည်။

မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်အရ ဖွဲ့စည်းထားသည့် သိပ္ပံနှင့် သုတေသနပညာရှင်များ ပါဝင်သော နည်းပညာနှင့် စီးပွားရေးဆိုင်ရာ ဆန်းစစ်မှုအဖွဲ့ (Technology and Economic Assessment Panel–TEAP)အပါအဝင် နိုင်ငံတကာနှင့် နိုင်ငံအလိုက် သုတေသနအဖွဲ့အစည်းများ၊ နည်းပညာကုမ္ပဏီများ၏ တီထွင်သုတေသနပြုမှုများကြောင့် အိုဇုန်းလွှာပျက်စီးမှုနှင့် ကမ္ဘာ့ပူနွေးမှုမဖြစ်စေသည့် အစားထိုး အအေးပေးဒြပ်ပစ္စည်းများနှင့်အတူ ယင်းဒြပ်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် စွမ်းအင်သုံးစွဲမှုကိုပါ ချွေတာနိုင်မည့် နည်းပညာအဆင့်မြင့် ဒြပ်ပစ္စည်းများနှင့် စက်ပစ္စည်းများ အမျိုးအစား ပေါင်းများစွာ ဈေးကွက်များအတွင်း ပေါ်ထွက်လာပြီ ဖြစ်ပါသည်။

ကမ္ဘာ့အအေးပေးပစ္စည်းများနေ့

ကျွန်ုပ်တို့ နေ့စဉ်နေထိုင်မှုအတွက် မရှိမဖြစ် လိုအပ်လာသည့် အအေးပေးပစ္စည်းများကို အိုဇုန်းလွှာနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ စနစ်တကျ အသုံးပြုနိုင်ရန်နှင့် အအေးပေးပစ္စည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ကမ္ဘာတစ်ဝန်း အအေးပစ္စည်းလုပ်ငန်းများကို စတင်စေခဲ့သူ အပူပြောင်းလဲခြင်းဆိုင်ရာ သာမိုဒိုင်းနမစ်နိယာမကို ဖော်ထုတ်ခဲ့သည့် ဗြိတိသျှ သင်္ချာရူပဗေဒပညာရှင်၊ အင်ဂျင်နီယာ Sir William Thomson, 1st Baron Kelvin (၂၆.၆.၁၈၂၄– ၁၇.၁၂.၁၉၀၇) ကို ဂုဏ်ပြုသည့် အနေဖြင့် ၎င်းမွေးဖွားခဲ့သည့် ဇွန်လ ၂၆ ရက်နေ့ကို နှစ်စဉ် ကမ္ဘာ့အအေးပေးပစ္စည်းနေ့အဖြစ် ၂၀၁၉ ခုနှစ်က စတင်သတ်မှတ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် အထိမ်းအမှတ်အခမ်းအနားများ၊ အသိပညာပေးအစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင်လည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဦးဆောင်၍ ၂၀၁၉ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ကို Refrigerant for Life ဆောင်ပုဒ်နှင့် အသိပညာပေးနှင့် လူထုအကျိုးပြု လှုံ့ဆော်မှုများ ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၂၀ ပြည့်နှစ်တွင် နေ့စဉ်ဘဝ မြင့်မားဖို့ အအေးပေးပစ္စည်းများကို အကျိုးရှိစွာ သုံးကြစို့ (Cold Chain for Life) ဆောင်ပုဒ်ဖြင့် အသိပညာပေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နေ့စဉ်ဘဝမြင့်မားဖို့ အအေးပေးပစ္စည်းများကို အကျိုးရှိစွာ သုံးကြစို့

သိပ္ပံပညာရှင်များနှင့် သုတေသနပညာရှင်များက ကမ္ဘာမြေနှင့် သဟဇာတဖြစ်စေမည့် ထုတ်ကုန်ပစ္စည်းများအတွက် သုတေသနပြု ဖန်တီးနေစဉ်အတွင်း ကျွန်ုပ်တို့အနေဖြင့်လည်း အိုဇုန်းလွှာထိခိုက်မှုမရှိသည့် သဟဇာတဖြစ်သော ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူခြင်းကဲ့သို့သော မိမိဆောင်ရွက်နိုင်မည့် ကိစ္စများအားလုံးကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ရေခဲသေတ္တာ၊ လေအေးပေးစက်နှင့် အခြားအအေးပေးပစ္စည်းများဖြစ်သည့် စီးပွားရေးလုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံများတွင် အသုံးပြုသည့် အအေးပေးစက်ပစ္စည်းများတွင် အိုဇုန်းလွှာပျက်စီးမှုနှင့် ကမ္ဘာ့ပူနွေးမှုမဖြစ်စေသည့် အာမခံချက်ရှိသော ဟိုက်ဒရိုဖလူရိုကာဗွန် (အရောအနှော) ဒြပ်ပစ္စည်းများ၊ ဟိုက်ဒရိုကာဗွန်၊ အမိုးနီးယားစသည့် ဒြပ်ပစ္စည်းများကို သုံးစွဲခြင်း၊ စွမ်းအင်ကုန်ကျမှု သက်သာသည့် အမှတ်အသားများ ပါရှိသော စက်ပစ္စည်းများကိုသာ ရွေးချယ်ဝယ်ယူအသုံးပြုခြင်းဖြင့် စွမ်းအင်အသုံးပြုမှု ကုန်ကျစရိတ်ကို လျှော့ကျစေမည့်အပြင် နေ့စဉ်သာယာချမ်းမြေ့စွာ နေထိုင်နိုင်ခြင်း၊ အိုဇုန်းလွှာပျက်စီးမှုကို ကာကွယ်ထိန်းချုပ်နိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော အနာဂတ်ကမ္ဘာမြေကို ကျွန်ုပ်တို့ကိုယ်တိုင် ဖန်တီးတည်ဆောက်နိုင်ရေးအတွက် ကျွန်ုပ်တို့ တစ်ဦးချင်း၊ တစ်ယောက်ချင်းမှ အစပြု၍ "နေ့စဉ်ဘဝမြင့်မားဖို့ အအေးပေးပစ္စည်းများကို အကျိုးရှိစွာသုံးကြပါစို့ "ဟု တိုက်တွန်းဖော်ပြအပ်ပါသည်။ ။

ယမန်နေ့မှအဆက်

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

စဉ်	ပျံသန်းသည့်မြို့	ပျံသန်းသည့်နေ့ရက်များ
၁၂	ကျွန်းပတ်ခရီးစဉ် ရန်ကုန်-သံတွဲ-ကျောက်ဖြူ- စစ်တွေ-ရန်ကုန်	တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေ၊

ရေကြောင်းသယ်ယူပို့ဆောင်ရေး

သင်္ဘော၊ စက်လှေများ၏ ပင်လယ်လုံခြုံမှု (Life Saving Appliance Certificate)ထုတ်ပေးမှု → (၉၂)ကြိမ်

မာန်အောင်-ရမ်းဗြဲ ဇက်ကူးတို့လမ်းပြေးဆွဲရန်အတွက် ကမ်းရိုးတန်းသွား "ဇက်-၃၀၁"ရေယာဉ်ကို စက်စမ်းသပ်မောင်းနှင်ခြင်း၊ ပင်လယ်ပြင် ဖြတ်သန်းခွင့်၊ ဝန်ထမ်းအသက်အာမခံနှင့် ရေယာဉ်အာမခံခြင်း လုပ်ငန်းများ ဆောင်ရွက်၍ Survey ပြုလုပ်ပြီး ရခိုင်ပြည်နယ်သို့ ပို့ဆောင်ရန်ဆောင်ရွက်လျက်ရှိပါသည်။

မီးရထားသယ်ယူပို့ဆောင်ရေး

ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်း သံလမ်းနှင့် တာဘောင်ပြုပြင်ခြင်းဆောင်ရွက်ပြီးဖြစ်ပါသည်။

ကုန်းလမ်းသယ်ယူပို့ဆောင်ရေး

ကုန်းလမ်းပို့ဆောင်ရေးမှ ခရီးသည်ပို့ဆောင်ရေးအနေဖြင့် ယခင်က တောင်ကုတ်-ပြည်ခရီးစဉ်ကို ပြေးဆွဲခဲ့ရာ ယခုအခါ ပြည်-တောင်ကုတ်-သံတွဲ-အမ်း-မြောက်ဦး-ကျောက်တော်-စစ်တွေ-ကျောက်ဖြူမြို့များသို့ ခရီးစဉ်များကို ထပ်မံတိုးချဲ့ပြေးဆွဲရန်အတွက် လျာထားဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်-စစ်တွေပြေးဆွဲနေသော ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းများအနေဖြင့် တိုးရတနာ၊ အောင်သစ္စာ၊ ကြံတိုင်းအောင်၊ ရဲအောင်လံယာဉ်အသင်း(၄)သင်း ပြေးဆွဲလျက်ရှိပါသည်။

တယ်လီဖုန်း၊ အင်တာနက်နှင့် ဆက်သွယ်ရေးကဏ္ဍ

မိုဘိုင်းရေဒီယိုစခန်းတိုးချဲ့တည်ဆောက်နိုင်မှု	(၃၂) ခု
Fibre Optic Cable တိုးချဲ့ဆောင်ရွက်မှု	(၄၄၈.၈၅) Km
ADSL Internet Line	(၁၉) လိုင်း
MPT Satellite	(၁၁) ခု
အော်တိုတယ်လီဖုန်းအိတ်ချိန်း	(၄)လိုင်း
ဖွင့်လှစ်ပြီး စာတိုက်စခန်း	(၈၂) ခု

ရခိုင်ပြည်နယ်ရှိ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူးရုံးနှင့် နယ်ခြားစောင့်ရဲကင်းနယ်စပ်စခန်း(၂၂)ခုတို့တွင် တပ်ဆင်အသုံးပြုမည့် VSAT, Network Video Recorder, Network CCTV Surveillance Camera, Smart TV, Power Supply Unit စသည်တို့ကို တပ်ဆင်စစ်ဆေး စမ်းသပ်မှုများ ပြုလုပ်ပြီးဖြစ်ပြီး၊ CCTV ကင်မရာများ တပ်ဆင်၍ ဂြိုဟ်တုဆက်ကြောင်း အသုံးပြုပြီး VSATs (Antenna & Modern Complete Set)၊ CCTV Surveillance Equipment နှင့် Power Supply System များတပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်နိုင်မှု

ကျေးလက်မီးလင်းရေး (NEP) စီမံကိန်းဖြင့် (၁၆)မြို့နယ်ရှိ ကျေးရွာ(၂၄၆)ရွာတွင် တစ်အိမ်သုံးဆိုလာစနစ်၊ အများသုံးဆိုလာစနစ်နှင့် လမ်းမီးတို့အတွက် တပ်ဆင်ခြင်းလုပ်ငန်း စုစုပေါင်း(၁၁၈၀၁)စုံကို တပ်ဆင်လျက်ရှိရာ ယခင်ဘဏ္ဍာရေးနှစ်အတွင်း ဆိုလာအစုံရေ(၉၃၅၄)စုံအား ပို့ဆောင်တပ်ဆင်ခြင်းလုပ်ငန်း (၆၁%) ပြီးစီးခဲ့ပြီး ယခုအစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ရန်ကျန်လုပ်ငန်း(၃၉%)ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် (၁၀၀%)ပြီးစီးပြီဖြစ်ပါသည်။

ဆိုလာမီးတပ်ဆင်ခြင်း (၉၃၅၄)စုံ

အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တင်ဒါအောင်မြင်ပြီး ငွေကျပ်(၁၃၉၇.၁၈၇) သန်းဖြင့် မြို့နယ်(၅)မြို့နယ်ရှိ ကျေးရွာအုပ်စု(၁၄)စု၊ ကျေးရွာ(၁၈)ရွာအတွက် ကျေးလက်အိမ်ရာ(၂၀၀)လုံး တည်ဆောက်လျက်ရှိရာ လုပ်ငန်းအားလုံး၏ (၈၄ %) ဆောင်ရွက်ပြီးဖြစ်ပါသည်-

မြို့နယ်	ကျေးရွာအရေအတွက်	ကျေးလက်အိမ်ရာအရေအတွက်
ဘူးသီးတောင်	၁	၂၄ လုံး
သံတွဲ	၄	၄၀ လုံး
တောင်ကုတ်	၅	၃၃ လုံး
ဗူ	၇	၈၃ လုံး
ရမ်းဗြဲ	၁	၂၀ လုံး

ကျေးလက်အိမ်ရာ (၂၀၀)လုံး (၈၄ %) ပြီးစီး

ရေရရှိရေး

စိမ့်စမ်း (၁၃)ခု

လက်တူး တွင်း(၁၃) တွင်း

အခြားရေရရှိရေး (၂၇)ခု

ရေကန် (၂၇)ကန်

ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်း(၈၀)ခု ဆောင်ရွက်ပြီးစီးမှု

မြစိမ်းရောင်ကျေးရွာစီမံကိန်း

မြစိမ်းရောင်ကျေးရွာစီမံကိန်း တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စီမံကိန်းယူနစ် (၁၁)ယူနစ်/ကျေးရွာ (၁၃)ရွာအတွက်(၁)ယူနစ်လျှင် ငွေကျပ်သန်း(၃၀)နှုန်းဖြင့် ကျေးရွာသူ/သားများအား ရန်ပုံငွေ ကျပ်သန်း (၃၃၀) ထုတ်ချေးခဲ့ပါသည်။

(၁)ယူနစ်ကျပ်သန်း(၃၀)နှုန်း ကျေးရွာသူ/သားများအား ကျပ်သန်း(၃၃၀)ထုတ်ချေး

စက်ပစ္စည်းများ အစားထိုးသုံးစွဲခြင်း

စက်ယန္တရားများဖြင့် ဆောင်ရွက်ပေးခဲ့သည့် ထွန်ယက်၊ ရိတ်သိမ်းမှုများမှာ -

- ထွန်ယက်ခြင်း - (၂၈၄၅) ဧကလျာ
- ရိတ်သိမ်း - (၃၄၂၈) ဧကလျာ ခြွေလှေ့ခြင်း

တောင်သူများသို့လက်တွန်းထွန်စက်(၈၄)စီးလက်ငင်း/အရစ်ကျ ငွေချေစနစ်ဖြင့် ငွေကျပ်(၆၂.၉၄၀)သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။

လျှပ်စစ်ကဏ္ဍ

ရခိုင်ပြည်နယ်ရှိမြို့ပေါင်း(၂၆)မြို့အနက်(၂၂)မြို့တွင် အိမ်ထောင်စု (၁၃၅၄၇၆)စုကို ဓာတ်အားစနစ်မှ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အိမ်ထောင်စု(၁၈၃၂၄၈)မှာ အခြားနည်းလမ်းဖြင့် လျှပ်စစ်မီးရရှိပြီးဖြစ်၍ ယခုအစီရင်ခံသည့်ကာလအတွင်း မီးလင်းပြီးအိမ်ထောင်စု စုစုပေါင်း (၃၁၈၇၂၄)စုရှိပြီး (၇၂.၂၆ %) လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

စဉ်	လုပ်ငန်းအမည်	ဆောင်ရွက်ပြီးစီးမှု
၁	ရခိုင်ပြည်နယ်အတွင်းရှိမောင်တော၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ စစ်တွေမြို့များရှိ မြို့ပေါ်နေရာများနှင့် တောင်ကုတ်၊ မင်းပြား၊ ကမ်းထောင့်ကြီး၊ သံတွဲမြို့များရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် • ၁၁ ကေဗွီ ဓာတ်အားလိုင်း (၂.၅၆၈)မိုင် • ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ (၂၆)လုံး • ၄၀၀ ဗို့ ဓာတ်အားလိုင်း (၁.၇၅) မိုင်	တည်ဆောက်ပြီးစီး (၃.၁.၂၀၂၀)ရက်နေ့မှစ၍ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီးဖြစ်
၂	ကြိမ်ချောင်းကျေးရွာအပါအဝင် ကျေးရွာ(၁၇)ရွာအတွက် ဓာတ်အားပေးရန် • ၆၆/၃၃ KV၊ ၁၀MVA ဓာတ်အားခွဲရုံ၊ ၆၆/၁၁ KV၊ ၅MVA ဓာတ်အားခွဲရုံနှင့် မောင်တောဓာတ်အားခွဲရုံတွင် Switch Bay Extension တည်ဆောက်ခြင်းအတွက် ခွဲရုံတပ်ဆင်ခြင်းလုပ်ငန်း • ဓာတ်အားခွဲရုံ၊ ဓာတ်အားထိန်းချုပ်အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် အခြားမြို့ပြလုပ်ငန်းများ • ၆၆ ကေဗွီလိုင်း (၂၀.၄)မိုင် တာဝါတိုင် Foundation	၈၀ % ၁၀၀% ၃၀% တာဝါတိုင်တပ်ဆင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေပြီဖြစ်
၃	အမ်းမြို့နယ်၊ ကဇုကိုင်းကျေးရွာအပါအဝင် ကျေးရွာ (၅၃)ရွာအတွက် • ၃၃/၁၁ကေဗွီ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံ • ၃၃ကေဗွီဓာတ်အားလိုင်း(၄.၅၁) တည်ဆောက်ခြင်း	၄၀%
၄	သံတွဲမြို့နယ်၊ကျောက်ကြီးကျေးရွာအပါအဝင်ကျေးရွာ(၃၈)ရွာအတွက် • ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ • ၆၆ ကေဗွီလိုင်း (၁၆.၆၇)မိုင် တည်ဆောက် ခြင်း • ၁၁ကေဗွီလိုင်း (၃၅.၅၇)မိုင်၊ ၄၀၀ဗို့လိုင်း (၂၄)မိုင်နှင့် ၁၁/၀.၄ကေဗွီ ထရန်စဖော်မာ (၄၃)လုံး တည်ဆောက်ခြင်းလုပ်ငန်း	၄၀ % ၅၀ % Technical Specification များ စိစစ်ပြီး
၅	• ကြိမ်ချောင်းခွဲရုံမှ တောင်ပြိုဝဲသို့ ၃၃ကေဗွီ လိုင်း၁၇မိုင်၊ တောင်ပြိုဝဲတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံ တည်ဆောက်ခြင်း • မောင်တောမြို့နယ်၊ ကျီးကန်းပြင်မှ ကယ်ဆယ်ရေး စခန်းအထိ ၁၁ ကေဗွီ ဓာတ်အားလိုင်း (Iron Pole) (၃)မိုင်၊ လှဖိုးခေါင်ကယ်ဆယ်ရေးစခန်းအတွက် ၁၁/၀.၄ ကေဗွီအေ ခွဲရုံ(၂)ရုံတည်ဆောက်ခြင်း	ထရန်စဖော်မာ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံပစ္စည်းများဝယ်ယူရန် စာချုပ်ချုပ်ဆိုပြီးဖြစ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

မြို့နယ်(၁၃)မြို့နယ်၊ ကျေးရွာ(၁၈၇)ရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် ဆောင်ရွက်မှုအခြေအနေ

- လမ်း (၁၆၅)ခု
- ဘက်စုံသုံး ခန်းမ(၁)ခု
- တံတား (၇)ခု
- အခြား ဖွံ့ဖြိုးရေး (၃)ခု
- ကျန်းမာရေး(၁)ခု
- ရေပေးရေး (၅)
- ပညာရေး (၁)ခု

→ ၅ ခု (၁၀၀%) ပြီး

→ ပျမ်းမျှ(၆၈%) ပြီး

→ ကျပ် ၂၂၁၃.၅၁၄ သန်း

လူထုဗဟိုပြုစီမံကိန်း

ဗူးမြို့နယ်ရှိ ကျေးရွာအုပ်စု (၈)အုပ်စု၊ ကျေးရွာ(၁၈)ရွာ → ပထမနှစ်စီမံကိန်းစက်ဝန်းအတွက်လမ်းတံတား(၃)ခု ဆောင်ရွက်ခဲ့ပြီး၊ ဒုတိယနှစ်စီမံကိန်းစက်ဝန်းအတွက် လမ်း/တံတား(၁၄)ခု၊ စာသင်ကျောင်း(၁)ကျောင်း၊ရေပေးရေး(၁)ခု၊ စုစုပေါင်းလုပ်ငန်း (၁၆)ခု ဆောင်ရွက်ပြီးဖြစ်ပါသည်။

ပုဏ္ဏားကျွန်းမြို့နယ်ရှိကျေးရွာ အုပ်စု(၄၃)အုပ်စု၊ ကျေးရွာ(၇၀)ရွာ → လမ်း/တံတား(၆၃)ခု၊ ရေပေးရေး(၄)ခု၊ အခြားလုပ်ငန်း (၃)ခု စုစုပေါင်း (၇၀)ခု ဆောင်ရွက်ပြီး ဖြစ်ပါသည်။

အရည်အသွေးပြည့်မီသည့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များဖြန့်ဝေပေးခြင်းနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြု၍ စိုက်ပျိုးခြင်း

မျိုးစေ့ထုတ်စိုက်ခင်း

ဆောင်းမြေပဲ(၇၁)ဧကနှင့် ပဲတီစိမ်း(၆၁)ဧက၊ မတ်ပဲ(၁၂.၅)ဧက၊ နှမ်းစပါး (၂၀)ဧက

မျိုးသန့်စိုက်ပျိုးရေးဇုန်များထူထောင်ခြင်း

ဟင်းသီးဟင်းရွက်(၁၇)ဧက၊ မြေပဲ (၃၁၇)ဧက၊ ဘိုကိတ်(၂၀)ဧက၊ မတ်ပဲ (၅)ဧက၊ ဆီမုံညှင်း(၂၀၀)ဧက၊ အာလူး (၁၁၀)ဧကနှင့် ငရုတ် (၅၀)ဧက

မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များဖြန့်ဖြူးခြင်း

နေကြာ(၀.၀၁)တင်း၊ ဆီမုန်ညှင်း(၅.၄၂)တင်း၊ နှမ်း(၀.၂၈)တင်း၊ နှမ်းစပါး(၁၅)တင်းနှင့် မြေပဲ(၆)တင်း

သုတေသန စမ်းသပ်ကွက်

စပါးအပြီး သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် သင့်တော်သည့် သီးထပ်သီးနှံပုံစံရှာဖွေဖော်ထုတ်နိုင်ရန်နှင့် သီးထပ်သီးနှံများ၏ သင့်တော်သောစိုက်ချိန်ကို ရှာဖွေဖော်ထုတ်နိုင်ရန် စမ်းသပ်ခြင်း (၃)ဧက

ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများအား ကြီးကြပ်စစ်ဆေးခြင်း

မြေဩဇာအရောင်းဆိုင်စစ်ဆေးခြင်း(၄၆)ကြိမ်၊ ပိုးသတ်ဆေးအရောင်းဆိုင်စစ်ဆေးခြင်း(၄၆)ကြိမ်နှင့် မျိုးစေ့အရောင်းဆိုင်စစ်ဆေးခြင်း (၈)ကြိမ်

ဆက်လက်ဖော်ပြပါမည်

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး မှတ်တမ်းများ

မောင်သင်းပျံ့

ရှေးမြန်မာမင်းများလက်ထက်တွင် ပုဂံခေတ်အထိ ဘိန်းနှင့် ပတ်သက်သောအရာများ မရှိခဲ့ချေ။ ၁၅၁၅ ခုနှစ်၊ တောင်ငူခေတ်တွင် ပေါ်တူဂီလူမျိုးတို့ မုတ္တမမြို့သို့ရောက်ရှိပြီး ဘိန်းအရောင်းအဝယ် ပြုလုပ်ခဲ့သည်။ ၁၆၁၃ ခုနှစ် ဝန်းကျင်တွင် ဟံသာဝတီဆိပ်ကမ်း(ပဲခူး)သို့ ဒတ်ချ်အင်ဒိစ် ကုမ္ပဏီက ဘိန်းများတင်သွင်းခဲ့သည်။ ၁၇၈၂-၁၈၂၉ ခုနှစ် ဘိုးတော်ဘုရား(ဗဒုံမင်း)လက်ထက်တွင် ယစ်မျိုး (မူးယစ်) ပစ္စည်းများ အရောင်းအဝယ်မပြုလုပ်ရန် တင်းတင်းကျပ်ကျပ် တားမြစ်ခဲ့သည်။ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယကျူးကျော်စစ်ပြီးနောက် အောက်မြန်မာပြည်အား အင်္ဂလိပ်တို့သိမ်းပိုက်ခဲ့ရာမှ ဘိန်းအမြောက်အမြားကို အိန္ဒိယနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့တင်ပို့၍ ဘိန်းအရောင်းအဝယ် လုပ်ကိုင်ခဲ့ကြသည်။

မူးယစ်ရန်စွယ်

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ် ချင်းဝိသေသတိုင်းအက်ဥပဒေဖြင့် ချင်းဝိသေသတိုင်း၌ ဘိန်း၊ ဆေးခြောက်စိုက်ပျိုးထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ တင်သွင်းခြင်းတို့ကို အက်ဥပဒေပုဒ်မ ၃၆ ဖြင့် တားမြစ်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဘိန်းခန်းနှိပ်ကွပ်ရေးအက်ဥပဒေဖြင့် ဘိန်းသုံးစွဲသူများအား နှိမ်နင်းရန်ပြဋ္ဌာန်းခဲ့သည်။ ၁၉၄၆-၁၉၅၀ အထိ တရုတ်ဖြူကူမင်တန်တပ်များ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းသို့ ဝင်ရောက်ပြီး ဘိန်းစိုက်ပျိုးခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြရာ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဘိန်းစစ်ဆင်ရေးများဆောင်ရွက်ခြင်း၊ ဘိန်းခင်းများဆေးဖျန်း ဖျက်ဆီးခြင်းတို့ဖြင့် အမျိုးသားရေးရန်စွယ်တစ်ရပ်အနေဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် တရားမဝင်ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်ခြင်း အမြစ်တွယ်မှုမရှိစေရန် ပြည်သူ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ လက်တွဲညီညီ ဆောင်ရွက်ခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ ယနေ့ကာလတွင် ဘိန်းထုတ်လုပ်မှုထက်ကြီးမားသော မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတစ်ဝန်း ကြုံတွေ့နေရသောကြောင့် နိုင်ငံတော်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မဟာဗျူဟာများ ချမှတ်ရေးဆွဲဆောင်ရွက်၍ မူးယစ်ရန်စွယ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ဘိန်းခင်းများကို ဖျက်ဆီးနေစဉ်။

အဟန့်အတား

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်ကာလကြာရှည်စွာ ခံစားခဲ့ရသည်။ နိုင်ငံတော်အစိုးရအဆက်ဆက်အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ယခုအခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးကို ဘုံရန်သူအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က "မူးယစ်သတင်း ရောင်းဝယ် ဖောက်ကားမှုသတင်းများသာမက ထုတ်လုပ်သူ၊ မူးယစ်ရာဇာကြီးများအား သတင်းတိတိကျကျ တိုင်ပေးကြပါ။ မူးယစ်တိုက်ဖျက်ရေးမှာ အတားအဆီးဖြစ်နေတဲ့ တာဝန်ရှောင်လွှဲသူတွေ၊ အဂတိလိုက်စားသူတွေရှိခဲ့ရင် အရေးယူမှာဖြစ်တဲ့အတွက် အမျိုးသားရေး တာဝန်အဖြစ် အချက်အလက်များပေးပို့ကြပါ။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနဲ့ အုပ်ချုပ်ရေးဌာနအဆင့်ဆင့်အနေနဲ့ 'မူးယစ်ဆေးဝါးကိစ္စ ခြွင်းချက်လုံးဝမထားရ' ဆိုတဲ့ မူဝါဒကို အလေးထား လိုက်နာဆောင်ရွက်ပေးကြပါ" စသည်ဖြင့် လမ်းညွှန်မှာကြားခဲ့သည်။

၂၀၁၉ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်က နိုင်ငံတော်သမ္မတအိမ်တော်၌ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အား သီးခြားတွေ့ဆုံပြီး မူးယစ်ဆေးဝါးပြဿနာကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် လမ်းညွှန်ခဲ့သည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုနှင့်အညီ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၂၀ ပြည့်နှစ်၏ ပထမ ၅ လ အတွင်း မူးယစ်ဆေးဝါးများကို ယခင်နှစ်များထက် ပိုမိုဖမ်းဆီးရရှိခဲ့သည်။

မူဝါဒနှင့် ဥပဒေပြင်ဆင်ရေးဆွဲ

၂၀၁၆ ခုနှစ် ဧပြီလတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂ အထူးအစည်းအဝေး (2016 UNGASS)ကို ကျင်းပခဲ့ပြီး ဘက်ပေါင်းစုံ ချဉ်းကပ်မှုများပါဝင်သော မူးယစ်ဆေးဝါး မူဝါဒများရေးဆွဲနိုင်ရေး လုပ်ငန်းအကြံပြုချက်များကို ချမှတ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂလုပ်ငန်းအကြံပြုချက်များနှင့်အညီ ဘက်ပေါင်းစုံ ချဉ်းကပ်မှုများ ပါဝင်သော အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်တစ်ရပ်ကို အစိုးရဌာနဆိုင်ရာများ၊ လွှတ်တော်ကော်မတီအသီးသီးမှကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားမဟာဗျူဟာစီမံချက်တစ်ခုကို ရေးဆွဲခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ အတည်ပြုနိုင်ခဲ့သည်။ အလားတူမူဝါဒကို အထောက်အကူပြုမည့် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကိုလည်း ခေတ်စနစ်နှင့် လျော်ညီစွာပြင်ဆင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အဆိုပါပြင်ဆင်သည့်ဥပဒေကို အကောင်အထည်ဖော်ရန် နည်းဥပဒေကိုရေးဆွဲလျက်ရှိရာ မကြာမီ ထွက်ပေါ်လာမည်ဖြစ်သည်။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါး ကွန်ဗင်းရှင်း သုံးခုတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင်ရှိသော Vienna International Center (VIC) တွင် နှစ်စဉ်ကျင်းပသည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင်အစည်းအဝေးအား ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပခဲ့သော အဆိုပါအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ် ၄ ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်ရုံးမှ သံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦး စုစုပေါင်း ၆ ဦး တက်ရောက်ခဲ့သည်။

ကုလသမဂ္ဂမူးယစ်ဆေးဝါး ကော်မရှင်အစည်းအဝေးသည် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ချမှတ်ထားသော ဆုံးဖြတ်ချက်များအလိုက် ဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးသုံးသပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစည်းအဝေးများဖြစ်သည့် အာဆီယံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး (AMMD)၊ မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ASOD)၊ အာဆီယံလေကြောင်းကြားဖြတ်စစ်ဆေးရေး တပ်ဖွဲ့အစည်းအဝေး(AAITF)၊ အာဆီယံပင်လယ်ဆိပ်ကမ်းတားဆီးနှိမ်နင်းရေးတပ်ဖွဲ့အစည်းအဝေး (ASITF)နှင့် အာဆီယံ မူးယစ်ဆေးဝါး စောင့်ကြည့်စစ်ဆေးရေးကွန်ရက်အစည်းအဝေး (ADMN)တို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အာဆီယံအဖွဲ့မှ ချမှတ်ထားသည့် ဘေးကင်းလုံခြုံသော လူမှုအဖွဲ့ဖြစ်စေရေး မူးယစ်ဆေးဝါးဆန့်ကျင်ရေး အာဆီယံ လုပ်ငန်းစီမံချက်၂၀၁၆-၂၀၂၅ (ASEAN Work Plan 2016-2025)၊ ရွှေတြိဂံဒေသတွင်း တရားမဝင်မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများအား တိုက်ဖျက်ရေး အာဆီယံပူးပေါင်းဆောင်ရွက်ရေးစီမံချက် (၂၀၁၇-၂၀၁၉) (ASEAN Cooperation Plan 2017-2019) နှင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျင်းပခဲ့သည့် ဘင်းမ်စတက်ဒေသအတွင်း အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ ပထမအကြိမ်အစည်းအဝေးမှ လုပ်ငန်းခွဲအုပ်စုများဖွဲ့စည်း၍ အဖွဲ့ဝင်နိုင်ငံများက တာဝန်ယူဆောင်ရွက်ရန် သတ်မှတ်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုတိုက်ဖျက်ရေး လုပ်ငန်းခွဲအုပ်စုကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။



နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် Fifth Meeting of the BIMSTEC Sub-Group on Prevention of Illicit Trafficking in Narcotics Drug, Psychotropic Substances and Precursor Chemicals အစည်းအဝေး၏အစီရင်ခံစာ အရ Sub-Group ၏ ဦးဆောင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ကိုယ်စား BIMSTEC Annual Drug Report အား ထုတ်ဝေဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပူးပေါင်း ထိန်းချုပ်ရေးအတွက် အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ရုရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့နှင့် သဘောတူညီမှု လက်မှတ်ရေးထိုးထားရာ စုစုပေါင်း MoU/ LoA ၂၄ ခု လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံနှင့် ရေးထိုးထားသော နားလည်မှုစာချွန်လွှာအား ပြင်ဆင်လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၊ ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ (AFP)၊ အမေရိကန်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ တရုတ်နိုင်ငံ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) တို့နှင့် နည်းပညာ၊ ပစ္စည်းကိရိယာ အကူအညီများရယူခြင်း၊ မူးယစ် ဆေးဝါးဆိုင်ရာ သတင်းဖလှယ်ခြင်းတို့ဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၆ နိုင်ငံ ပူးပေါင်းစစ်ဆင်ရေး

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ် စသည့် ၆ နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှု စာချွန်လွှာဝန်ကြီးအဆင့် အစည်းအဝေးကို ကျင်းပခဲ့ပြီး ရွှေတြိဂံဒေသအတွင်းသို့မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသော ပရီကာဆာ ဓာတုပစ္စည်းများဝင်ရောက်မှုမရှိစေရေးနှင့် ရွှေတြိဂံဒေသမှ မူးယစ်ဆေးဝါးများ အခြားဒေသများသို့ ပျံ့နှံ့မှုမရှိစေရေးအတွက် မဲခေါင် MoU ၆ နိုင်ငံ ပူးပေါင်းမှုဖြင့် အထူးစစ်ဆင်ရေးတစ်ရပ်ကို ဆောင်ရွက်ရန် သဘောတူညီမှုရယူခဲ့ကြသည်။ ထိုအထူးစစ်ဆင်ရေးအား "Operation 1511"ဟု အမည်သတ်မှတ်၍ မြန်မာနိုင်ငံ၌ ရှမ်းပြည်နယ်အတွင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ပြည်သူတို့လက်တွဲ၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်မှ ဆောင်ရွက်ခဲ့သော စစ်ဆင်ရေးများ

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့တွင် အခက်အခဲတစ်ခုအဖြစ် ရင်ဆိုင် နေရသော မူးယစ်ဆေးဝါးအန္တရာယ်ကိုတားဆီးနှိမ်နင်းရာတွင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းလက်တွဲ၍ တွန်းလှန်ခဲ့ကြသည်။

စာမျက်နှာ ၉ သို့

"မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်ကာလကြာရှည်စွာ ခံစားခဲ့ရ။ နိုင်ငံတော်အစိုးရအဆက်ဆက်အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ယခုအခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးကို ဘုံရန်သူအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိ"

စာမျက်နှာ ၈ မှ

၁၉၄၈ ခုနှစ်မှစ၍ ဗမာပြည်ကွန်မြူနစ်ပါတီတောခိုခဲ့ပြီး သောင်းကျန်းသူအဖွဲ့မျိုးစုံသည် ဘိန်းစိုက်ပျိုးရာ နယ်စပ်ဒေသများတွင် အခြေပြုလှုပ်ရှားခဲ့ကြသည်။ ၁၉၈၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ရောက်ရှိရေးအတွက် ကမ်းလှမ်းဖိတ်ခေါ်ခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်းများပြုလုပ်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ချိသည့် အဖွဲ့အစည်းများသည် နယ်စပ်ဒေသများနှင့် တရားဥပဒေစိုးမိုးရေး လက်လှမ်းမမီသော နေရာဒေသတို့တွင် အခြေပြုလုပ်ဆောင်ကြသောကြောင့် နယ်မြေမတည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုကို ခြိမ်းခြောက်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ယနေ့တိုင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် နယ်စပ်တစ်လျှောက် ဘိန်းစိုက်ပျိုး/ ထုတ်လုပ်မှုကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူတို့ပူးပေါင်းလက်တွဲမှုဖြင့် ၁၉၇၅ ခုနှစ် စက်တင်ဘာလမှ ၁၉၈၈ ခုနှစ် ဧပြီလအထိ မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်း စစ်ဆင်ရေး၊ တောင်ထိပ်ပန်းစစ်ဆင်ရေးနှင့် အောင်မိုးဟိန်းစစ်ဆင်ရေးတို့ဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့သည်။ ယခုအခါ ဘိန်းနှင့်အတူ မူးယစ်ဆေးဝါးအန္တရာယ်မှာ ပိုမိုခြိမ်းခြောက်လာသောကြောင့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးနှိမ်နင်းလျက်ရှိရာ ဘိန်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရာလမ်းကြောင်းများကို ထိန်းချုပ်ခြင်းတို့ဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးကို ဆောင်ရွက်လျက်ရှိသည်။

၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့အထိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများဖြစ်သော ကချင်ပြည်နယ်တွင် ဧရာဦးစစ်ဆင်ရေး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် သီတာစစ်ဆင်ရေး၊ ချင်းတွင်း(၁)၊ (၂) စစ်ဆင်ရေး၊ ချင်းတွင်းရောစစ်ဆင်ရေး၊ ရှမ်းပြည်နယ်တွင် ဆောင်ရွက်သော "Operation 1511" စစ်ဆင်ရေး၊ ရှမ်းရိုးမစစ်ဆင်ရေး၊ ရှမ်း (အရှေ့)တွင် မဲခေါင်စစ်ဆင်ရေး(၁)၊ (၂)၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ (Joint Action Plan) ၃ လ ပူးပေါင်းစစ်ဆင်ရေး၊ ရှမ်း(တောင်)တွင် သံလွင်စစ်ဆင်ရေး၊ ရှမ်း(မြောက်)တွင် ရွှေလီ(၁)၊ (၂) စစ်ဆင်ရေး၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတွင်ဆောင်ရွက်သော မန်းကမ္ဘောဇစစ်ဆင်ရေး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဆောင်ရွက်သော ရှမ်းရိုးမ(၂)စစ်ဆင်ရေး၊ မန္တလေးတိုင်းဒေသကြီးတွင် ရတနာပုံ စစ်ဆင်ရေး(၁)၊ (၂)၊ (၃)၊ မွန်ပြည်နယ်တွင် ရာမညစစ်ဆင်ရေး၊ ကရင်ပြည်နယ်တွင် ဇွဲကပင်စစ်ဆင်ရေး၊ ရခိုင်ပြည်နယ်တွင် ဧညဝတီစစ်ဆင်ရေး၊ မေယု(၁)၊ (၂)နှင့် ကစ္ဆပနဒီစစ်ဆင်ရေး၊ နေပြည်တော်တွင် ပေါင်းလောင်း(၁)၊ (၂) စစ်ဆင်ရေး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဒဂုံစစ်ဆင်ရေး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ပုလဲမင်းစစ်ဆင်ရေးတို့ဖြင့် စစ်ဆင်ရေးများကို ဖော်ဆောင်ခဲ့သည်။ ထိုစစ်ဆင်ရေးများတွင် MoU ၆ နိုင်ငံ တစ်ပြိုင်တည်း၊ တစ်ချိန်တည်း ဆောင်ရွက်သော "Operation 1511" စစ်ဆင်ရေးသည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့ အနေဖြင့် အချိန်တိုအတွင်း စံချိန်တင်ဖမ်းဆီးနိုင်ခဲ့သော စစ်ဆင်ရေးတစ်ခုအဖြစ် ဂုဏ်ယူစွာ တွေ့မြင်ရမည်ဖြစ်သည်။

သမိုင်းတွင်ကျန်ရစ်မည့် "Operation 1511"စစ်ဆင်ရေး

မဲခေါင် MoU အဖွဲ့ဝင်နိုင်ငံများအကြား တစ်ချိန်တည်း၊ တစ်ပြိုင်တည်းဆောင်ရွက်သော "Operation 1511" စစ်ဆင်ရေးအမည်ပေါ်လာခြင်းသည် မြန်မာနိုင်ငံအပါအဝင် MoU ၆ နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့်အစည်းအဝေး သဘောတူညီမှုရရှိသော ၁၅-၁၁-၂၀၁၉ ရက်နေ့ကို အစွဲ ပြု၍ "Operation 1511" စစ်ဆင်ရေး အမည်ခေါ်တွင်ခဲ့ခြင်း ဖြစ်သည်။

ထိုစစ်ဆင်ရေးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး စစ်ဆင်ရေးအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်၊ ကောင်းခါးကျေးရွာအုပ်စု၊ လွယ်ခန်ကျေးရွာနှင့် အနီးတစ်ဝိုက်တွင် တပ်မတော် စစ်ကြောင်းများ၏ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ မေလ ၁ ရက်နေ့အထိ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



စစ်ဆင်ရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော ရန်ကုန်အခြေစိုက် အမေရိကန်ပြည်ထောင်စု၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)နှင့် ဩစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့ (AFP)တို့နှင့် အပြန်အလှန် သတင်းချိတ်ဆက် ပူးပေါင်းဆောင်ရွက်မှုဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သတင်းရရှိမှုအပေါ် မူးယစ်ဆေးဝါး များဖမ်းဆီးခြင်း၊ သယ်ဆောင်ရာလမ်းကြောင်းများ ထိန်းချုပ်ခြင်း၊ ဓာတုပစ္စည်းများ တရားမဝင် တင်သွင်းမှုနှင့် ရောင်းဝယ်မှုတို့ကို တားဆီးခြင်းတို့ဖြင့် ရှမ်းပြည်နယ်တွင် တားဆီးနှိမ်နင်းခဲ့ခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃ သန်းကျော်၊ အိုက်စ် ၅၀၁ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၁၄ ဘီလီယံကျော် သိမ်းဆည်းရမိခဲ့သည်။ မူးယစ်ဆေးဝါးအမှု ၅၅ မှု၊ လက်နက် ၂ မှုနှင့် တရားခံ ၁၃၂ ဦး ဖော်ထုတ်ရရှိ၍ ၃၄ ဦး ဖမ်းဆီးကာ ၉၈ ဦးအား တရားခံပြေးအဖြစ် အရေးယူလျက်ရှိသည်။ ထို့အတူ ရှမ်းပြည်နယ်အတွင်း ပြုလုပ်ခဲ့သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများသည် ရှမ်းပြည်နယ်မှ မူးယစ်ဆေးဝါးများ ပြည်တွင်းသို့ ဝင်ရောက်မှုမရှိစေရန် ဦးစားပေးဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါ စစ်ဆင်ရေးများတွင် "Operation 1511" စစ်ဆင်ရေးသည် အာဆီယံနိုင်ငံများ၊ MoU နိုင်ငံများနှင့် မြန်မာနိုင်ငံကို ရွှေတြိဂံဒေသနှင့်ပတ်သက်၍ ထောက်ပြစွပ်စွဲနေသော နိုင်ငံတို့အတွက် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုကို ကမ္ဘာ့အလယ်တွင် ထုတ်ဖော်ပြသနိုင်ခဲ့ပြီဖြစ်သည်။

အဓိကအတားအဆီး

တစ်မျိုးသားလုံး၏ ဘုံရန်သူဖြစ်သော ဘိန်းနှင့် မူးယစ်ဆေးဝါးကို မြန်မာ့မြေပေါ်မှာသာမက ကမ္ဘာပေါ်တွင် ပပျောက်သွားရန် နိုင်ငံအသီးသီးလက်တွဲဆောင်ရွက်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးစေမည်ဖြစ်သည်။ ပထမဆုံးအကြိမ်ဆောင်ရွက်ခဲ့သော "Operation 1511" စစ်ဆင်ရေးသည် စိန်ခေါ်မှုများစွာ၊ အခက်အခဲပေါင်းများစွာဖြင့် ဆောင်ရွက်ခဲ့ရသော စစ်ဆင်ရေးတစ်ရပ်လည်းဖြစ်သည်။ အခြားနိုင်ငံများနှင့် မတူညီသည့် မြန်မာနိုင်ငံ၏အခြေအနေပေါ်တွင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းဆောင်ရည်ကို ထုတ်ဖော်ပြသခွင့်ရခဲ့၍ ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများ အသိအမှတ်ပြုမှုကို ရရှိမည်မှာအမှန်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ချိသည့် လက်နက်ကိုင်အဖွဲ့အချို့နှင့် ဆက်နွှယ်မှုကြောင့် ယနေ့နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအတားအဆီးကြီးတစ်ခုဖြစ်လျက်ရှိသည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု

မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် မြန်မာနိုင်ငံတွင် တရားမဝင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုစစ်တမ်းနှင့် ဘိန်းစိုက်ဒေသရှိ ပြည်သူတို့၏ လူမှုစီးပွားစစ်တမ်းကောက်ယူမှုအစီအစဉ်ကို UNODC နှင့် ပူးပေါင်း၍ ၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ တရားမဝင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၀၆ ခုနှစ်တွင် အနိမ့်ဆုံးသို့ရောက်ရှိခဲ့ပြီး ၂၀၀၇ ခုနှစ်မှစတင်၍ ၂၀၁၃ ခုနှစ်အထိ ပြန်လည်မြင့်တက်ခဲ့သည်။

၂၀၁၄ ခုနှစ်မှ ယနေ့အချိန်ထိ ဘိန်းစိုက်ပျိုးမှု ပြန်လည်ကျဆင်းသွားခြင်းသည် နိုင်ငံတော်အစိုးရ၊ UNODC၊ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် တစ်ဖက်မှာလည်း ဓာတုပစ္စည်းများကို အသုံးပြု၍ထုတ်လုပ်သည့် လူလုပ်မူးယစ်ဆေးဝါးများ သုံးစွဲမှု များပြားလာလျက်ရှိသည်။ ယခင်ကမြန်မာနိုင်ငံတွင် တရားမဝင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ကမ္ဘာပေါ်၌ ဒုတိယအဆင့်ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် တတိယအဆင့်သို့ ကျဆင်းသွားကြောင်း UNODC ၏ ၂၀၁၉ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာအရ တွေ့ရှိမည်ဖြစ်သည်။ ဘိန်းကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုးလျက်ရှိရာ ရှမ်းပြည်နယ်သည် တရားမဝင် ဘိန်းစိုက်ပျိုးမှု အများဆုံးဒေသဖြစ်သည့်အပြင် မူးယစ်ဆေးဝါးအများဆုံးထွက်ရှိရာ ဒေသဖြစ်လာသောကြောင့် နိုင်ငံတော်မှ တစ်မျိုးသားလုံးရန်စွယ်အနေဖြင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ခြင်းဖြစ်သည်။

နယ်စပ်ရေးရာကို မတည်ငြိမ်မှုဖြစ်ပေါ်စေ

မြန်မာနိုင်ငံတွင် အဆက်ဆက်ကြုံတွေ့ခဲ့ရသော အခက်အခဲမှာ လက်နက်ကိုင်ပဋိပက္ခနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပင်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် တိုင်းရင်းသားအားလုံး၏ နှလုံးသားဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခသည် တိုင်းရင်းသားတို့ စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းလက်တွဲအဖြေရှာရမည်ဖြစ်သည်။ ပဋိပက္ခရှည်ကြာလာခြင်းသည် မူးယစ်ဆေးဝါးအမြစ်တွယ်မှုကြောင့်ဖြစ်ပြီး ရခိုင်ပြည်နယ်တွင် လက်နက်ကိုင်၍ အဖျက်အမှောင့်လုပ်ငန်းများလုပ်ကိုင်နိုင်ရန် လက်နက်ဖြင့်လဲလှယ်ရာ၌ မူးယစ်ဆေးဝါးကို အဓိကပို့ကုန်အဖြစ် အသုံးချလျက်ရှိသည်။ ပမာအားဖြင့် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်သို့ ဖြတ်သန်းစီးဆင်းနေသော မူးယစ်ဆေးဝါးသည် နယ်စပ်ရေးရာကို မတည်ငြိမ်မှုဖြစ်ပေါ်စေလျက်ရှိသည်။

အဆိုပါဒေသရှိ အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်မှုမှရရှိသော အကျိုးအမြတ်ဖြင့် လက်နက်ခဲယမ်းများဝယ်ယူ၍ လက်နက်ကိုင်သောင်းကျန်းမှုဖြင့် နိုင်ငံရေးအသွင်ပုံဖော်လုပ်ဆောင်နေလျက်ရှိသည်။ နိုင်ငံမတည်ငြိမ်မှုကို ဖြစ်ပေါ်စေခြင်း၊ တိုင်းရင်းသားစည်းလုံးမှုပြိုကွဲစေခြင်း၊ နိုင်ငံရေးအသွင် လက်ကိုင်အသုံးပြုလာခြင်းတို့ကြောင့် မူးယစ်ဆေးဝါး၏ အကျိုးဆက်သည် မြန်မာနိုင်ငံ၏ လူမှုစီးပွားနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခြိမ်းခြောက်လျက်ရှိရာ နိုင်ငံတော်က မဟာဗျူဟာများ ရေးဆွဲချမှတ်၍ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိ

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့၏ ကြိုးပမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ ၂၀၁၈ ခုနှစ်တွင် အမှုပေါင်း ၁၃၀၃၇ မှု၊ တရားခံ ၁၈၆၈၀ ဦးအား ဘိန်းဖြူ ၁၀၉၉ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၆ သန်းကျော်၊ အိုက်စ် ၂ ဒသမ ၈ တန်ကျော်၊ ကက်တမင်း ၂ ဒသမ ၃ တန်ကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တန်ဖိုးငွေကျပ် ၄၄၂ ဘီလီယံကျော်ကို လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် အမှုပေါင်း ၁၃၀၀၀၊ တရားခံ ၁၈၄၀၇ ဦးအား ဘိန်းဖြူ ၆၉၀ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈ သန်းကျော်၊ အိုက်စ် ၉ ဒသမ ၄ တန်ကျော်၊ ကက်တမင်း ၁ တန်ကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတန်ဖိုးငွေကျပ် ၅၅၅ ဘီလီယံကျော်ကိုလည်းကောင်း ဖမ်းဆီးအရေးယူခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဇွန်လ ၁၈ ရက်နေ့အထိ တားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာ၌ အမှုပေါင်း ၇၀၀၁ မှု၊ တရားခံ ၁၀၀၂၂ ဦးအား ဘိန်းဖြူ ၇၀၆ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၁ သန်းကျော်၊ အိုက်စ် ၅ ဒသမ ၆ တန်ကျော်၊ ကက်တမင်း ၅၄၂ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၀၈ ဘီလီယံကျော် ဖမ်းဆီးအရေးယူနိုင်ခဲ့၍ ၂၀၂၀ ပြည့်နှစ်သည် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ အရှိန်အဟုန်မြှင့်ဆောင်ရွက်မှုသည် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်ခဲ့မည်ဖြစ်သည်။

မီးရှို့ဖျက်ဆီး

၂၀၁၉ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်ခဲ့သည့် (၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့၌ မြန်မာကျပ်ငွေ ၄၅၁ ဒသမ ၇၄၆ ဘီလီယံကျော်တန်ဖိုးရှိ (အမေရိကန် ဒေါ်လာ ၃၀၁ ဒသမ ၁၆၄ သန်းကျော်) မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများကို မီးရှို့မြေမြှုပ်ဖျက်ဆီးခဲ့သည်။ အလားတူ ၂၀၂၀ ပြည့်နှစ် (၃၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင်လည်း မြန်မာကျပ်ငွေ ၁၂၁၇ ဒသမ ၇၁၁၈ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၈၃၉ ဒသမ ၈၀၁၂ သန်း) တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ လားရှိုးနှင့် ကွတ်ခိုင်မြို့တို့၌ ပြုလုပ်သည့် မီးရှို့မြေမြှုပ်ဖျက်ဆီးပွဲတွင် ပြည်သူတို့ မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်သည်။

တိုင်းရင်းသား ညီအစ်ကိုများ စည်းလုံးညီညွတ်စွာ

မူးယစ်ဆေးဝါးရှိလျှင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ရှိနေမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပြည်သူနှင့်အတူ ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်း၍ အစဉ်လက်တွဲ ဆောင်ရွက်လျက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ နယ်စပ်ရေးရာနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်နေသော မူးယစ်ဆေးဝါးအန္တရာယ်အား အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ကာ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် အသင့်ရှိနေမည်ဖြစ်သည်။ နိုင်ငံတော်၏ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်စွာဖြင့် မူးယစ်ဆေးဝါးကင်းစင်ပျောက်ကွယ်သည်အထိ သမိုင်းပေးတာဝန်တစ်ရပ်အနေဖြင့် မူးယစ်ရန်စွယ်ကို တွန်းလှန်သွားကြရမည်သာ ဖြစ်သည်။

အသီးအပွင့်များအဖြစ် အကျိုးခံစားရရှိ

ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးတွင် အစွမ်းကုန် ကြိုးပမ်းလာခဲ့ခြင်းကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ဘိန်းဖြူထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများ လျော့နည်းကျဆင်းသွားသော်လည်း မူးယစ်ဆေးဝါးသုံးစွဲမှုပုံသဏ္ဌာန်များပြောင်းလဲလာခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ ထုတ်လုပ်ရာတွင် နည်းပညာများ မြင့်မားလာခြင်း၊ ပြောင်းလဲလာခြင်းတို့ကြောင့် မူးယစ်ဆေးဝါးပြဿနာသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လျော့ကျသွားခြင်းမရှိဘဲ ဆိုးရွားနေဆဲဖြစ်သည်။

စာမျက်နှာ ၁၀ သို့

မန္တလေး-နောင်ချို-လားရှိုး-မူဆယ်ကားလမ်းပေါ်ရှိ ဂုတ်တွင်းတံတားသစ် မကြာမီဖွင့်လှစ်နိုင်တော့မည်

နေပြည်တော် ဇွန် ၂၅

နယ်စပ်ကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသည့် မန္တလေး-နောင်ချို-လားရှိုး-မူဆယ် ကားလမ်းပေါ်ရှိ နှစ်လမ်းသွား ဂုတ်တွင်းတံတားသစ်တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးဝင်းမင်းထွဋ်က ပြောသည်။

"ယခင်တံတားဟောင်းကို မိုင်းခွဲဖျက်ဆီးခံခဲ့ရတဲ့အတွက် ဒီတံတားအသစ်ကို တည်ဆောက်တာ ဖြစ်ပါတယ်။ ဖျက်ဆီးခံလိုက်ရတဲ့တံတားကို ၂၀၀၇ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့တာပါ။ အဲဒီတံတားကို ၂၀၁၉ ခုနှစ် ဩဂုတ် ၁၅ ရက်မှာ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုက မိုင်းခွဲဖျက်ဆီးလိုက်တာပါ။ ဖျက်ဆီးခံရပြီး ခြောက်ရက်အတွင်းမှာပဲ ကားတွေဖြတ်သန်းသွားလာလို့ရအောင် ဘေလီတံတားတစ်စင်းကို ယာယီအနေနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီတံတားက ဘေလီတံတားဖြစ်တဲ့အတွက် ယာဉ်တစ်စီးချင်းပဲ ဖြတ်သန်းသွားလို့ရတယ်။ ဒါကြောင့် မန္တလေးဘက်ကလာတဲ့ကားတွေ ဖြတ်သန်းချိန်မှာ မူဆယ်ဘက်ကလာတဲ့ကားတွေက ရပ်စောင့်ရတဲ့အတွက် ခရီးသွားလာမှုနဲ့ ကုန်စည်ကူးသန်းမှုတွေမှာ ကြန့်ကြာမှုတွေ ရှိပါတယ်။

စက်ဘီးသွားလမ်း ထည့်သွင်းပေးထား

"ဒါကြောင့် ၂၀၁၉ ဒီဇင်ဘာလကစပြီး ဖျက်ဆီးခံလိုက်ရတဲ့ တံတားနဲ့ ဘေးချင်းကပ်မှာပဲ တံတားအသစ်ကို စတင်တည်ဆောက်ပါတယ်။ တံတားအကျယ်က ပေ ၃၀ ရှိပြီး ဘေးမှာ စက်ဘီးသွားလို့ရတဲ့လမ်းလည်း ထည့်သွင်းပေးထားပါတယ်။ လာမယ့် ဇူလိုင်လကုန်လောက်မှာ တည်ဆောက်ပြီးတော့မှာ ဖြစ်ပါတယ်" ဟု ဦးဝင်းမင်းထွဋ်က ပြောသည်။

ယခု တည်ဆောက်ပြီးစီးတော့မည်ဖြစ်သည့် ဂုတ်တွင်းတံတားသစ်သည် အရှည် ပေ ၂၁၀၊ ယာဉ်သွားလမ်းအကျယ် ပေ ၃၀၊ တံတားအမျိုးအစားမှာ အပေါ်ထည် Steel Plate Girder ၊ သံကူကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး တံတားအောက်ထည်မှာ သံကူကွန်ကရစ်တိုင် ကိုယ်ထည်ဖြစ်ကာ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်းနှင့် ငွေကျပ် ၈၇၄ သန်း အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

သတ်မှတ်ကာလအတွင်းပြီးစီးမည်

"အခု ဂုတ်တွင်းတံတားအသစ်ကို တည်ဆောက်နေတာ ခြောက်လလောက်ရှိပါပြီ။ ဒီ ကာလအတွင်း ကိုဗစ်-၁၉ ဖြစ်လာတဲ့အတွက် ဝန်ထမ်းအသစ်တွေနဲ့ တံတားကို တည်ဆောက်ရာမှာ ပံ့ပိုးပေးမှုအပိုင်းအနေနဲ့ ကန့်သတ်ကာလကြောင့် အရှိန်လျော့ခဲ့ပါတယ်။ ဒီလိုလျော့ခဲ့တဲ့အချိန်တွေကို Cover ဖြစ်ဖို့အတွက် လူအင်အားအပြည့်နဲ့ နေ့ရောညပါ အားသွန်ခွန်စိုက်တည်ဆောက်နေတဲ့အတွက် သတ်မှတ်ကာလအတွင်းမှာ ပြီးစီးမှာပါ။ အခုတံတားအသစ်ပြီးသွားရင်တော့ ဒီယာယီလုပ်ပေးထားတဲ့ ဘေလီတံတားကို ဖြုတ်သိမ်းသွားမှာ ဖြစ်ပါတယ်။ ယာယီဘေလီတံတားဟာ အရေးပေါ်အသုံးပြုတဲ့အတွက် တခြားနေရာတွေမှာ အရေးပေါ်လိုအပ်လာရင် ပြောင်းပြီး သုံးစွဲနေရမှာ ဖြစ်ပါတယ်" ဟု ဦးဝင်းမင်းထွဋ်က ဆက်လက်ပြောကြားသည်။

ဂုတ်တွင်းတံတားသစ် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

အရေးပါသည့် တံတား

ဂုတ်တွင်းတံတားသည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် မန္တလေး-နောင်ချို-လားရှိုး-မူဆယ်ကားလမ်း မိုင်တိုင်အမှတ် (၈၄)တွင်တည်ရှိပြီး အဆိုပါတံတားသည် မြန်မာ-တရုတ် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုအတွက် အဓိကနယ်စပ်ကုန်သွယ်လမ်းမကြီးပေါ်ရှိ အဓိကအရေးပါသည့် တံတားတစ်စင်းဖြစ်ကာ နေ့စဉ် မော်တော်ယာဉ်အကြီး၊ အသေး အစီးရေ ၇၀၀၀ မှ ၁၀၀၀၀ ကြား ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

မကြာမီပြီးစီးမည်

"ကျွန်တော်တို့ လက်ရှိအခြေအနေမှာ အရင်တံတား မိုင်းခွဲခံခဲ့ရပြီးနောက်ပိုင်း ယာယီဘေလီတံတားက ယာဉ်တစ်စီးချင်းပဲသွားလို့ရတဲ့အတွက် အဆင်းနဲ့အတက်သွားနေရတာပါ။ ကျွန်တော်တို့က တချို့အပိုင်းတွေမှာ ကုန်စည်တွေကို အချိန်နဲ့တစ်ပြေးညီ အပြန်အလှန်ပို့ဆောင်

အင်ဂျင်နီယာချုပ် ဦးဝင်းမင်းထွဋ်

နေရတဲ့အတွက် အချိန်နှောင့်နှေးကြန့်ကြာမှုတွေရှိတယ်။ လက်ရှိမှာတော့ တံတားအသစ် ထပ်မံတည်ဆောက်နေတာကို တွေ့ရပါတယ်။ မကြာခင်လည်း ပြီးတော့မယ်လို့ထင်ပါတယ်။ တံတားကြီးပြီးသွားပြီဆိုရင်တော့ ကားနှစ်စီးယှဉ်ပြီး မောင်းလို့ရတဲ့အတွက် အချိန်ကုန်အများကြီး သက်သာသွားမှာပါ။ ဒါကြောင့် ကျွန်တော်တို့လို ကုန်ကားမောင်းသူတွေအနေနဲ့ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်"ဟု မန္တလေး-မူဆယ်ကုန်ကားမောင်းသည့် ကိုဝင်းဗိုလ်က ပြောသည်။

အထောက်အကူပြု

"ဂုတ်တွင်း အဆင်း အတက်လမ်းတွေကို မဆင်းမတက်ရဘဲ သွားနိုင်မယ့် ဂုတ်ထိပ်တံတားကြီးတစ်ခုကိုလည်း နိုင်ငံတော်အနေနဲ့ တည်ဆောက်ဖို့ရှိပါတယ်။ အဲဒီ တံတားကြီးတည်ဆောက်လို့ ပြီးသွားရင်တော့ အခု ဂုတ်တွင်းတံတားနဲ့ ဂုတ်တွင်းအတက်အဆင်းလမ်းတွေက ဒေသတွင်း ခရီးသွားလာမှုတွေရှိတဲ့အခါ အရင်က ဒီလမ်းဟောင်းကို ဘယ်လိုတွေ အသုံးပြုခဲ့ကြတယ်ဆိုတာ လေ့လာစရာအဖြစ် ရှိနေမှာ ဖြစ်ပါတယ်။ ဒေသတွင်း ခရီးသွားလာမှုအတွက် ဒီလမ်းကြီးနဲ့ ဒီတံတားဟာ အထောက်အကူပြုနေမယ်လို့ ထင်ပါတယ်။

အချိန်ကုန်သက်သာ

"ဂုတ်ထိပ်တံတားတည်ဆောက်မယ်ဆိုရင် ခန့်မှန်းခြေ မီတာ ၈၀၀ နဲ့ ၉၀၀ အကြား အရှည်ရှိမှာဖြစ်ပါမယ်။ ဂုတ်တွင်း ချိုင့်လမ်းကို မဆင်းတော့ဘဲ တောင်ပေါ်ကနေ ဖြတ်သွားမှာဖြစ်တဲ့အတွက် ခရီးသွားလာချိန်တိုတောင်းမယ်၊ ကားတွေအနေနဲ့လည်း ကုန်ချိန်များစွာ တင်ဆောင်ပြီး ဂုတ်တွင်းချိုင့်လမ်းကို အဆင်းအတက် မောင်းရတဲ့ အခက်အခဲကို ကျော်လွှားပြီး အချိန်ကုန်သက်သာသွားမှာဖြစ်တယ်။ ဒီတံတားတည်ဆောက်ဖို့အတွက် ခွင့်ပြုချက်တောင်းခံတာတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ်" ဟု ဦးဝင်းမင်းထွဋ်က ဂုတ်ထိပ်တံတား တည်ဆောက်မည့် အစီအစဉ်နှင့် စပ်လျဉ်း၍ သတင်းစကားပြောကြားသည်။

စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်

"တံတားဦးစီးဌာန အနေနဲ့ နိုင်ငံတော်အတွင်းမှာရှိတဲ့ ဘယ်ဒေသမှာမဆို တံတားတွေကို တည်ဆောက်ပေးလျက်ရှိပါတယ်။ တံတားဦးစီးဌာနနည်းတူ ဆောက်လုပ်ရေးဦးစီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနကလည်း ကျေးရွာချင်းဆက်လမ်းတွေမှာ တံတားတွေကို တံတားဦးစီးဌာနက ထုတ်ထားတဲ့ ဒီဇိုင်း၊ စံချိန်စံညွှန်းတွေနဲ့အညီ တည်ဆောက်ပေးလျက်ရှိပါတယ်။ အခုအခါ ပုဂ္ဂလိကကဏ္ဍကိုမြှင့်တင်တဲ့ အနေနဲ့ တံတားအငယ်တွေကို ပုဂ္ဂလိကတွေအနေနဲ့ တည်ဆောက်ဖို့အတွက် လမ်းဖွင့်ပေးထားတာတွေ၊ ကူညီပေးနေတာတွေ ရှိတဲ့အတွက် ပုဂ္ဂလိက ကုမ္ပဏီတွေအနေနဲ့ တံတားပညာကို မှီငြမ်းလိုတယ်၊ အကူညီလိုတယ်ဆိုရင် တံတားဦးစီးဌာနကို လာရောက်အကူအညီတောင်းနိုင်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

သတင်း-မျိုးမင်းနိုင်
ဓာတ်ပုံ-မျိုးမြင့်

❑ *ကျောဖုံးမှ*

ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ ပါဝင်သည့်စားနပ်ရိက္ခာထုပ်များ၊ ကြက်ဥများ၊ Vitermin C အချိုရည်ဘူးများနှင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီတို့ကို ထောက်ပံ့လှူဒါန်းသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ကော်မတီနာယကနှင့်အဖွဲ့သည် ရွှေညောင်မြို့ အောင်သပြေရပ်ကွက်ရှိ စိတ္တာသုခမိဘမဲ့ပရဟိတ ကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၈၈ ဦးတို့ကို စားနပ်ရိက္ခာထုပ်များနှင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့ပြင် ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက အဆိုပါပရဟိတကျောင်းရန်ပုံငွေအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် အေးသာယာမြို့သာသနာ့တံခွန် မိဘမဲ့ပရဟိတကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၄ ဦးတို့အား စားနပ်ရိက္ခာထုပ်များနှင့် တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ စီတို့ကို ထောက်ပံ့လှူဒါန်းပြီး ကမ္ဘောဇဘဏ်နာယကက အလှူငွေကျပ်သိန်း ၅၀ ၊ မိဘမေတ္တာ မိဘမဲ့ပရဟိတကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၈၆ ဦးအတွက် စားနပ်ရိက္ခာထုပ်များနှင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီ၊ ကမ္ဘောဇ ဘဏ်နာယကက ကျောင်းအတွက် အလှူငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တောင်ကြီးမြို့၊ အရိယဝံသမြို့ဦးကျောင်းတိုက်သို့ သွားရောက် ၍ ဆရာတော်၊ သံဃာတော်နှင့် ပထမတောင်ကျောင်းကြီးကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

စိုးညွန့်ရွှေ(ပြည်နယ် ပြန်/ဆက်)

◆ *ကျောဖုံးမှ*

နှစ်ဦးနှင့် ရှမ်းပြည်နယ်မှ ၇၇ ဦးတို့ ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ဇွန် ၂၅ ရက်အထိ အမျိုးသား ၆၆၉၉ ဦးနှင့် အမျိုးသမီး ၅၃၃၂ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၂၀၃၁ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ဇင်ဇင်(ပြန်/ဆက်)**

စာမျက်နှာ ၉ မှ

မြန်မာနိုင်ငံအနေဖြင့် စိတ်ပြောင်းဆေးဝါးအသစ်များနှင့် လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများ နှစ်စဉ်များပြားလာခြင်းကြောင့် တစ်မျိုးသားလုံးသာမက ကမ္ဘာလုံးဆိုင်ရာ အန္တရာယ်ဖြစ်စေမည့် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်နိုင်ရန် အမျိုးသားအဆင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်များရေးဆွဲလျက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို တွေ့မြင်ရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အောင်မြင်လာသည်နှင့်အမျှ နိုင်ငံတော်အေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အောင်မြင်မှုတို့၏ အသီးအပွင့်များကို ပြည်သူအပေါင်း ခံစားရရှိမည် ဖြစ်သည်။

မူးယစ်ဆေးဝါးပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင် စိန်ခေါ်မှုများစွာဖြင့် ကြုံတွေ့နေရသော်လည်း မြန်မာနိုင်ငံအနေဖြင့် လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် တုံ့ပြန်ဆောင်ရွက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။ ရေရှည်တည်တံ့သော အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတို့၏ လက်တွဲ ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီးသည်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှု၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အနီးကပ်ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်မတော်နှင့် အခြားသော တားဆီးနှိမ်နင်းရေး မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုတို့ကြောင့် ယခင်နှစ်များနှင့်မတူဘဲ ယခုနှစ် ၂၀၂၀ ပြည့်နှစ်တွင် မူးယစ်ဆေးဝါးအမြောက်အမြားကို စံချိန်တင် ဖမ်းဆီးရမိခြင်းဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဦးလည်မသုန် စွမ်းစွမ်းတမံ ဆက်လက်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် ပြည်သူနှင့်အတူ လက်တွဲပူးပေါင်းအောင်မြင်ခဲ့မှုအား ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၆ ရက်နေ့၌ ပြုလုပ်သည့် မူးယစ်ဆေးဝါးများ မီးရှို့/မြေမြှုပ်ဖျက်ဆီးပွဲ၌ ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာတစ်ဝန်းမှ မျက်ဝါးထင်ထင် တွေ့မြင်သိရှိစေမည်ဖြစ်သည်။

သို့ဖြစ်၍ အရှိန်အဟုန်ရလျက်ရှိသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ခြေလှမ်းများဖြင့် ဆက်လက်လှမ်းချီလျက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ စွမ်းအားပြည့်ဆောင်ရွက်သွားမည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း (၃၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အား ဂုဏ်ပြုရေးသား ဖော်ပြအပ်ပါသည်။ ။

မြန်မာအမျိုးသမီးများအား နိုင်ငံခြားသို့ ပို့ဆောင်ရောင်းစားသူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၂၅

မြန်မာအမျိုးသမီးများအား နိုင်ငံခြားတိုင်းပြည်များသို့ ပို့ဆောင်ရန် ကြံစည်ခြင်း၊ ရောင်းစားခြင်းပြုလုပ်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ငမဲအိုင်ကျေးရွာနေ ဒွေးဝင်းနှင့် အစ်ကိုဖြစ်သူ လှဝင်းသန်း (တိမ်းရှောင်)တို့သည် ကွက်သစ်ကလေးကျေးရွာနေ မ. . . (၃၁နှစ်)၊ မ. . . (၃၃နှစ်) နှင့် ကို. . .(၂၈ နှစ်)၊ ငမဲအိုင်ကျေးရွာနေ ကို. . . (၄၇နှစ်) နှင့် ကို. . . (၃၃ နှစ်) တို့အား ထိုင်းနိုင်ငံတွင် တရားဝင် အလုပ်လုပ်ကိုင်ရမည်ဟု လိမ်လည်စည်းရုံး၍ တရားမဝင်ပို့ဆောင်ပေးခဲ့ပြီး လုပ်အားခများအား ခေါင်းပုံဖြတ်ရယူခဲ့မှုအတွက် တလုတ္တော်နယ်မြေရဲစခန်း (ပ)၆၄၆/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၂၅/၃၂ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ဟင်္သာတခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၂၃ ရက်တွင် တရားခံ ဒွေးဝင်းအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်နှင့် ပုဒ်မ ၂၅ အရ အလုပ်နှင့်ထောင်ဒဏ် ၅ နှစ် အား တစ်ပေါင်းတည်းချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံအား တရားခံပြေးကြေညာခဲ့သည်။

အလားတူ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာနေ မသျှား(ခ)လဝိန်ခေါန်ညွယ်သည် အောင်မြေ(၁)ကျေးရွာနေ မ. . . (၂၁ နှစ်)အား တရုတ်နိုင်ငံ ရွှေလီမြို့ရှိ ဈေးဆိုင်တစ်ဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်စည်းရုံးပြီး စွန်းဖုန်းမြို့ရှိ တရုတ်အမျိုးသားတစ်ဦးထံ ရောင်းစားခဲ့မှုအတွက် ဝိုင်းမော်မြို့မရဲစခန်း(ပ)၁၄၄/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မြစ်ကြီးနားခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၂၃ ရက်တွင် တရားခံ မသျှား(ခ) လဝိန်ခေါန်ညွယ်အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့သည်။

ထို့အတူ ရှမ်းပြည်နယ် သီပေါမြို့နေ မဇေနန်း(၂၄နှစ်) (ဘ) ဦးခေါင်ဇယ်၊ ဒေါ်နီနီလွင် (၅၀ နှစ်) (ဘ) ဦးထန်ဟုန်းနှင့် ဒေါ်အေးစန်း(၄၀ နှစ်)၊ (ဘ) ဦးကြံခင်တို့က တစ်မြို့တည်းနေ မ. . . (၂၄ နှစ်) နှင့် မ. . . (၂၁ နှစ်) တို့အား တရုတ်ပြည်တွင် အငှားကိုယ်ဝန်ဆောင်ပါက တစ်လ ၁၀ သိန်းကျပ်နှုန်းဖြင့် ၁၀ လအတွက် ကျပ်သိန်း ၁၀၀ ရမည်ဟု ပြောဆိုစည်းရုံး၍ သီပေါမြို့မှ မူဆယ်မြို့သို့ ခေါ်ဆောင်လာခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့မှုအား မူဆယ်မြို့မရဲစခန်း (ပ) ၆၂၄/၂၀၁၈၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ တရားခံ ဒေါ်ဇေနန်း၊ ဒေါ်နီနီလွင်နှင့် မအေးစန်းတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့သည်။

အလားတူ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နေ ဒေါ်ရန်ဟွေရှူး (ခ)ရန်ဝေ၊ ဒေါ်လောက်ရှင် (ခ)အားချွမ်းနှင့် သိန်းနီမြို့နေ ဒေါ်ရန်ချိုင်(ခ)ရန်ဆိုက်တို့သည် ကွတ်ခိုင်မြို့နယ် ဟိုနားကျေးရွာနေ မ. . . (၁၈ နှစ်) အား တရုတ်နိုင်ငံရှိ ထမင်းဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်စည်းရုံးခေါ်ဆောင်၍ တရုတ်နိုင်ငံ အန်းဟွေးပြည်နယ် အန်းဟွေးရှန်မြို့ ဟွမ်ချောက်တာတွေ့ရွာနေ တရုတ်အမျိုးသား ဝမ်ထင့်ထင့်ဆိုသူထံ ရောင်းစားခဲ့မှုအတွက် ကွတ်ခိုင်မြို့မရဲစခန်း(ပ)၃၈/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈ (က)ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၂၄ ရက်တွင် တရားခံ ဒေါ်ရန်ဟွေရှူး (ခ)ရန်ဝေနှင့် ဒေါ်ရန်ချိုင် (ခ) ရန်ဆိုက်တို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈(က)အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီနှင့် ဒေါ်လောက်ရှင် (ခ)အားချွမ်းအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈ (က)/၃၂ အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်အတွင်း သုံးလောင်းပြိုင် လူသတ်မှုကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၅

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်အတွင်း သုံးလောင်းပြိုင် လူသတ်မှုကျူးလွန်သူ လေးဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထားဝယ်မြို့ ကျောက်မော်ရပ်ကွက်နေ ဒေါ်ခင်စန်းညိုသည် ဇွန် ၁၃ ရက် ညနေပိုင်းတွင် ၎င်း၏သား ရထားလမ်းမိုင်တိုင်အမှတ် ၂၃/၄ တွင် ရထားသံလမ်းဂိတ်စောင့်သူ အောင်ကျော်ထွန်း(ခ) ဖိုးလပြည့်အား ဖုန်းအကြိမ်ကြိမ်ခေါ်ဆိုသော်လည်း မကိုင်သဖြင့် ရထားသံလမ်းဂိတ်အနီးရှိ ၎င်းတို့နေအိမ်သို့ သွားရောက်ကြည့်ရှုရာ သားဖြစ်သူ အောင်ကျော်ထွန်း(ခ) ဖိုးလပြည့်၊ ဇနီး မခင်ဖြိုးဝေ၊ သား မောင်စုစု တစ်နှစ်ကျော်ခန့်တို့ မိသားစုသုံးဦးမှာ နေအိမ်အတွင်း ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိတိုင်တန်းသဖြင့် ရေဖြူမြို့မရဲစခန်း(ပ)၂၈/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူထားရှိခဲ့ကြောင်း။

အမှုနှင့်ပတ်သက်၍ ထားဝယ်ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းစုံစမ်းဖော်ထုတ်ခဲ့ရာ တယ်လီဖုန်း ဆက်သွယ်မှုများမှ တစ်ဆင့် မသင်္ကာတရားခံအား ခြေရာခံမိခဲ့ပြီး ဆက်လက်စုံစမ်းစိစစ်ချက်များအရ အောင်ကျော်ထွန်း(ခ) ဖိုးလပြည့်သည် ၎င်းအိမ်၌ မူးယစ်ဆေးဝါးရောင်းချကြောင်း၊ ဖြစ်မှုကျူးလွန်သူ ဥဿရံကျေးရွာနေ ကျော်မင်းထွန်းနှင့် ဝိုင်ကေတို့နှစ်ဦးသည် ယခင်ရက်က သေဆုံးသူထံသို့ မူးယစ်ဆေးဝါး သွားရောက်ဝယ်ယူခဲ့ကြောင်း၊ ငွေပေးချေရန်မရှိသဖြင့် ၎င်းတို့နှစ်ဦး၏ သူငယ်ချင်းဖြစ်သည့် ဥဿရံကျေးရွာနေ ဇော်လင်းထံက ငှားရမ်းကိုင်ဆောင်လာသည့် တယ်လီဖုန်းအား အပေါင်ထားခဲ့ကြောင်း၊ အခင်းဖြစ်နေ့တွင် ဇော်လင်းက ၎င်း၏ဖုန်းအား ပြန်တောင်းသဖြင့် ကျော်မင်းထွန်းနှင့် ဝိုင်ကေတို့က သေဆုံးသူ၏နေအိမ်သို့ သွားရောက်ပြီး ဖုန်းအား ပြန်လည်တောင်းယူစဉ် အဆင်မပြေစကားများရန်ဖြစ်ရာမှ ၎င်းတို့နှစ်ဦးက အသင့်ပါလာသည့် သစ်သားရိုးတပ် ငါးမန်းစွယ်များပါ ဓားဦးချွန်ဖြင့် အောင်ကျော်ထွန်း(ခ) ဖိုးလပြည့်တို့ မိသားစုသုံးဦးအား သတ်ဖြတ်ခဲ့ကြောင်း၊ အခင်းဖြစ်ပြီးနောက် လူသတ်ရာတွင် အသုံးပြုခဲ့သော သက်သေခံပစ္စည်းဓားအား ဥဿရံကျေးရွာနေသူ သိန်းသန်းဝင်းက ဖျောက်ဖျက်ဝှက်သိမ်းပေးခြင်း၊ ဖုန်းပိုင်ရှင် ဇော်လင်းကလည်း ၎င်း၏ ဖုန်းအား ဖျောက်ဖျက်ထားပေးခြင်းတို့ကို ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ရေဖြူမြို့နယ် ဥဿရံကျေးရွာနေသူများဖြစ်ကြသည့် ကျော်မင်းထွန်း၊ ဝိုင်ကေ၊ သိန်းသန်းဝင်းနှင့် ဇော်လင်းတို့ လေးဦးအား အမှုဖြင့် ဖမ်းဆီးခဲ့ပြီး **(အပေါ်ပုံ)** သက်သေခံဓားဦးချွန်နှင့် အခင်းဖြစ်စဉ် အသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးတို့အား သိမ်းဆည်းရမိပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

● *ကျော်ဖုံးမှ*

ဘာစီလိုနာအသင်းကလည်း လာလီဂါ (၃၁) ပွဲစဉ်တွင် ဘီလ်ဘာအိုအသင်းကို မက်ဆီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ရာကီတစ်၏ တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လာလီဂါပွဲစဉ် (၃၁) ကစားပြီးချိန်တွင် လာလီဂါ အမှတ်ပေးဖလားအတွက် အဖြေမပေါ်သေးဘဲ လက်ကျန်ပွဲစဉ်များကို ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားသွားကြရဦးမည်ဖြစ်သည်။ လာလီဂါအမှတ်ပေးဇယား၏ အဆင့် (၃) နေရာတွင် အက်သလက်တီကို မက်ဒရစ်အသင်းက ၅၅ မှတ်ဖြင့် ရပ်တည်နေပြီး ဦးဆောင်သူ ရီးရဲမက်ဒရစ်အသင်းနှင့် ၁၃ မှတ်အထိ ကွာဟနေသည့်အတွက် အမှတ်ပေးဖလားအတွက် မျှော်လင့်ချက်ရှိနေသေးသည် ဆိုသော်ငြား ရရှိရန်အလွန်အလှမ်းဝေးသွားပြီဟု ဆိုရပေမည်။

ရီးရဲမက်ဒရစ်အသင်းရော ဘာစီလိုနာအသင်းပါ ခုနစ်ပွဲစီကစားရန် ကျန်ရှိနေသေးသည်။ ထို့ကြောင့် ကျန်ရှိနေသေးသော အဆိုပါ ခုနစ်သင်း၏ အခြေအနေကို ချိန်ထိုးကြည့်လျှင် ရီးရဲမက်ဒရစ်အသင်းကစားရန် ကျန်ရှိနေသေးသည့်အသင်းများထဲတွင် အသင်းကြီးအနေဖြင့် ဘီလ်ဘာအိုတစ်သင်းလောက်သာရှိပြီး ကျန်အသင်းများမှာ အက်စ်ပန်ညို၊ ဂီတာဖေ၊ ဒီပို့တီဗို၊ ဂရန်နာဒါ၊ ဗီလာရီးရဲ၊ လီဂါနက်စ်တို့ ဖြစ်သည့်အတွက် ပွဲချောင်သည့် အခြေအနေတွင် ရှိသည်ဟု ဆိုနိုင်သည်။ တစ်ဖန် ဘာစီလိုနာအသင်း၏ ကျန်ရှိနေသေးသော အသင်းများထဲတွင် အသင်းကြီးအနေဖြင့် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရန် ရှိနေသေးသည်။ ကျန်အသင်းများမှာ ဆဲလ်တာဗီဂို၊ ဗီလာရီးရဲ၊ အက်စ်ပန်ညို၊ ဗယ်လာဒိုလစ်၊ အိုဆာဆူနာနှင့် ဒီပို့တီဗိုအသင်းတို့ဖြစ်သည်။ ထို့ကြောင့် ရီးရဲမက်ဒရစ်အသင်းရော ဘာစီလိုနာအသင်းပါ ကျန်ရှိနေသော ပွဲစဉ်များကို အမှားခံ၍ မရဘဲ နိုင်ပွဲရယူရန် သတိကြီးကြီးထား ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ဂိုးရရှိမှုတွင် ၅၉ ဂိုးရှိပြီး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့် ဂိုးက ၂၁ ဂိုး ရှိထားသည့်အတွက် ခံစစ်အားကောင်းသည်ဟု ဆိုနိုင်ပေသည်။ ဘာစီလိုနာအသင်းက ဂိုး ၇၀ ရရှိထားပြီး ပြန်လည်ခွင့်ပြုပေးရသည့်ဂိုးက ၃၁ ဂိုး ရှိသည့်အတွက် တိုက်စစ်အားကောင်းသည်ဟု ဆိုနိုင်ပေသည်။ ရီးရဲမက်ဒရစ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဇွန် ၂၉ ရက် နံနက် ၂ နာရီခွဲတွင် အက်စ်ပန်ညိုအသင်းနှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်ပြီး ဘာစီလိုနာအသင်းက ဇွန် ၂၇ ရက် ည ၉ နာရီခွဲတွင် ဆဲလ်တာဗီဂိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အောင်ဇော်

လှိုင်သာယာအရှေ့ပိုင်းမြို့နယ်နှင့် အနောက်ပိုင်းမြို့နယ်တို့တွင် လက်ကိုင်ဖုန်းအမျိုးမျိုးနှင့် ဆိုင်ကယ်တစ်စီး ခိုးယူသူတစ်ဦးအား ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်နှင့်အညီ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် လှိုင်သာယာအနောက်ပိုင်း မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၂ ရက် ည ၁၁ နာရီခွဲခန့်က လှိုင်သာယာအနောက်ပိုင်းမြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ သန့်ဇင်သော်ဦးအား ကုလားကြီးစုကျေးရွာကျောင်းလမ်းအနီး၌ တွေ့ရှိစစ်ဆေးရာ ၎င်းသည် ဇန်နဝါရီလမှ ဧပြီလအထိ လှိုင်သာယာအရှေ့ပိုင်းမြို့နယ်နှင့် အနောက်ပိုင်းမြို့နယ်တို့ရှိ နေအိမ်များအတွင်းမှ လက်ကိုင်ဖုန်းအမျိုးမျိုး ၂၃ လုံးနှင့် လမ်းဘေး၌ ရပ်ထားသော ဆိုင်ကယ်တစ်စီးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ သန့်ဇင်သော်ဦးအား ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

ပရီမီယာလိဂ် ပွဲစဉ်(၃၁) တွင် မန်ယူနှင့် လီဗာပူးတို့ အိမ်ကွင်း၌ ဂိုးပြတ်အနိုင်ရ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၁) ဇွန် ၂၄ ရက်တွင် ယှဉ်ပြိုင်ခဲ့သည့် မန်ယူနှင့် ရှက်ဖီးလ် ယူနိုက်တက်ပွဲတွင် မန်ယူအသင်း သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ချန်ပီယံလိဂ် ဝင်ခွင့်ရရန် ရုန်းကန်နေသည့် အသင်းနှစ်သင်း တွေ့ဆုံမှုတွင် အိမ်ရှင်မန်ယူအသင်းသည် မာရှယ်လ်ကို အထောင်ထားပြီး ၄–၂–၃–၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ရာ ဧည့်သည် ရှက်ဖီးလ်ယူနိုက်တက်သည် တိုက်စစ်တွင် မေ့ဆက်နှင့် မက်စ်မိုလ်ဒရစ်တို့အတွဲဖြင့် ၃–၅–၂ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစပြီး ခုနစ်မိနစ်တွင် ရက်ရှ်ဖို့ဒ်၏ ဖန်တီးမှုကို မာရှယ်လ်က ပိတ်သွင်းယူကာ မန်ယူအသင်း အဖွင့်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၄၄ မိနစ်တွင် မာရှယ်လ်က ဒုတိယဂိုး ထပ်မံသွင်းယူပြီး ပထမပိုင်းကို မန်ယူအသင်းသည် အချိတ်အဆက်မိမိ ကစားကွက်အသာစီးဖြင့် ဦးဆောင်ခဲ့သည်။

ဟက်ထရစ်သွင်းယူ

ဒုတိယပိုင်း ၇၄ မိနစ်တွင် မန်ယူအတွက် တတိယမြောက် ဂိုးကို တိုက်စစ်မှူး မာရှယ်လ်က ထပ်မံသွင်းယူပေးခဲ့၍ ဟက်ထရစ် ရရှိခဲ့သည်။ မန်ယူအတွက် ဟက်ထရစ်သွင်းယူခဲ့သည့် မာရှယ်လ်သည် ၂၀၁၃ ခုနှစ် နည်းပြ ဖာဂူဆန်လက်ထက် တိုက်စစ်မှူး ဗန်ပါစီနောက်ပိုင်း ပထမဆုံး ဟက်ထရစ်သွင်းဂိုးရှင် ဖြစ်ခဲ့သည်။

ယနေ့ပွဲတွင် မာရှယ်လ်သည် အကောင်းဆုံး ခြေစွမ်းပြခဲ့သည့် ကစားသမားဖြစ်ခဲ့ပြီး မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဂိုးကန်သွင်းခွင့် ၁၅ ကြိမ်ထိရရှိကာ ခြောက်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ရှက်ဖီးလ်ယူနိုက်တက်သည်လေးကြိမ် ဂိုးကန်သွင်းခွင့်ရခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

လီဗာပူးနိုင်

ပရီမီယာလိဂ် ပွဲစဉ် (၃၁)မှ ဇွန် ၂၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ခဲ့သည့် လီဗာပူးနှင့် ပဲလေ့စ်ပွဲတွင် လီဗာပူးအသင်း လေးဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ လီဗာပူးအတွက် အနိုင်ဂိုးများကို ပွဲချိန် ၂၃ မိနစ်တွင် အာနိုး၊ ၄၄ မိနစ်တွင် ဆာလက်၊ ၅၅ မိနစ်တွင် ဖာဘင်ဟိုနှင့် ၆၉ မိနစ်တွင် မာနေးတို့က သွင်းယူပေးခဲ့သည်။ အခြားပွဲစဉ်ရလဒ်များအဖြစ် နယူးကာဆယ်နှင့် အက်စ်တွန်ဗီလာမှာ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့ပြီး အဲဗာတန်က နော့ဝှစ်ချ်ကို တစ်ဂိုး–ဂိုးမရှိနှင့် ဝုလ်က ဘုန်းမောက်ကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

သီဟ

ဩစတြေးလျနိုင်ငံ၏ အမျိုးသားလေကြောင်းလိုင်း ကွမ်တက်စ်က အလုပ်အကိုင်ပေါင်း ၆၀၀၀ လျှော့ချမည်

ဆစ်ဒနီ ဇွန် ၂၅

ဩစတြေးလျနိုင်ငံ၏ အကြီးဆုံးလေကြောင်းလိုင်းတစ်ခုဖြစ်သည့် ကွမ်တက်စ်အမျိုးသားလေကြောင်းလိုင်းက ကုန်ကျစရိတ်လျှော့ချရန် ကြိုးပမ်းသည့်အနေဖြင့် အလုပ်အကိုင်ပေါင်း ၆၀၀၀ လျှော့ချမည်ဖြစ်ကြောင်း ဇွန် ၂၅ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု၏ နောက်ဆက်တွဲရိုက်ခတ်မှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ခရီးသွားလုပ်ငန်းများ ထိခိုက်မှုဖြစ်ပေါ်နေချိန်တွင် ကွမ်တက်စ်လေကြောင်းလိုင်းက အလုပ်အကိုင်လျှော့ချမည့်အစီအစဉ်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် နိုင်ငံတကာလေကြောင်းခရီးစဉ်များအားလုံးနီးပါး ရပ်ဆိုင်းခဲ့ရသည့်အတွက် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကာ နောက်ထပ် အလုပ်အကိုင်ပေါင်း ၁၅၀၀၀ ကိုလည်း လစာမဲ့အလုပ်အကိုင်လျှော့ချမှုပြုလုပ်ရန်ရှိကြောင်းနှင့် လေယာဉ်အစင်းပေါင်း ၁၀၀ ခန့်ကို တစ်နှစ် သို့မဟုတ် တစ်နှစ်ကျော်လောက်ကြာသည်အထိ ရပ်နားထားရဦးမည်ဖြစ်ကြောင်း လေကြောင်းလိုင်းအာဏာပိုင်များက ပြောကြားခဲ့သည်။

ကပ်ရောဂါမကျရောက်ခင်က ကွမ်တက်စ်လေကြောင်းလိုင်းသည် ခိုင်မာစွာရပ်တည်နိုင်ခဲ့သော်လည်း ကပ်ရောဂါကျရောက်ပြီးနောက် ဆိုးဆိုးရွားရွားထိခိုက်ခဲ့သည့်အတွက် လေကြောင်းလိုင်းဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် သိသာထင်ရှားသည့် လုပ်ငန်းပြင်ဆင်မွမ်းမံမှုဆောင်ရွက်ချက်များ မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်ခြင်းဖြစ်ကြောင်း ကွမ်တက်စ်လေကြောင်းလိုင်း စီအီးအို အလန်ဂျွိုက်စီက ပြောကြားသည်။

ဆင်ဟွာ

မိုက်ခရိုဆော့ဖ်နှင့် ဂူဂဲကုမ္ပဏီက ပိုလန်၌ အမေရိကန်ဒေါ်လာ သုံးဘီလီယံဖိုး ပူးပေါင်းရင်းနှီးမြှုပ်နှံမည်

ဝါဆော ဇွန် ၂၅

နည်းပညာကုမ္ပဏီကြီးနှစ်ခုဖြစ်သည့် မိုက်ခရိုဆော့ဖ်နှင့် ဂူဂဲကုမ္ပဏီက လာမည့်နှစ်များအတွင်း ပိုလန်နိုင်ငံ၌ အမေရိကန်ဒေါ်လာ သုံးဘီလီယံဖိုး ပူးပေါင်းရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ပိုလန်ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအဖွဲ့က ယမန်နေ့တွင် ကြေညာခဲ့သည်။

နည်းပညာကုမ္ပဏီကြီးများက ပိုလန်၌ ရင်းနှီးမြှုပ်နှံမည်ဆိုသောအဓိပ္ပာယ်မှာ ပိုလန်သည် အရှေ့ဥရောပအတွက် ဒစ်ဂျစ်တယ် နည်းပညာဆိုင်ရာ အချက်အချာကျသည့် နိုင်ငံတစ်ခုဖြစ်လာမည်ဟု ဆိုလိုခြင်းပင်ဖြစ်ကြောင်း ပိုလန်ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအဖွဲ့အကြီးအကဲ ပါဝယ်လ်ဘိုရီစ်က တွစ်တာပေါ်၌ ရေးသားဖော်ပြထားသည်။

ဂူဂဲလ်ကုမ္ပဏီသည် လာမည့်၂၀၂၁ခုနှစ်မှစတင်ကာ အမေရိကန်ဒေါ်လာ ၂ ဘီလီယံတန်ကြေးရှိသည့် ဒေတာစင်တာသစ်တစ်ခုကို ပိုလန်နိုင်ငံတွင် တည်ဆောက်မည်ဖြစ်ကြောင်း စီးပွားရေးသတင်းစာတစ်စောင်ဖြစ်သည့် Plus Biznesu တွင်ဖော်ပြခဲ့သည်။ မိုက်ခရိုဆော့ဖ် ကုမ္ပဏီကလည်း တစ်ဘီလီယံဒေါ်လာဖိုး ရင်းနှီးမြှုပ်နှံမည့် ၎င်း၏အစီအစဉ်ကို ပြီးခဲ့သည့်မေလက ကြေညာခဲ့သည်။

ဆင်ဟွာ

မြေပြင်အခြေစိုက်ဒုံးခွင်းစနစ်ချထားမည့် အစီအစဉ် ရုပ်သိမ်းရသည့် အကြောင်းရင်းကို ဂျပန်ကာကွယ်ရေးဝန်ကြီးရှင်းလင်း

တိုကျို ဇွန် ၂၅

ဂျပန်အစိုးရက ဒေါ်လာဘီလီယံများစွာကုန်ကျမည့် Aegis Ashore ခေါ် မြေပြင်အခြေစိုက် ဒုံးခွင်းစနစ်ချထားမည့်အစီအစဉ်ကို ရုပ်သိမ်းမည့်ကိစ္စနှင့်ပတ်သက်၍ ဂျပန်ကာကွယ်ရေးဝန်ကြီး ကိုနိုတာရိုက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဂျပန်အမျိုးသားလုံခြုံရေးကောင်စီသည် ယင်းကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီးနောက် အာခီတာနှင့် ရာမာဂူချီ ခရိုင်နှစ်ခုတို့တွင် Aegis Ashore ဒုံးခွင်းစနစ်ချထားမည့် အစီအစဉ်ကို စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်ရခြင်းဖြစ်ကြောင်း ကိုနိုကပြောကြားသည်။

အရှေ့တရုတ်ပင်လယ်တွင် ဖွံ့ဖြိုးတိုးတက်လာနေမှုများက ဂျပန်ကိုခြိမ်းခြောက်နေသည့်အချိန်တွင် Aegis ဒုံးခွင်းစနစ်များက ဒုံးကျည်ကာကွယ်ရေးတစ်ခုတည်းအပေါ် အဓိက ထားနေခြင်းမှာ မိုက်မဲရာကျကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

အမေရိကန်က ထုတ်လုပ်ထားသည့် Aegis Ashore ဒုံးခွင်းစနစ်သည် ပြင်ပမှဝင်လာသည့် တိုက်ချင်းပစ်ဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်ကြောင်း၊ ဂျပန်သည် မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုများ ပိုမိုလုပ်ဆောင်လာခြင်းကို တုံ့ပြန်သည့်အနေဖြင့် အဆိုပါဒုံးခွင်းစနစ်များကိုချထားရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒုံးခွင်းစနစ် ဖျက်သိမ်းမည့်နေရာအနီးရှိ ဒေသခံပြည်သူများမှာ ဒုံးကျည်များ ကျရောက်လာနိုင်သည့် အခြေအနေကို စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။ သို့ရာတွင် ကာကွယ်ရေးဝန်ကြီးက ဒုံးခွင်းစနစ်ချထားရန်အတွက် အလှည့်ကျနေရာများ ရှာဖွေရန် မလွယ်ကူကြောင်း ပြောကြားသည်။

အင်န်အိတ်ချ်ကေ

ဂူတာရက်စ်က ဆီးရီးယားကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရန် အစီအစဉ်ရက်တိုးမည်

ဂျီနီဗာ ဇွန် ၂၅

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဆီးရီးယားကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန် နယ်စပ်ဖြတ်ကျော် အစီအစဉ်ကို ရက်တိုးသတ်မှတ်မည်ဖြစ်ကြောင်း ဇွန် ၂၄ ရက်က ပြောကြားလိုက်သည်။ လက်ရှိတည်ရှိဆဲဖြစ်သော အစီအစဉ်ကို ၂၀၁၄ ခုနှစ်တွင် စတင်ခဲ့ပြီး ၎င်းအစီအစဉ်သည် ဇူလိုင် ၁၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။

ရုရှားနှင့် တရုတ်တို့၏ နယ်စပ်ဖြတ်ကျော်အစီအစဉ်သည် ဆီးရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးနိုင်သည်ဟု ဆိုသော်ငြားလည်း ဂျာမနီနှင့် ဘယ်လ်ဂျီယံတို့သည် နယ်စပ်ဖြတ်ကျော်အစီအစဉ်ကို ရက်တိုးသတ်မှတ်ပေးရန် ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့သည်။

နောက်ထပ် ၁၂ လကြာသည့် တိုင်အောင် အီဒလစ်ဒေသအပါအဝင် ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ဆက်လက်ထောက်ပံ့ရန် ဆီးရီးယား-တူရကီ နယ်စပ်တစ်လျှောက်ရှိ ဘတ်အယ်လ်ဆာလမ်းနှင့် ဘတ်အယ်လ်ဟာဝါ နယ်စပ်ဖြတ်ကျော်လမ်းပိုင်းများကို အသုံးပြုရန် လိုအပ်ကြောင်း ဂူတာရက်စ်က ပြောကြားလိုက်သည်။ နယ်စပ်ဖြတ်ကျော် အစီအစဉ်သည် ကုလသမဂ္ဂလက်လှမ်းမမီနိုင်သောနေရာများရှိ ဒေသခံသန်းပေါင်းများစွာ၏ အသက်သွေးကြောတစ်ခုဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားသည်။

နိုင်ငံအနောက်မြောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအမြောက်အမြားလိုအပ်လျက်ရှိသောကြောင့် နယ်စပ်ဖြတ်ကျော်ကူညီမှုများ လိုအပ်ကြောင်း ဂူတာရက်စ်ကပြောကြားလိုက်သည်။ နယ်စပ်ဖြတ်ကျော်အစီအစဉ်ကို ၂၀၁၄ ခုနှစ်က စတင်လုပ်ဆောင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မေလအထိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးယာဉ်ပေါင်း ၁၇၈၁ စီး တူရကီကို ဖြတ်ကျော်ကာ သွားရောက်ခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်

အလားတူ ကုလသမဂ္ဂဆိုင်ရာ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်တစ်ခုတည်းက တစ်လလျှင် အကူအညီပေါင်း ၄ ဒသမ ၅ သန်း ပေးပို့ကြောင်း သိရသည်။ ဆီးရီးယားနိုင်ငံတွင်စီးပွားရေးအခြေအနေပျက်စီးယိုယွင်းလျက်ရှိသောကြောင့် လူပေါင်း ၉ ဒသမ ၃ သန်း အစားအစာချို့တဲ့မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

အေအက်ဖ်ပီ

ဂျာမနီရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို ပိုလန်သို့ပြောင်းရွှေ့ချထားနိုင်ဖွယ်ရှိကြောင်း သမ္မတထရမ့်ပြော

ဝါရှင်တန် ဇွန် ၂၅

ဂျာမနီနိုင်ငံတွင် ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်အချို့ကို ပိုလန်၌ ပြောင်းရွှေ့ချထားနိုင်ဖွယ်ရှိကြောင်း ဇွန် ၂၄ ရက်က ပိုလန်သမ္မတ အန်ဒရက်ဂျ် ဒူဒါနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့စဉ်အတွင်း သမ္မတထရမ့်က ပြောကြားခဲ့သည်။

ပိုလန်သမ္မတ အန်ဒရက်ဂျ် ဒူဒါနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ကို ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ တွေ့ရစဉ်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနေသည့်အချိန်အတောအတွင်း အမေရိကန်ပြည်ထောင်စုသို့ ပြည်ပမှ ပထမဆုံးရောက်ရှိလာသည့် သမ္မတတစ်ဦးဖြစ်သည့် ဒူဒါက ၎င်း၏နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင်အင်အား ထပ်မံတိုးလာမည့် အခြေအနေတစ်ခုရှိကြောင်း သတင်းစာရှင်းလင်းပွဲအတွင်း ပြောကြားခဲ့သည်။

ရုရှားနယ်စပ်တွင် နေတိုးအဖွဲ့၏ စစ်အင်အားတိုးပွားလာခြင်းကို ကန့်ကွက်ကြောင်း သဘောထား ဖော်ပြခဲ့သည့် ရုရှားအဖို့ ယင်းဆောင်ရွက်ချက်ကြောင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ တစ်ဖန်မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အကယ်၍ အမေရိကန်အနေဖြင့် ကန်တပ်ဖွဲ့ဝင်များကို ပိုလန်သို့ ထပ်မံစေလွှတ်ပြီး ဂျာမနီရှိ အမေရိကန်တပ်ဖွဲ့ဝင်များကိုပါ ပိုလန်သို့ ပြောင်းရွှေ့ချထားမည် ဆိုပါက ပိုလန်အနေဖြင့် ယင်းအတွက် ကုန်ကျစရိတ်ကိုကျခံမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သမ္မတထရမ့်က ပြောသည်။နေတိုးအဖွဲ့ကြီးအောက်တွင် ရန်ပုံငွေဆိုင်ရာ လိုက်နာဆောင်ရွက်မှုဟုခေါ်သည့် ပိုလန်၏ ဖြည့်ဆည်းမှုကို သမ္မတထရမ့်က ချီးမွမ်းလိုက်ပြီး စစ်ရေးဆိုင်ရာ အသုံးစရိတ်များပေးရန် ဂျာမနီ၏ ပျက်ကွက်ခဲ့မှုအပေါ် သမ္မတထရမ့်က ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

အာရှ- ပစိဖိတ်ဒေသ၌ ကိုဗစ်- ၁၉ မြင့်တက်လာချိန်တွင် ဖိလစ်ပိုင်တွင်လည်း ကပ်ရောဂါကူးစက်မှုမြင့်တက်

ဟောင်ကောင် ဇွန် ၂၅

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်သူ တစ်နေ့တည်းတွင် ၁၁၅၀ အထိ မြင့်တက်လာသလို အာရှ-ပစိဖိတ်နိုင်ငံများတွင်လည်း ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်လာကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ကွာလာလမ်ပူမြို့ရှိ အထက်တန်းကျောင်းတစ်ကျောင်း၌ ကျောင်းတက်ရန်လာသည့် ကျောင်းသားများကို ကိုယ်အပူချိန်စစ်ဆေးနေစဉ်။

ဖိလစ်ပိုင်နိုင်ငံ၏ ကျန်းမာရေးဌာနက တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်မှုသည် ၁၁၅၀ အထိ မြင့်တက်လာခဲ့ကြောင်း အတည်ပြုမှုနှင့်အတူ ကိုဗစ်-၁၉ ကူးစက်မှု စုစုပေါင်း ၃၁၈၂၅ ဦးအထိ မြင့်တက်လာကြောင်း အတည်ပြုခဲ့သည်။

ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၈၄၄၂ ဦးရှိလာကြောင်း ကျန်းမာရေးဌာနက ပြောကြားလိုက်သည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့်သေဆုံးသူများမှာလည်း ၁၁၈၆ ဦးအထိ ဖြစ်လာကြောင်း အဆိုပါဌာနက ဆက်လက်ထုတ်ပြန်ထားသည်။

တောင်ကိုရီးယားတွင် လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူပေါင်း ၄၆ ဦးရှိလာခဲ့ပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၂၄၈၄ ဦးရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ပထမလှိုင်းသည် ဧပြီလအထိကြာမြင့်ခဲ့ကြောင်း၊ မေလအစောပိုင်းတွင် ကိုဗစ်-၁၉ လှိုင်းဂယက်ထပ်မံရိုက်ခတ်ခဲ့ကြောင်း၊ အထူးသဖြင့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူပေါင်း ၃၄၀၀ ရှိခဲ့ပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်မှုသည် ၁၂၀၀၀၀ နီးနီးမြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။ ကျန်းမာရေးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ နာဆီမာ ဆော်လ်တာနာက လွန်ခဲ့သော ၂၄ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ဖြစ်ပွားသူ ၃၄၁၂ ဦးရှိလာခဲ့ကာ သေဆုံးသူ ၄၃ ဦးရှိကြောင်း ပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ ၁၁၉၁၉၈ ဦးရှိခဲ့ပြီး သေဆုံးသူပေါင်း ၁၅၄၅ ဦးရှိသည်။

အင်ဒိုနီးရှားနိုင်ငံတွင် တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၅၁ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၄၇၈၉၆ ဦးအထိမြင့်တက်လာခဲ့ကြောင်း၊ သေဆုံးသူပေါင်းမှာလည်း ၂၅၃၅ ဦးရှိလာကြောင်း ကျန်းမာရေးအရာရှိတစ်ဦးဖြစ်သူ အက်ကမက်ယူရီရန်တိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ထို့အတူ ဆေးရုံမှ ဆင်းသွားသူ ၅၀၆ ဦး ရှိခဲ့ကြောင်းနှင့် စုစုပေါင်း ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၉၂၄၁ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

အာဖဂန်နစ္စတန်ပြည်သူ့ကျန်းမာရေးဌာနက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၂၄ ဦးနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ ၂၉၄၈၁ ဦးရှိလာပြီဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၆၁၈ ဦး ရှိလာပြီဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ထုတ်ပြန်ဖော်ပြလိုက်သည်။

မလေးရှားနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူသုံးဦးနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ ၈၅၉၀ ဖြစ်လာကြောင်း စုစုပေါင်းသေဆုံးသူ ၁၂၁ ဦးရှိကြောင်း သတင်းဖော်ပြထားသော်လည်း ထပ်မံသေဆုံးသူ မရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အိန္ဒိယနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၁၄၀၀၀ ကျော်လာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားသူပေါင်း ၄၄၀၂၁၅ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော နောက်ဆုံးသတင်းအချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းလွန်ခဲ့သော ၂၄ နာရီအတွင်း ထပ်မံသေဆုံးသူ ၃၁၂ ဦးနှင့်အတူ ထပ်မံကူးစက်ခံရသူ ၁၄၉၃၃ ဦးရှိခဲ့ကြောင်း၊ စုစုပေါင်းသေဆုံးသူအရေအတွက် ၁၄၀၁၁ ဦးအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံတွင်လည်း ကိုဗစ်-၁၉ထပ်မံ ဖြစ်ပွားသူ နှစ်ဦးနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ ၁၀ ဦးရှိလာပြီဖြစ်ကြောင်း၊ ၎င်းတို့အားလုံးမှာ နိုင်ငံရပ်ခြားမှ လာရောက်သူများနှင့် ဆက်နွယ်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်မှုတွင်ဖော်ပြထားသည်။

ဆင်ဟွာ

အမေရိကန်တွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းမြင့်တက်လာသည့်အတွက် ဗိုင်းရပ်စ်ထိန်းချုပ်ရေး ပြန်လည်လုပ်ဆောင်

မီယာမီ ဇွန် ၂၅

အမေရိကန်တောင်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းများ ပြန်လည်မြင့်တက်လာသည့်အတွက် ဗိုင်းရပ်စ်ဒဏ်အဆိုးဆုံးခံစားနေရသောဒေသများတွင် အိမ်တွင်း၌နေထိုင်ရန် အကြံပေးချက်မှအစပြုကာ ဗိုင်းရပ်စ်မှ ပြန်လည်နိုးထလာသော နယူးယောက်ပြည်နယ်ကဲ့သို့ နေရာမျိုးတွင် အသွားအလာကန့်သတ် စောင့်ကြည့်ခြင်းများလုပ်ဆောင်သည်အထိ တင်းကျပ်သည့် ဗိုင်းရပ်စ်ထိန်းချုပ်မှုများ ပြန်လည်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ခါတ်မတည့်ခြင်းနှင့်ကူးစက်ရောဂါဆိုင်ရာ အမျိုးသားအင်စတီကျူဋ္ဌာန်ကြားရေးမှူး အန်တိုနီဖော်စီ (ယာ)ကိုတွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ပထမဆုံးစတင်တွေ့ရှိကြောင်း အတည်ပြုဖော်ပြပြီးနောက် လေးလနီးပါးအကြာတွင် ကိုဗစ်-၁၉ ကူးစက်မှုသည် အမေရိကန်လူငယ်များအထိပျံ့နှံ့လာသကဲ့သို့ အမေရိကန်ပြည်ထောင်စုသည်လည်း ကြီးမားသော ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ ကျွမ်းကျင်သူများက ပြင်းထန်သည့် သတိပေးချက်များ ထပ်မံထုတ်ပြန်ခဲ့ရသည်။

ကမ္ဘာ့အကြီးဆုံး စီးပွားရေးနိုင်ငံကြီးသည် ကူးစက်ရောဂါဒဏ်ကို အဆိုးရွားဆုံးခံစားနေရပြီး သေဆုံးသူပေါင်း ၁၂၀၀၀၀ ကျော်မြင့်တက်လာခဲ့သည်။စီးပွားရေး၊ စားသောက်ရေး၊ လူထုစုဝေးရေးနှင့် ခရီးသွားဖွံ့ဖြိုးရေးတို့တွင် ကန့်သတ်ချက်များ လျှော့ချခဲ့သော တက္ကဆက်မြို့တော်ဝန်အပါအဝင် တချို့အရာရှိများက ယခုအခါတွင် ဒေသခံများကို အိမ်တွင်း၌သာ နေထိုင်ကြရန် တိုက်တွန်းလျက်ရှိသည်။

ဗိုင်းရပ်စ်တိုက်ထုတ်ရာတွင် တိုးတက်မှုများရှိသော နယူးယောက်၊ နယူးဂျာစီနှင့် ကွန်နက်တီကတ်ကဲ့သို့သော အမေရိကန်ပြည်ထောင်စုအရှေ့မြောက်ပိုင်းပြည်နယ်များက အမေရိကန် ပြည်ထောင်စု၏ ဗိုင်းရပ်စ်ဖြစ်ပွားရာနေရာမှ လာသူများကို မိမိကိုယ်တိုင် အသွားအလာ ကန့်သတ်ထိန်းချုပ်မှုများ လုပ်ဆောင်ရန် ဇွန် ၂၄ ရက်က တိုက်တွန်းလိုက်သည်။

နယူးယောက်မြို့တော်ဝန် အန်ဒရူးကူအိုမိုက အသွားအလာ ကန့်သတ်ထိန်းချုပ်မှုဆိုင်ရာ အကြံပြုချက်များသည် အယ်လ်ဘားမား၊ အာကန်ဆော၊ အရီဇိုးနား၊ ဖလော်ရီဒါ၊ တောင်ကာရိုလိုင်းနား၊ မြောက်ကာရိုလိုင်းနား၊ ဝါရှင်တန်၊ ယူတားနှင့် တက္ကဆက်မှလာရောက်လည်ပတ်သူများအပေါ် သက်ရောက်မှုများရှိမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

လူဦးရေ အထူထပ်ဆုံး ပြည်နယ်များဖြစ်သည့် ဖလော်ရီဒါနှင့် တက္ကဆက်ပြည်နယ်များအပါအဝင် အမေရိကန်တောင်ပိုင်းနှင့် အနောက်ပိုင်းပြည်နယ်များသည် ထိတ်လန့်စရာကောင်းသည်ဟု အိမ်ဖြူတော်အကြံပေးနှင့် ထိပ်တန်းသိပ္ပံပညာရှင် အန်တိုနီဖော်စီတို့ဖော်ပြထားသလို ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခဲ့သည်။

ဗိုင်းရပ်စ်စတင်ဖြစ်ပွားရာ နယူးယောက်နှင့် ဒက်ထရိုက်တွင် ကိုဗစ်-၁၉ ကူးစက်မှုကျဆင်းလာသော်လည်း ကျန်ပြည်နယ်များတွင် ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လာခဲ့သည်။ နောက်နှစ်ပတ်တွင် ကိုဗစ်- ၁၉ ကူးစက်မှု စိုးရိမ်ဖွယ်အခြေအနေသို့ ရောက်ရှိလာနိုင်သည်ဟု ဖော်စီက သတိပေးပြောကြားလိုက်သည်။

အေအက်ဖ်ပီ

ဂျပန်နိုင်ငံတွင် တိုယိုတာကားများ ပြန်လည်သိမ်းယူ

တိုကျို ဇွန် ၂၅

တိုယိုတာကားကုမ္ပဏီသည် မော်တော်ယာဉ်အစီးပေါင်း ၂၅၀၀၀၀ ကို ကွန်ပျူတာ စနစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် ပြန်လည်သိမ်းယူမည့် ကားအမျိုးအစားများမှာ Prius ၊ Prius Alpha ၊ Auris နှင့် Mebius တို့ဖြစ်ကြသည်။ Mebius မှာ ဒိုင်ဟက်ဆုတံဆိပ်အောက်တွင် ရောင်းချနေသော ကားဖြစ်သည်။ ကားပုံစံအလိုက် ထုတ်လုပ်သည့် ခုနှစ်ကွာခြားကြောင်း၊ သို့သော်လည်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း ထုတ်ထားသော ကားများဖြစ်ကြောင်း သိရသည်။

ဂျပန်ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက အဆိုပါ မော်တော်ယာဉ်များ၏ ထိန်းချုပ်စနစ်တွင် ချွတ်ယွင်းချက်များရှိကြောင်း၊ အဆိုပါစနစ်က ကားကို ရုတ်တရက်ရပ်တန့်စေသလိုဖြစ်သွားကြောင်း ပြောကြားသည်။

သို့သော်လည်း အဆိုပါစနစ်ချို့ယွင်းမှုကြောင့် မတော်တဆဖြစ်သည့် သတင်းဖော်ပြမှုမျိုး ယခုအချိန်အထိ လက်ခံရရှိမှုမရှိသေးကြောင်း ပြောကြားသည်။

အဆိုပါပြဿနာနှင့် ပတ်သက်ပြီး ကုမ္ပဏီက ကားပိုင်ရှင်များထံ မေးလ်ဖြင့်အကြောင်းကြားရန် စီစဉ်ထားကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ရောင်းဝယ်သူများအနေဖြင့် အဆိုပါ ချွတ်ယွင်းမှုကို အခမဲ့ပြင်ဆင်နိုင်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

အနောက်ဘက်ကမ်းရှိ အစိတ်အပိုင်းများအား သိမ်းယူမည့်အစီအစဉ်ကိုစွန့်လွှတ်ရန် အစ္စရေးကို ဂူတာရက်စ်တိုက်တွန်း

ဂျီနီဗာ ဇွန် ၂၅

သိမ်းပိုက်ခံအနောက်ဘက်ကမ်းဒေသရှိ အစိတ်အပိုင်းများကို ကျူးကျော်သိမ်းပိုက်မည့်အစီအစဉ်ကို စွန့်လွှတ်ရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး အန်တိုနီယိုဂူတာရက်စ်က အစ္စရေးကို တိုက်တွန်းလိုက်ကြောင်းသိရသည်။ အစ္စရေးသည် လာမည့် ရက်သတ္တပတ်အစောဆုံးထားကာ အနောက်ဘက်ကမ်းကို သိမ်းပိုက်ရန် စီစဉ်နေကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသအရေးနှင့် ပတ်သက်သည့် လုံခြုံရေးကောင်စီအစည်းအဝေးတစ်ရပ်အတွင်း ကုလအကြီးအကဲ အန်တိုနီယိုဂူတာရက်စ်က မိမိတို့အနေဖြင့် အချိုးအကွေ့ကာလတစ်ခုကို ရင်ဆိုင်နေရကြောင်း ပြောကြားခဲ့သည်။

အကယ်၍ ကျူးကျော်သိမ်းပိုက်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ခဲ့လျှင် ယင်းလုပ်ရပ်သည် အဆိုးရွားဆုံး နိုင်ငံတကာဥပဒေချိုးဖောက်မှုဖြစ်လာမည်ဖြစ်ကာ အစ္စရေး-ပါလက်စတိုင်းအရေးဖြေရှင်းနိုင်မည့် အလားအလာကို ထိခိုက်လာမည့်အပြင် ညှိနှိုင်းဆွေးနွေးမှုများ ထပ်မံလုပ်ဆောင်မည့် အလားအလာများလည်း ဆုတ်ယုတ်သွားရန်ရှိကြောင်း ဂူတာရက်စ်က ပြောကြားသည်။

ပြီးခဲ့သည့်မတ်လက ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးရေးကာလအတွင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် အနောက်ဘက်ကမ်းရှိ အစိတ်အပိုင်းများအား သိမ်းယူရေးကို အလေးအနက်ကတိပြုကာ မဲဆွယ်စည်းရုံးရေးလက်နက်တစ်ခုအနေဖြင့် အသုံးပြုခဲ့သည်။ ယင်းအစီအစဉ်အရ အနောက်ဘက်ကမ်း၏ ၃၀ ရာခိုင်နှုန်းလောက်အထိ အစ္စရေး၏ အချုပ်အခြာအာဏာပိုင်အဖြစ် တိုးချဲ့မည်ဖြစ်ကာ အဆိုပါဒေသအတွင်း ဂျော်ဒန်တောင်ကြားနှင့် အစ္စရေးအခြေချအိမ်ရာ ရာပေါင်းများစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အနောက်ဘက်ကမ်းရှိ အစိတ်အပိုင်းများကို သိမ်းယူမည့် အစ္စရေး၏ အစီအစဉ်ကို ပါလက်စတိုင်းပြည်သူများ ဆန္ဒပြနေစဉ်။

အေအက်ဖ်ပီ

ကပ်ရောဂါနဲ့နေသားကျဖို့ ဗျူဟာပြောင်းလာကြတဲ့ နိုင်ငံတချို့

ကလျာမိုးမြင့်

ကိုဗစ်-၁၉ ကူးစက်ရောဂါနဲ့ ယဉ်ပါးနေပြီလို့ ထင်ရတဲ့ ကမ္ဘာ့နိုင်ငံတချို့မှာ အစုလိုက်အပြုံလိုက် ထပ်မံ ကူးစက်ခံရမှုတွေ ပြန်ပြီးတွေ့လာရတဲ့အခါ အာဏာပိုင်တွေဟာ ထပ်ပြီးဝင်ရောက်လာနိုင်သေးတဲ့ ကပ်ရောဂါ တတိယလှိုင်း သို့မဟုတ် စတုတ္ထလှိုင်းကို ရပ်တန့်စေဖို့အတွက် မြန်ဆန်ပြီး လိုက်လျောညီထွေပြုပြင်ပြောင်းလဲလို့ရတဲ့ ချဉ်းကပ်ပုံနည်းလမ်းတွေဆီ မြားဦးလှည့်လာကြပါတယ်။

အမှန်တရားတစ်ခုကို လက်ခံဖို့ကြိုးစားလာ

ကိုဗစ်-၁၉ ရောဂါနဲ့ အတော်လေးယဉ်ပါးလာနေပြီဖြစ်တဲ့ ကမ္ဘာတစ်ဝန်းက အစိုးရအဖွဲ့အစည်းတွေဟာ အခုဆိုရင် ကိုဗစ် - ၁၉ ဟာ ၎င်းတို့ရှိရာအရပ်မှာ နေထိုင်တော့မယ်ဆိုတဲ့ အမှန်တရားတစ်ခုကို လက်ခံဖို့ ကြိုးစားလာကြပုံပါပဲ။ ဒါပေမယ့်လည်း ကပ်ရောဂါကြောင့် တစ်နိုင်ငံလုံး အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုတွေလုပ်ပြီး ထိခိုက်နစ်နာရမယ့်နည်းကနေ အပြောင်းအလဲတစ်ခုအနေနဲ့ နောက်ထပ်ကပ်ရောဂါ တတိယလှိုင်းနဲ့ စတုတ္ထလှိုင်းတွေ ထပ်ပြီးဝင်မလာခင် ရောဂါကူးစက်ဖြစ်ပွားမှုတွေကိုရှာဖွေပြီး ရပ်တန့်စေရေး ပစ်မှတ်ထားတဲ့နည်းလမ်းတွေနဲ့ ဗျူဟာပြောင်းလဲကျင့်သုံးဖို့ စဉ်းစားနေပြီဖြစ်ပါတယ်။

လိုက်လျောညီထွေရှိတဲ့ဗျူဟာ

တစ်နိုင်ငံနဲ့တစ်နိုင်ငံ အသေးစိတ်အကြောင်းအရာတွေသာ ကွဲပြားသွားပေမယ့် အစိုးရတွေအနေနဲ့ တင်းကျပ်တဲ့ကန့်သတ်ချက်တွေ သို့မဟုတ် လိုအပ်လာရင် ဖြေလျှော့ပေးနိုင်တဲ့ လိုက်လျောညီထွေရှိပြီး ပြောင်းလွယ် ပြင်လွယ်တဲ့ လုပ်ဆောင်ချက်တွေကို ဆောင်ရွက်ပေးဖို့ဆိုတဲ့ ဗျူဟာတွေ လိုအပ်လာပုံချင်းတော့ တူညီပါတယ်။

အဲဒီဗျူဟာတွေအရ ဗိုင်းရပ်စ်စစ်ဆေးစမ်းသပ်မှုတွေနဲ့ စောင့်ကြည့်ထိန်းချုပ်မှုတွေ ပြင်းပြင်းထန်ထန် လုပ်ဆောင်တာ၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေက မြန်မြန်ဆန်ဆန်တုံ့ပြန်ဆောင်ရွက်မှုပေးတာ၊ နယ်စပ်မှာ စီမံခန့်ခွဲမှုကြပ်ကြပ်မတ်မတ်ဆောင်ရွက်တာတွေနဲ့ လူတွေအချင်းချင်း ကြိမ်ဖန်များစွာ ထိတွေ့ဆက်ဆံခြင်းရဲ့အန္တရာယ်တွေကို ဒေသခံပြည်သူတွေ ပုံမှန်သတိပေးလုပ်ဆောင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကလေးငယ်တစ်ဦးကို ကိုဗစ်-၁၉ စစ်ဆေးမှုဆောင်ရွက်ပေးနေစဉ်။

အောင်ပွဲမကြေညာနိုင်သေး

ဗျူဟာအပြောင်းအလဲတွေအရ ဗဟိုအစိုးရတွေနဲ့ ဒေသအာဏာပိုင်တွေဟာ အချက်အလက်တွေကို မကြာခဏ မျှဝေဖို့ လိုအပ်လာမှာဖြစ်ပြီး အတူတကွနီးကပ်စွာ အလုပ်လုပ်ဖို့လည်း လိုအပ်လာမှာဖြစ်ပါတယ်။ ဗြိတိန်မှာဆိုရင် ဒေသအာဏာပိုင်တချို့က ၎င်းတို့ရဲ့ကြိုးပမ်းအားထုတ်မှုတွေဟာ ပူးပေါင်းလုပ်ငန်းဆောင်ရွက်မှုအပိုင်းမှာ သိပ်ပြီးလုံလောက်မှုမရှိသေးဘူးလို့ ဆိုပါတယ်။ တကယ်တော့ အခုလုပ်ဆောင်နေတဲ့ ဗျူဟာအပြောင်းအလဲတွေက ကပ်ရောဂါတိုက်ဖျက်ရေးမှာ အောင်မြင်မှုအရှိဆုံးလို့ဆိုရမယ့် နိုင်ငံတွေတောင် ကာကွယ်ဆေးမတွေ့မချင်း အောင်ပွဲရကြောင်းမကြေညာနိုင်သေးဘူးဆိုတာကို အသိအမှတ်ပြုလိုက်တဲ့ ဝန်ခံချက်တစ်ခုပါပဲ။

နေသားကျဖို့ကြိုးစား

ပြီးတော့ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီးနဲ့ အိန္ဒိယလို နိုင်ငံတွေမှာဆိုရင် အာဏာပိုင်တွေဟာ ရောဂါစတင်ကူးစက်ဖြစ်ပွားမှုကို ဘယ်တုန်းကမှ အပြည့်အဝထိန်းချုပ်နိုင်ခဲ့ခြင်းမရှိသလို အဲဒီနေရာတွေကနေ ဆက်လက် ကူးစက်ပျံ့နှံ့သွားနိုင်တဲ့ ခြိမ်းခြောက်မှုတွေကိုလည်း ရပ်တန့်စေခြင်းငှာ မစွမ်းနိုင်ခဲ့ဘူးဆိုတာကို အခုနည်းဗျူဟာအပြောင်းအလဲတွေက ထင်ဟပ်ဖော်ပြနေပါတယ်။

ကိုဗစ်-၁၉ က မိမိတို့နဲ့အတူ ထာဝရနေထိုင်သွားတော့မှာ။ ဒီဗိုင်းရပ်စ်ကို ရေရှည်ပပျောက်အောင် နှိမ်နင်းနိုင်လိမ့်မယ်လို့ မိမိကတော့ မထင်ဘူး။ ဒီတော့ ရှေ့လျှောက် ဗိုင်းရပ်စ်နဲ့ ဘယ်လိုနေသားကျအောင်နေထိုင်သွားမလဲဆိုတာကိုပဲ စဉ်းစားရတော့မယ်လို့ နယူးဇီလန်နိုင်ငံ အော့ကလန်တက္ကသိုလ်က ရောဂါဗေဒကျွမ်းကျင် ပညာရှင် ဆိုင်မွန် ဂျိမ်းစ်သွန်လေက ပြောကြားပါတယ်။

အစုလိုက်ကူးစက်မှုတွေထပ်ဖြစ်နေ

ကိုဗစ်-၁၉ကို ထိန်းချုပ်လိုက်နိုင်ပြီလို့ ထင်ရတဲ့နေရာတွေမှာ အစုလိုက်ကူးစက်မှုတွေ ထပ်ပြီးပေါ်လာနေတာကိုက အခက်အခဲအတားအဆီးကြီးတစ်ခုပါပဲ။ တိုကျိုမှာ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း ရောဂါထပ်မံကူးစက်ခံရသူ ၂၅၃ ဦးပေါ်လာခဲ့ပြီး ၈၃ ဦးဟာ ညပွဲလမ်းတွေရှိရာကနေ ကူးစက်ခံလာရတာပါ။ ဂျာမနီနိုင်ငံအနောက်ပိုင်း အသားစက်ရုံတစ်ရုံမှာ အလုပ်သမားအရေအတွက် ၁၅၀၀အထိ ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရပြီး အာဏာပိုင်တွေက ဒေသနှစ်ခုကို အဝင်အထွက် ကန့်သတ်ပိတ်ဆို့ခဲ့ရပါတယ်။ ကပ်ရောဂါ တုံ့ပြန်ဆောင်ရွက်မှုမှာ မြန်ဆန်တယ်လို့ နာမည်ရနေတဲ့ တောင်ကိုရီးယားနိုင်ငံမှာလည်း မကြာသေးခင် ရက်ပိုင်းအတွင်းမှာတင် အစုလိုက် ထပ်မံကူးစက်ခံရကြောင်း ကြေညာထားပါတယ်။

ဥရောပရဲ့ကန့်သတ်ပိတ်ဆို့မှု အတင်းကျပ်ဆုံးနိုင်ငံတစ်ခုအဖြစ် လူသိများခဲ့တဲ့ ရောမမြို့ကဆေးရုံတစ်ရုံမှာ လူ ၁၂ ဦး အစုလိုက် ရောဂါကူးစက်ခံခဲ့ရပါတယ်။ နောက်ထပ် ရက်အနည်းငယ်အကြာမှာတော့ ရေချိုးခန်းတွေ အတူမျှသုံးနေရတဲ့ အဆောက်အအုံတစ်ခုမှာ နေထိုင်ကြတဲ့ လူ ၁၈ ဦးရောဂါထပ်မံကူးစက်ခံရပြန်ပါတယ်။

တင်းကျပ်စွာ ကန့်သတ်ပိတ်ဆို့မှုမရှိ

တောင်ကိုရီးယားနဲ့ ဂျပန်တို့လို နိုင်ငံအချို့မှာ ၎င်းတို့ရဲ့ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုတွေကို မြန်ဆန်သွက်လက်ကျွမ်းကျင်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ တောင်ကိုရီးယားနိုင်ငံက ၎င်းရဲ့နည်းဗျူဟာကို နေ့စဉ်လူမှုဘဝ ကန့်သတ်စောင့်ကြည့်မှုလို့ အမည်ပေးထားပါတယ်။ ဒီနိုင်ငံဟာ တခြားနေရာတွေမှာ တွေ့မြင်ရသလိုမျိုး တင်းကျပ်တဲ့ ကန့်သတ်ပိတ်ဆို့မှုတွေကို ဘယ်တော့မှ အကောင်အထည်ဖော်ခဲ့ခြင်းမရှိသလို တခြားနိုင်ငံတွေမှာ ပြင်းပြင်းထန်ထန် တိုက်တွန်းထားတဲ့ ခပ်ခွာခွာနေထိုင်ခြင်းဟာလည်း ဒီနိုင်ငံမှာ လမ်းညွှန်ချက်တစ်ခုအနေနဲ့သာ တွေ့ရပါတယ်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းထပ်ဖြစ်လာပြီးနောက် ပြည်သူတွေအနေနဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်တွေ စီးနင်းလိုက်ပါချိန်မှာ နှာခေါင်းစည်းကို မဖြစ်မနေတပ်ဆင်စေခဲ့ပြီး အများပြည်သူဝန်ဆောင်မှုပေးတဲ့နေရာတွေကို ရက်သတ္တနှစ်ပတ်ကြာအောင် ပိတ်ထားခဲ့ပါတယ်။

လမ်းညွှန်ချက်အသစ်တွေဖြည့်စွက်

ရောဂါကူးစက်ဖြစ်ပွားမှု အတွေ့အကြုံကနေ ရလိုက်တဲ့သင်ခန်းစာတွေ အများအပြားရရှိခဲ့ပြီးတဲ့နောက် တောင်ကိုရီးယားအစိုးရက လမ်းညွှန်ချက်အသစ်တွေ ထပ်မံဖြည့်စွက်လိုက်ကာ ကုမ္ပဏီတွေအနေနဲ့ ဝန်ထမ်းတွေကို အကွေ့အကောက်ပုံစံ ထိုင်ခိုင်းဖို့ အကြံပြုထားပါတယ်။ လေအေးပေးစက်တွေကို နှစ်နာရီတိုင်းမှာ တစ်ခါပိတ်သင့်ကြောင်း၊ လေဝင်လေထွက်ကောင်းမွန်စေရန်အတွက် ပြတင်းပေါက်တွေကို ဖွင့်ထားသင့်ကြောင်း အကြံပြုထားပါတယ်။ နွေရာသီမှာ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းနဲ့ N-95 နှာခေါင်းစည်းနှစ်မျိုးကို ဆောင်ထားဖို့နဲ့ လူထူထပ်တဲ့ပတ်ဝန်းကျင်နေရာတွေမှာ တပ်ဆင်အသုံးပြုဖို့ကိုလည်း အစိုးရကညွှန်ကြားထားပါတယ်။ ။

ကိုးကား - နယူးယောက်တိုင်းမ်

"ကိုဗစ်-၁၉ က မိမိတို့နဲ့အတူ ထာဝရနေထိုင်သွားတော့မှာ။ ဒီဗိုင်းရပ်စ်ကို ရေရှည်ပပျောက်အောင် နှိမ်နင်းနိုင်လိမ့်မယ်လို့ မိမိကတော့ မထင်ဘူး။ ဒီတော့ ရှေ့လျှောက် ဗိုင်းရပ်စ်နဲ့ ဘယ်လိုနေသားကျအောင်နေထိုင်သွားမလဲဆိုတာကိုပဲ စဉ်းစားရတော့မယ်လို့ နယူးဇီလန်နိုင်ငံ အော့ကလန်တက္ကသိုလ်က ရောဂါဗေဒ ကျွမ်းကျင်ပညာရှင် ဆိုင်မွန် ဂျိမ်းစ်သွန်လေက ပြောကြား"

နိုင်ငံတကာသတင်းတိုထွာ

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ကြောင့်ထပ်မံသေဆုံးသူ ၄၁၈ ဦး ပေါ်ထွက်

နယူးဒေလီ ဇွန် ၂၅

အိန္ဒိယနိုင်ငံ၌ ဇွန် ၂၅ ရက် နံနက်ပိုင်းက ကိုဗစ်-၁၉ ကူးစက်ခံရမှုကြောင့် ထပ်မံသေဆုံးသူ ၄၁၈ ဦးရှိကြောင်း ဖက်ဒရယ်ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်း ရောဂါထပ်မံကူးစက်ခံရသူ ၁၆၉၂၂ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် စုစုပေါင်း ၁၄၈၉၄ ဦး အထိရှိလာပြီး ရောဂါကူးစက်ခံရသူ အရေအတွက်မှာလည်း ၄၇၃၁၀၅ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။ မကြာသေးမီက ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံမှဆင်းသူ ၂၇၁၆၉၇ ဦး ရှိကြောင်း အာဏာပိုင်များကဖော်ပြသည်။ လက်ရှိတွင် ကိုဗစ်-၁၉ကူးစက်ခံထားရပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ ၁၈၆၅၁၄ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

ရုရှားနိုင်ငံ၏ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးအပေါ် ပြည်သူများ စတင်မဲပေး

မော်စကို ဇွန် ၂၅

ရုရှားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေး ပြည်လုံးကျွတ်မဲပေးမှုကို ဇွန် ၂၅ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။ ဖွဲ့စည်းပုံဆိုင်ရာပြုပြင်ပြောင်းလဲရေးတွင် ရုရှားသမ္မတ ဗလာဒီမာပူတင် ငါးကြိမ်မြောက်တာဝန်ထမ်းဆောင်ရန်ကြိုးပမ်းမှုကို ခွင့်ပြုမည့် ပြန်လည်ပြင်ဆင်ချက်တစ်ရပ်ပါဝင်ကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲမှုကို ထောက်ခံခြင်းရှိ မရှိကို ရုရှားပြည်သူများ၏ သဘောထားဆန္ဒကို မေးမြန်းထားပြီး မဲပေးခြင်းကို လာမည့် ရက်သတ္တပတ်အထိ ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင် ပြောင်းလဲရေးမူကြမ်းကို ဇန်နဝါရီလတွင် သမ္မတပူတင်ကအဆိုပြုခဲ့သည်။

လာမည့် ၂၀၂၄ခုနှစ်တွင် ပူတင်၏သမ္မတသက်တမ်းကုန်ဆုံးပြီးနောက် နောက်ထပ်တစ်ကြိမ် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ကို အဆိုပါဖွဲ့စည်းပုံဥပဒေအရ ခွင့်ပြုပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၅-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၂၄-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၈၅၂) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL, Mawlamyine) မှ ဓာတ်ခွဲနမူနာ (၃၆၈) ခု၊
- စုစုပေါင်း (၁,၂၂၀)ခု အား ယနေ့၊ နံနက်အစောပိုင်းတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၂။ (၂၅-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၉၃) ဦးရှိပါသည်။

၃။ (၂၄-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် –
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁,၃၁၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၆၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL, Mandalay) မှ ဓာတ်ခွဲနမူနာ (၂၉၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL, Mawlamyine) မှ ဓာတ်ခွဲနမူနာ (၃၆၈) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၁) ခု၊
- စုစုပေါင်း (၂,၃၃၀)ခု အား စစ်ဆေးခဲ့ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၅-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၂၄-၆-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၈၅၂) ခု
(၂၄-၆-၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၆၈) ခု
COVID-19 (SARS-CoV-2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ်	(၀) ဦး

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၅-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၂၅-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL) မှ (ပထမအသုတ်)ဓာတ်ခွဲနမူနာ(၄၆၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၁၉) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၅) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၀၅) ခု၊
  စုစုပေါင်း (၈၈၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၂၅-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၉၃) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၃) ဦး (Case- 216, 235, 242) ရှိသဖြင့် စုစုပေါင်း (၂၁၁) ဦးရှိပါသည်။ ၎င်းတို့အနက် (၁၉၅) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၄-၆-၂၀၂၀) ရက်နေ့၊ နေ့လယ်(၁၂:၀၀)နာရီမှ(၂၅-၆-၂၀၂၀) ရက်နေ့၊ နေ့လယ်(၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၄) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၅-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၅-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၄၆၆) ခု
(၂၅-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၁၉) ခု
(၂၅-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၉၅) ခု
(၂၅-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၀၅) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၀) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၅-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၀) ဦး	(၂၉၃) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၃) ဦး	(၂၁၁) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

မြန်မာ့ရိုးရာလက်ဝှေ့ပညာရှင်များသို့ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် နှာခေါင်းစည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၂၅

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက မြန်မာ့လက်ဝှေ့ပညာရှင်များအတွက် ကိုဗစ် – ၁၉ ကာလ စားသောက်ရေးအဆင်ပြေစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် နှာခေါင်းစည်းများပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံက လှူဒါန်းရခြင်းအကြောင်းပြောကြားပြီး မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်ထံသို့ ရိက္ခာအမယ်လေးမျိုးနှင့် ကိုဗစ် – ၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။ (ဓါတ်ပုံ)

“မြန်မာနိုင်ငံမှာ လက်ဝှေ့ကလပ်ပေါင်း ၇၃ ခုမှာ တရားဝင်မှတ်ပုံတင်ထားတဲ့ လက်ဝှေ့သမားပေါင်း ၆၁၇ ဦးရှိပါတယ်။ ရန်ကုန်မှာတော့ လက်ဝှေ့ကလပ် ၁၂ ခု ရှိပါတယ်။ ထောက်ပံ့ပစ္စည်းတွေကို ရန်ကုန်ကလပ်တွေအတွက် ခွဲဝေပေးမှာဖြစ်သလို နယ်အတွက်တော့ အဖွဲ့ချုပ်အစီအစဉ်နဲ့ ဆက်လက်ပေးပို့သွားမှာ ဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ အမှုဆောင် ဦးဝဏ္ဏက ပြောသည်။

အဆိုပါလှူဒါန်းမှုတွင် ဆန်ခြောက်ပြည်ပါ ဆန်အိတ် ၂၀၀၊ ဆီ ၅၀ သားဘူး ၂၀၀၊ ပဲ ၅၀ သား အထုပ် ၂၀၀၊ ဆားအထုပ် ၂၀၀၊ ကြက်ဥ ၁၀ လုံးကတ် ၂၀၀ နှင့် နှာခေါင်းစည်းအခု ၁၀၀၀၊ လက်သန့်ဆေး ၁၀ ဘူးဖြစ်ကြောင်း သိရသည်။

တပ်မတော်မိသားစုများအနေဖြင့် ယခုပွဲမတိုင်မီက စာသင်တိုက်များ၊ စစ်မှုထမ်းဟောင်းများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ သတင်းမီဒီယာ ကောင်စီစသောအဖွဲ့အစည်းများသို့လည်း ကိုဗစ် – ၁၉ ကာလအတွင်း ဆန်၊ ဆီ၊ ဆား၊ ပဲစသော အထောက်အပံ့များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ–အာကာစိုး

ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များတွင် အသုံးပြုနိုင်ရန် အလှူငွေများ လာရောက်လှူဒါန်း

မန္တလေး ဇွန် ၂၅

ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးအတွင်း လိုအပ်သည့် နေရာများတွင် အသုံးပြုနိုင်ရန်အတွက် Asia World Foundation မှ အလှူငွေကျပ် သိန်းတစ်ထောင်တိတိကို ယနေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က လက်ခံရယူပြီး (ယာပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လာရောက်လှူဒါန်း

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် စေတနာအလှူရှင်၊ ရဟန်းရှင်လူပြည်သူများနှင့် ကုမ္ပဏီများ၊ လူမှုအသင်းအဖွဲ့အစည်း အသီးသီးတို့က အလှူငွေများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ဆန်၊ ဆီ၊ ဆား အစရှိသည့် ပစ္စည်းများကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ကိုဗစ်-၁၉ကြောင့် မြန်မာ့စီးပွားရေးအခြေအနေ သက်ရောက်မှုပြင်းထန်နိုင်သည်ဟု ကမ္ဘာ့ဘဏ်ခန့်မှန်း

နေပြည်တော် ဇွန် ၂၅

ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ကမ္ဘာလုံးတွင် စီးပွားရေးကဏ္ဍ၌ ထိခိုက်မှုများ ရှိလာချိန်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေပေါ်တွင်လည်း ပြင်းထန်သည့် ထိုးနှက်ချက်တစ်ခုဖြစ်နိုင်ကြောင်းကို ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာခြင်းအစီရင်ခံစာတွင် ယနေ့ရက်စွဲဖြင့် ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာအတွင်း ယေဘုယျခန့်မှန်းအခြေအနေအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာ့စီးပွားရေးနှုန်းသည် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင်မူ ၀ ဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားမည်ဟု ၎င်းတို့က ခန့်မှန်းထားသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဆက်လက်ဖြစ်ပွားနေပါက စီးပွားရေးမှာ ယခုဘဏ္ဍာနှစ်အတွင်း ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျုံ့သွားနိုင်ကာ လာမည့်ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်မှ ပြန်လည်နာလန်ထူနိုင်မည်ဟု ခန့်မှန်းထားခြင်းဖြစ်သည်။

"အခုအချိန်မှာ မြန်မာ့စီးပွားရေးကာလလတ် မျှော်မှန်းချက်တွေက အကောင်းဘက်ကို ဦးတည်နေပေမယ့် ကြိုတင်မခန့်မှန်းနိုင်တဲ့ ကပ်ရောဂါတစ်ကျော့ပြန် ဖြစ်ပွားလာနိုင်ခြေကြောင့် ကြီးမားတဲ့အန္တရာယ်တွေလည်း ရှိနေဆဲပါ။ ခိုင်မာအားကောင်းတဲ့ မူဝါဒလုပ်ဆောင်ချက်တွေ အရေးတကြီး လိုအပ်နေပါတယ်။ အစိုးရအနေနဲ့ ရည်မှန်းထားတဲ့ အသုံးစရိတ်မျှော်မှန်းချက်တွေကို လိုအပ်သလို ပြောင်းလဲအသုံးပြုခြင်း၊ စီးပွားရေးလုပ်ငန်းငယ် အများအပြားကို တိုးချဲ့ထောက်ပံ့ပေးခြင်းနဲ့နွမ်းပါးတဲ့ အိမ်ထောင်စုတွေကို ထောက်ပံ့ပေးခြင်းအားဖြင့် CERP ကို ပိုမိုထိရောက် အောင်မြင်စေနိုင်ပါလိမ့်မယ်"ဟု ကမ္ဘာ့ဘဏ် မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံဆိုင်ရာ ဌာနေညွှန်ကြားရေးမှူး မာရီယမ်ရှာမန်က ပြောကြားသည်။



အစီရင်ခံစာအရ ကပ်ရောဂါအကျပ်အတည်းထိခိုက်မှုသည် ကဏ္ဍအားလုံးကို တစ်ပြေးညီ သက်ရောက်ခဲ့ခြင်း မဟုတ်ကြောင်း ဖော်ပြပါရှိပြီး ကန့်သတ်တားဆီးရခြင်းများကြောင့် လုပ်သားများအသုံးပြုနိုင်မှုကို အကန့်အသတ်ဖြစ်စေခြင်း၊ နယ်နိမိတ်ထိစပ်နေသော နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပိတ်ထားခြင်းကြောင့် စက်မှုထုတ်ကုန် ကုန်ကြမ်းထောက်ပံ့နိုင်မှု ပြတ်တောက်ခြင်းများကြောင့် စက်မှုကုန်ထုတ်လုပ်ရေးသည် ယခုဘဏ္ဍာနှစ်အတွင်း ၀ဒသမ ၂ ရာခိုင်နှုန်းအထိ ကျုံ့သွားနိုင်ပြီး ပြည်တွင်း ပြည်ပ ဝယ်လိုအား ကျဆင်းမှုများ ဆက်လက်ရှိနိုင်ကြောင်း၊ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချမှု ကွင်းဆက်ပြတ်တောက်မှုနှင့် ပြင်ပဝယ်လိုအား ကျဆင်းခြင်းများ ဆက်လက်ဖြစ်ပွားနေသဖြင့် လက်ကျန်ဘဏ္ဍာနှစ်အတွင်း ပို့ကုန်ဆက်လက် လျော့ကျသွားနိုင်သဖြင့် အခွန်ရရှိမှုသည်လည်း ယခင်နှစ်ကထက် ၆ ရာခိုင်နှုန်းဝန်းကျင် ကျဆင်းလာနိုင်သည်ဟု ခန့်မှန်းထားသည်။

စိုက်ပျိုးရေးကဏ္ဍသည် အခြားကဏ္ဍများနှင့် နှိုင်းယှဉ်ပါက ကိုဗစ်-၁၉ ရောဂါကြောင့် ရိုက်ခတ်မှုကို ခံနိုင်ရည်ရှိခဲ့ပြီး သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးလာမှုကြောင့် အီလက်ထရွန်နစ် ကုန်သွယ်ရေးဖွံ့ဖြိုးလာစေရန် များစွာအထောက်အကူပြုသည်။ ကိုဗစ်-၁၉ ကြောင့် စားသုံးသူဝယ်ယူနိုင်စွမ်း ကျဆင်းလာကာ ငွေကြေးဖောင်းပွမှုကိုလည်း လျော့ကျစေမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှုအား မြန်မာနိုင်ငံအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၊ စီးပွားရေး အလားအလာများနှင့် ဦးစားပေးမူဝါဒများကို စောင့်ကြည့်လေ့လာသုံးသပ်၍ တစ်နှစ်လျှင် နှစ်ကြိမ်ခန့်ကို ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

ခင်ရတနာ၊ ဓာတ်ပုံ-ကမ္ဘာ့ဘဏ်

တာချီလိတ်မြို့နယ် မြန်မာ-လာအို နယ်စပ်ဝင်ပေါက်မှ နေရပ်ပြန် မြန်မာနိုင်ငံသား ၁၈၆ ဦး ပြန်လည်ဝင်ရောက်

တာချီလိတ် ဇွန် ၂၅

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ် မြန်မာ-လာအို နယ်စပ်ဝင်ပေါက်မှ နေရပ်ပြန် မြန်မာနိုင်ငံသား ၁၈၆ ဦး ဇွန် ၂၄ ရက်က ပြန်လည်ဝင်ရောက်ခဲ့သည်။

ပြန်လည်ဝင်ရောက်လာကြသည့် မြန်မာနိုင်ငံသားများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောနှင့် တာဝန်ရှိသူများက ပြန်လည်လက်ခံကြသည်။ ပြန်လည်ဝင်ရောက်လာသူအားလုံးကို ကျန်းမာရေးစစ်ဆေးခြင်းနှင့် အပူချိန်တိုင်းတာခြင်းပြုလုပ်ခဲ့ပြီး သံသယလူနာ မတွေ့ရှိရသဖြင့် နေ့ချင်း မော်တော်ယာဉ်များ စီစဉ်ပေးကာ မိမိနေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့သည်။

နေရပ်ပြန်များကို ကျန်းမာရေးအထောက်အထား စာရွက်စာတမ်းများ ထုတ်ပေးပြီး မိမိနေထိုင်ရာဒေသတွင် ပြန်လည်ရောက်ရှိပါက အသွားအလာ ကန့်သတ်ရေးစခန်းဝင်ရန်နှင့် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှာကြားချက်များ လိုက်နာရန် စည်းကမ်းချက်များကို ကျန်းမာရေးဦးစီးဌာနမှ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

ယာဆေး(ပြန်/ဆက်)

ဆီဆိုင်မြို့နယ်၌ အသက်(၈၅)နှစ်အထက် ဘိုးဘွား ၁၃ ဦးအား လူမှုရေးပင်စင်နှင့် ထပ်ဆောင်းထောက်ပံ့ငွေ ပေးအပ်

ဆီဆိုင် ဇွန် ၂၅

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သော လူမှုရေးပင်စင်နှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့်ကာလ ထပ်ဆောင်းထောက်ပံ့ငွေများကို ဇွန် ၂၅ ရက် နံနက် ၈ နာရီခွဲက နောင်ကျောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာကိုးရွာမှ အသက်(၈၅)နှစ်အထက် ဘိုးဘွား ၁၃ ဦးတို့အား အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးသည်။

ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စုအတွင်းရှိ ဝါးတောကျေးရွာ၊ ဟော်တောင်ကျေးရွာ၊ ဟော်မြောက်ကျေးရွာ၊ ဘုရားဖြူကျေးရွာ၊ ပင်ငိုကျေးရွာ၊ နောက်ဗတ်ကျေးရွာ၊ ကောင်ဝိန်းကြီး ကျေးရွာ၊ ရေဖြူကျေးရွာနှင့် ကောင်ဝိန်းငယ်ကျေးရွာတို့ရှိ လူမှုရေးပင်စင်ရရှိသော အဘိုး အဘွား ၁၃ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် သုံးသောင်းစီနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားသည့် ကာလ ထပ်ဆောင်းထောက်ပံ့ငွေကျပ် သုံးသောင်းစီကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နောင်ကျောကျေးရွာအုပ်စုစာရေး ဦးစိုင်းမင်းထွေးနှင့် နောင်ကျောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်နိုင်တို့က အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ခွန်ရဲထွေး(ပြန်/ဆက်)

လာအိုနိုင်ငံမှ ပြန်လာသည့် မြန်မာအလုပ်သမား ၁၇၁ ဦး ကျိုင်းတုံမြို့သို့ ရောက်ရှိ

ကျိုင်းတုံ ဇွန် ၂၅

လာအိုနိုင်ငံတွင် အလုပ်လုပ်ကိုင်ပြီး ပြန်လာသည့် မြန်မာအလုပ်သမား ၁၇၁ ဦးသည် ဇွန် ၂၄ ရက် ညနေ ၆ နာရီခွဲက ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့ နောင်နွန်းဂိတ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မူလနေရပ်အသီးသီးသို့ အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးကာ တောင်ကြီးမြို့သို့ ဆက်လက်ပို့ဆောင်သည်။

လာအိုနိုင်ငံမှ ပြန်လာသည့် မြန်မာအလုပ်သမားများသည် လာအို(မိုင်းမော)-တာချီလိတ်(ဝမ်ပုံ)နယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်ပြီး ကျိုင်းတုံမြို့သို့ ရောက်ရှိခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းနှင့်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျိုင်းတုံလူငယ်ပရဟိတအဖွဲ့များနှင့် တာဝန်ရှိသူများက ထမင်းထုပ်၊ ရေသန့်ဘူးများ ဝေငှပေးသည်။

ပြန်လည်ဝင်ရောက်လာသူများအနက် ကျိုင်းတုံမြို့နယ်မှ ခုနစ်ဦးအား အသွားအလာကန့်သတ်စောင့်ကြည့်မှု ဆက်လက်ထားရှိရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးပြီး ကျန် ၁၆၄ ဦးအား နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးကာ တောင်ကြီးမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၆၈၄၀၄	၂၉၃

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၂၁၁	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၈၂၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၉၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၂၃	၅
၂	ရခိုင်	၁၂	
၃	ချင်း	၁၀	
၄	စစ်ကိုင်း	၉	
၅	ပဲခူး	၈	၁
၆	မွန်	၆	
၇	ရှမ်း(တောင်)	၄	
၈	မန္တလေး	၃	
၉	ရှမ်း(ရှေ့)	၃	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	နေပြည်တော်	၂	
၁၃	ကရင်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၁	
စုစုပေါင်း		၂၉၃	၆

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၅-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

၂၅-၆- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၂၄၆၃၉၂၃	၁၀၄၀၆၆၁	၁၂၄၃၀၈
၂။	ဘရာဇီး	၁၁၉၃၆၀၉	၆၄၉၈၀၆	၅၃၈၉၅
၃။	ရုရှား	၆၁၃၉၉၄	၃၇၅၁၆၄	၈၆၀၅
၄။	အိန္ဒိယ	၄၇၄၅၈၇	၂၇၂၆၃၆	၁၄၉၁၅
၅။	ဗြိတိန်	၃၀၆၈၆၂	စိစစ်ဆဲ	၄၃၀၈၁
၆။	စပိန်	၂၉၄၁၆၆	စိစစ်ဆဲ	၂၈၃၂၇
၇။	ပီရူး	၂၆၄၆၈၉	၁၅၁၅၈၉	၈၅၈၆
၈။	ချီလီ	၂၅၄၄၁၆	၂၁၅၀၉၃	၄၇၃၁
၉။	အီတလီ	၂၃၉၄၁၀	၁၈၆၁၁၁	၃၄၆၇၅
၁၀။	အီရန်	၂၁၅၀၉၆	၁၇၅၁၀၃	၁၀၁၃၀

အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၅- ၆ - ၂၀၂၀

	COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
အင်ဒိုနီးရှား	၅၀၁၈၇	၂၀၄၄၉	၂၆၂၀
စင်ကာပူ	၄၂၇၃၆	၃၆၂၉၉	၂၆
ဖိလစ်ပိုင်	၃၃၀၆၉	၈၉၁၀	၁၂၁၂
မလေးရှား	၈၆၀၀	၈၂၇၁	၁၂၁
ထိုင်း	၃၁၅၈	၃၀၃၈	၅၈
ဗီယက်နမ်	၃၅၂	၃၂၉	၀
မြန်မာ	၂၉၃	၂၁၁	၆
ဘရူနိုင်း	၁၄၁	၁၃၈	၃
ကမ္ဘောဒီးယား	၁၃၀	၁၂၇	၀
လာအို	၁၉	၁၉	၀

COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်း ပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို လူစုလူဝေး ရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မြဝတီမြို့၌ အသက် ၈၅ နှစ်အထက် ဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးငယ်များကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ထပ်ဆောင်းထောက်ပံ့ငွေပေးအပ်

မြဝတီ ဇွန် ၂၅

ကရင်ပြည်နယ် မြဝတီမြို့၌ အသက် ၈၅ နှစ်အထက် ဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးငယ်များကို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း ထပ်ဆောင်းထောက်ပံ့ငွေ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဘိုက အမှာစကားပြောကြားပြီး မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါထောက်ပံ့ငွေများပေးအပ်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဧပြီ၊ မေ၊ ဇွန်) တတိယသုံးလပတ်အတွက် သက်ကြီး အဘိုးအဘွား တစ်ဦးလျှင် လူမှုရေးပင်စင်ထောက်ပံ့ ငွေကျပ် သုံးသောင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းပြီး ငွေကျပ်စုစုပေါင်း ခြောက်သောင်းကို မြဝတီမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်အထက် ဘိုးဘွား ၁၆၀ အား ထောက်ပံ့ငွေကျပ် ၉၆၀၀၀၀၀၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးငယ် ၆၃၀၈ ဦးအတွက် ငွေကျပ် ၁၈၉၂၄၀၀၀၀ အပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ထပ်ဆောင်း ထောက်ပံ့ငွေကျပ် သုံးသောင်းကို မြဝတီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

မန်းသန်းရွှေမြင့်(ပြန်/ဆက်)

မိုင်းယောင်းမြို့နယ်တွင် အိမ်ခြံဥယျာဉ်ထွက် ဟင်းသီးဟင်းရွက်များ ပြည်သူများထံသို့ အခမဲ့ဖြန့်ဖြူးပေး

မိုင်းယောင်း ဇွန် ၂၅

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်း မြို့နယ်တွင် အိမ်ခြံဥယျာဉ်ထွက် ဟင်းသီးဟင်းရွက်များကို ပြည်သူများထံသို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုးနှင့် ဝန်ထမ်းများက ဇွန် ၂၅ ရက်က အခမဲ့ ဖြန့်ဖြူးပေးသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ဈေးများသို့ သွားရောက်ဝယ်ယူခြင်းကို လျှော့ချနိုင်ရန်၊ အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်သော အိမ်ခြံဥယျာဉ်ထွက် ခရမ်း၊ ချဉ်ပေါင်၊ ဘူး၊ ငရုတ်၊ မုန်ညင်း၊ ကန်စွန်းရွက် စသည့်လတ်လတ်ဆတ်ဆတ် ဟင်းသီး ဟင်းရွက်များကို ပြည်သူများထံသို့ အိမ်တိုင်ရာရောက် အခမဲ့ လိုက်လံဖြန့်ဖြူးပေးကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

(၁၀) နှစ်ပြည့် သင်္ဘောသားနေ့ အထိမ်းအမှတ်အဖြစ် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုခံယူနေသည့် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား အလှူရှင်များက အစားအသောက်များလှူဒါန်း

ရန်ကုန် ဇွန် ၂၅

ဇွန် ၂၅ ရက်တွင်ကျရောက်သည့် (၁၀) နှစ်ပြည့် သင်္ဘောသားနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုခံယူနေသည့် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား အလှူရှင်များက အစားအသောက်များ လှူဒါန်းသည့် အစီအစဉ်ကို ယနေ့နံနက်ပိုင်းက အဆိုပါဝင်းအတွင်းရှိ သံပျင်ဆောင်၌ ကျင်းပသည်။ (ဓာတ်ပုံ)

လှူဒါန်းမှုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ နှင့်စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှုမှု ခံယူနေသည့် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော သင်္ဘောသားများအပါအဝင် မြန်မာနိုင်ငံသား ၁၅၀ ကျော်ကို နေ့လယ်စာအဖြစ် ကြက်သားအုန်းထမင်းနှင့် အအေးတို့ လှူဒါန်းခြင်းဖြစ်သည်။

လှူဒါန်းမှုနှင့်စပ်လျဉ်း၍ အလှူရှင်ဖြစ်သူ Myanma Ocean Win Services Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းငွေက "နိုင်ငံတော်အစိုးရရဲ့ ကိုဗစ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှုကို တစ်ထောင့်တစ်နေရာက ပါဝင်တဲ့အနေနဲ့ အခုလို လှူဒါန်းတာပါ။ ညပိုင်းမှာလည်း သူတို့နေထိုင်တဲ့အဆောင်တွေကို သွားရောက်ပြီး ချင်းတွင်းဒိုးနဲ့ ဖျော်ဖြေဖို့စီစဉ်ထားပါတယ်။ စောင့်ကြပ်ကြည့်ရှုမှုခံယူနေတဲ့သူတွေအနေနဲ့ စိတ်ခွန်အားတွေ ရရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

IMO (International Maritime Organization) အနေဖြင့် သင်္ဘောသားများကို အသိအမှတ်ပြု ဂုဏ်ပြုအမှတ်တရရှိနေစေရန် ၂၀၁၀ ပြည့်နှစ်မှစတင်ကာ နှစ်စဉ် ဇွန်လ ၂၅ ရက်နေ့ကို သင်္ဘောသားနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် သင်္ဘောသားနေ့၏ ဆောင်ပုဒ်မှာ "Seafarers are Key Workers" ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ - ဇော်ကြီး

❍ *ရှေ့ဖုံးမှ*

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၁၁ ဦးနှင့် Norwegian၊ Costa Atlantica နှင့် Viking Orion အပျော်စီးသင်္ဘောများပေါ်မှ မြန်မာသင်္ဘောသားအမှုထမ်း ၂၈ ဦး စုစုပေါင်း ၁၃၉ ဦးအား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ယနေ့ ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းဆိပ်ကမ်းတွင် သောင်တင်ပိတ်မိကာ အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် မြန်မာသင်္ဘောသား ၁၂ ဦးနှင့် မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၃ ဦး စုစုပေါင်း ၁၅ ဦးတို့အား Air KBZ လေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် (၂၁) ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ မြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသားဦးရေ စုစုပေါင်း ၅၃၂၅ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ရောက်ရှိသည့် မြန်မာနိုင်ငံသားများတွင် ပြည်ပနိုင်ငံများရှိ ဆိပ်ကမ်းများ၌ သောင်တင်နေပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့ခဲ့ရသည့် မြန်မာသင်္ဘောသား ၁၀၀၀ ကျော်လည်း ပါဝင်သည်။

သတင်းစဉ်

COVID-19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဇွန် ၂၅

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိခဲ့သည်။

ယခုအခါတွင် COVID-19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ**(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဝက်ရောဂါဖြစ်၍ ဝက်များတွင်ကူးစက်ခံရပါက (၁၀၀ %) သေဆုံးနိုင်ပြီး စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှု များသောကြောင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက်အောက်ပါအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်းပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင် အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မော်လမြိုင်မြို့ရှိ သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်ထားရှိမည့် နေရပ်ပြန် ၂၀၉ ဦး ကြိုဆိုနေရာချထားပေး

မော်လမြိုင် ဇွန် ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်ထားရှိမည့်နေရာများဖြစ်သည့် မော်လမြိုင်တက္ကသိုလ် (၁၀) မြို့နယ်ဆောင်၊ နည်းပညာတက္ကသိုလ်၊ အမရာဆောင်သို့ ဇွန် ၂၃ ရက်က ကရင်ပြည်နယ် မြဝတီမြို့မှတစ်ဆင့် ဝင်ရောက်လာသော နေရပ်ပြန် အမျိုးသား ၁၂၄ ဦး၊ အမျိုးသမီး ၈၅ ဦး စုစုပေါင်း ၂၀၉ ဦး ရောက်ရှိလာရာ တာဝန်ရှိသူများက လက်ခံ၍ အဖျားတိုင်းပြီး ၎င်းတို့တည်းခိုမည့် အဆောင်များသို့ နေရာချထားပေးကြောင်း သိရသည်။

ထိုသို့ သွားလာကန့်သတ်စောင့်ကြည့်ခံရန် ဝင်ရောက်လာသော နေရပ်ပြန်များအား ပြည်နယ်လုံခြုံ ရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွန်းဦး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေး ဌာနဝန်ထမ်းများနှင့် အဖွဲ့အစည်းပေါင်းစုံက နွေးထွေးစွာ ကြိုဆိုကြပြီး အဖျားတိုင်းခြင်း၊ စာရင်းသွင်းခြင်းနှင့် ၎င်းတို့တည်းခိုနေရာသို့ ပို့ဆောင်ပေးခြင်း၊ စားရေးသောက်ရေးစီစဉ်ပေးခြင်းနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး ရာနှုန်းပြည့် လျှပ်စစ်မီးရရှိ

မြင်းခြံ ဇွန် ၂၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၈၇ ရွာတွင် ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း မြင်းခြံခရိုင် လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

အဆိုပါ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ ကြီးကြပ်မှုဖြင့် ပြည်ထောင်စုဘတ်ဂျက်၊ NEP စီမံကိန်းများ၊ တိုင်းဒေသကြီးဘတ်ဂျက်၊ PFI စသောဘတ်ဂျက်များအပြင် အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် 11 KV / 0.4 ထရန်စဖော်မာများ၊ ကျေးရွာတွင်း ၄၀၀ဗို့ ဓာတ်အားလိုင်း တည်ဆောက်ခြင်းများကို သက်ဆိုင်ရာ ကျေးရွာအလိုက် ကျေးရွာမီးလင်းရေး ကော်မတီများ စနစ်တကျဖွဲ့စည်းပြီး ကျေးရွာနေပြည်သူများမှ ထည့်ဝင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး၊ စနစ်တကျသုံးစွဲနိုင်ရေး ကျေးရွာများသို့ သွားရောက်၍ အသိပညာပေးခြင်းနှင့် ကျေးရွာလိုင်းမင်းသင်တန်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒုတိယခရိုင်လျှပ်စစ်မန်နေဂျာ ဦးတိုးတိုးအောင်က ပြောသည်။

ယခင်က မြင်းခြံမြို့ပေါ်ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့အတွက် မြင်းခြံမြို့ 66/11 KV စွန်းလွန်းဓာတ်အားခွဲရုံနှင့် 33/11 KV စွန်းလွန်းဓာတ်အားခွဲရုံနှစ်ရုံမှ ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိရာ ယခုအခါ ကျေးရွာပေါင်း ၁၈၇ ရွာ အတွက် ၂၀၁၆ – ၂၀၁၇ တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် 33 KV 5 MVA ဓာတ်အားခွဲရုံနှင့် ၂၀၁၈ – ၂၀၁၉ တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် 66 KV 5 MVA ကုကွဲ ဓာတ်အားခွဲရုံများကို တိုးချဲ့တည်ဆောက်ခဲ့ပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ မြသောင်း(ရွှေခြံမြေ)

သဖန်းဆိပ်ဆည်ရေသောက်စနစ်မှ ၂၀၂၀ မိုးစပါးရာသီအတွက် စပါးစိုက်ဧက လေးသိန်းနှစ်သောင်းကျော်ကို စိုက်ပျိုးရေပေးဝေနိုင်ရန် မျှော်မှန်း

ရွှေဘို ဇွန် ၂၅

သဖန်းဆိပ်ဆည်ရေသောက်စနစ်မှ ၂၀၂၀ ပြည့်နှစ် မိုးစပါးစိုက်ပျိုးရေပေးဝေနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၂၃ ရက်က ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်က ၂၀၂၀ ပြည့်နှစ် သဖန်းဆိပ်ဆည်ရေသောက်စနစ်မှ မိုးစပါးစိုက်ပျိုးရေပေးဝေရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းလှိုင်ဦးက သဖန်းဆိပ်ဆည်မှ ရေရရှိမှုအပေါ်မူတည်၍ မိုးစပါးအပါအဝင် သီးနှံအလိုက်မျိုး၊ စိုက်စနစ်နှင့် သီးနှံပုံစံများ၊ စိုက်ပျိုးမည့်အစီအစဉ်ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးခင်မောင်ဇင်က သဖန်းဆိပ်ဆည်ရေသောက်ဧရိယာများတွင် လယ်ယာသုံးစက်ကိရိယာသုံးစွဲ စိုက်ပျိုးနိုင်ရေး အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

သဖန်းဆိပ်ဆည်မှ မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် ရေပေးဝေနိုင်မည့်ဧရိယာဧက၊ နေ့ရက်၊ မြောင်းလက်တံအလိုက် ရေပေးဝေမည့် အချိန်ဇယားနှင့် မြောင်းလက်တံအလိုက် စိုက်နည်းစနစ်အလိုက် စိုက်ပျိုးမည့်အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံမှ ၂၀၁၉–၂၀၂၀ မိုးစပါးစိုက်ဧက ၄၇၀၀၀၀ ကျော်၊ ဆောင်းသီးနှံ ၉၆၀၀၀၊ နွေသီးနှံ ၁၄၀၀၀၀ ကျော်ကို စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ကြောင်း၊ ယနေ့အထိ သဖန်းဆိပ်ရေလှောင်တမံအတွင်း ဆည်ရေသိုလှောင်နိုင်မှုမှာ ရေဧကပေ ၅၄၀၀၀၀ ကျော်ရှိသဖြင့် ၂၀၂၀ မိုးစပါးရာသီအတွက် စပါးစိုက်ဧက ၄၂၀၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်ရန် မျှော်မှန်းထားသည်။ မေမိုးသဲ

အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ – ၆ – ၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၂၁၇၀၀၀
ရန်ကုန်	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၂၁၄၀၀၀
ရန်ကုန်	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၁၄၅၄၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၂၁၇၀၀၀
မန္တလေး	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၂၁၄၀၀၀
မန္တလေး	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၁၄၅၄၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၅၄၀/၅၉၀	ကျပ်	၅၆၅/၅၈၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၅၅၀/၆၀၀	ကျပ်	၅၈၀/၅၉၅	ကျပ်
အောက်တိန်း ၉၂	၄၈၀/၅၃၀	ကျပ်	၅၄၀/၅၅၅	ကျပ်
အောက်တိန်း ၉၅	၆၁၀/၆၃၀	ကျပ်	၆၆၅/၆၈၀	ကျပ်

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၃၈၉ . ၄
ဥရောပ	တစ်ယူရို	ကျပ်	၁၅၆၁ . ၃
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၉၉၈ . ၃၀
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၇၂၉ . ၆
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၂၉၆ . ၆
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၅၆ . ၁၀
တရုတ်	တစ်ယွမ်	ကျပ်	၁၉၆ . ၂၉
အိန္ဒိယ	တစ်ရူပီး	ကျပ်	၁၈ . ၃၇၅
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၅ . ၄၂
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၂၄ . ၇၈
ထိုင်း	တစ်ဘတ်	ကျပ်	၄၄ . ၉၄၃

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁၀၀၀	၁၀၅၀၀	၁၁၂၉	၁၁၈၆၆၅၀၀
MTSH	၃၈၅၀	၃၈၀၀	၃၁၁၇	၁၁၈၄၅၇၅၀
MCB	၈၂၀၀	၈၂၀၀	၂	၁၆၄၀၀
FPB	၂၂၅၀၀	၂၂၅၀၀	၄၂၃	၉၅၁၇၅၀၀
TMH	၂၈၀၀	၂၈၀၀	၄	၁၁၂၀၀
EFR	၂၇၀၀	၂၇၀၀	၅	၁၃၅၀၀

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – ဝင်းကျော်
သတင်းထောက်ချုပ် – မြင့်ဆွေ
စာတည်းများ – ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၀၄၅၊ ဖက်စ် ၀၆၇–၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၆)

လုံခြုံစိတ်ချရသောမဲပေးခြင်းလုပ်ငန်းစဉ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း

မောင်စာဂ

မြန်မာနိုင်ငံတွင် လာမည့်နိုဝင်ဘာလအတွင်း၌ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန်ရှိနေသည်။ ရွေးကောက်ပွဲကျင်းပသည့်အချိန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းက လျော့နည်းကျဆင်းသွားမည်လား၊ ပိုမိုဆိုးရွားလာနိုင်သည်လား ကြိုတင်မခန့်မှန်းနိုင်ပါ။ ဤသို့သောအခြေအနေတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါမှ လုံခြုံစိတ်ချရသော မဲပေးခြင်းလုပ်ငန်းစဉ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်။ လေ့လာသိရှိသမျှ အနှစ်ချုပ်မျှဝေပါရစေ။

ဆွေးနွေးညှိနှိုင်းခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရသည့်အချိန်နှင့် ကြုံကြိုက်နေသည်။ မဲဆန္ဒရှင်များ လုံခြုံစိတ်ချ၊ ဘေးကင်းစွာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ဆန္ဒမဲပေးနိုင်ရေးသည် အဓိက လိုအပ်ချက် ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ဇွန်လ ဒုတိယပတ်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ တာဝန်ရှိ ဆရာဝန်ကြီးများက လိုအပ်သည်များကို ရှင်းလင်းညွှန်ပြ ပြောကြားသည်။ ထို့နောက် မဲဆန္ဒရှင်များ မဲရုံ၌ ဆန္ဒမဲပေးပုံ လက်တွေ့သရုပ်ပြသသည့် စီစဉ်ဆောင်ရွက်မှု ပြုခဲ့ သည်။ ကိုယ်တိုင်လေ့လာခွင့် ရရှိခဲ့သည်။ တွေ့မြင်သိရှိ သမျှကို ဖော်ပြပါမည်။

မဲရုံအတွင်းအခင်းအကျင်း

မဲရုံအတွင်းတွင် မဲစာရင်းစစ်ဆေးသူနှင့် မဲလက်မှတ် ထုတ်ပေးသူအကြား ၁.၅ မီတာ (၅ ပေ) ခန့် အကွာအဝေး သတ်မှတ်နေရာချထားသည်။ လွှတ်တော်အသီးသီး၏ ဆန္ဒပြုခန်းများကိုလည်း ၁.၅မီတာခန့် အကွာအဝေးတွင် ထားရှိသည်။ မဲရုံအတွင်း ကြမ်းပြင်တွင် မဲဆန္ဒရှင်များ တစ်ဦးနှင့်တစ်ဦး တန်းစီနေရာယူရမည့်အကွာအဝေးကို ညွှန်ပြထားသည့်အမှတ်အသားများ ပြုလုပ်ထားသည်။ မဲရုံအတွင်း ရှိနေကြမည့် မဲရုံကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲလေ့လာသူများအတွက် ထိုင်ခုံနေရာများကို လည်း ၁.၅ မီတာခန့် အကွာအဝေးဖြင့် စီစဉ်ထားရှိသည်။ မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများသည် နှာခေါင်းစည်း (Mask) များ ဝတ်ဆင်ထားသည်။ မျက်နှာဖုံးကာဗာ (Face Shield) များ တပ်ဆင်ထားသည်။ တစ်ခါသုံး လက်အိတ်များ စွပ်ထားကြသည်။

မဲရုံးပြင်ပအခင်းအကျင်း

မဲစာရင်းကပ်ထားကြေညာပေးသည့် နေရာ၊ ဘုတ်ပြားတွင် တစ်ဦးချင်းစီသာ ကြည့်ရှုနိုင်မည့် လမ်းကြောင်း သတ်မှတ်ထားသည်။ အဆိုပါ လမ်းကြောင်းသည် တစ်မီတာခန့် (၃ ပေ) အကျယ်ရှိသည်။ မဲဆန္ဒရှင် တစ်ဦးနှင့်တစ်ဦးသည် ၁.၅ မီတာခန့် အကွာအဝေးဖြင့် တန်းစီကြည့်နိုင်ရန် မဲရုံဝန်ထမ်းတစ်ဦး ထားရှိသည်။ တစ်ဆက်တည်းပင် မဲရုံအတွင်းသို့ဝင်ရန် တန်းစီသည့် လမ်းကြောင်းကိုလည်း သတ်မှတ်ထားသည်။ မဲဆန္ဒရှင် တစ်ဦးနှင့်တစ်ဦး ၁.၅ မီတာခန့်အကွာအဝေးဖြင့် တန်းစီ နိုင်ရန် မဲရုံဝန်ထမ်းတစ်ဦးက ကြီးကြပ်ပေးလျက်ရှိသည်။

" မဲရုံအတွင်းသို့မဝင်မီ လက်ကို သန့်စင်စွာ ဆေးကြောထားရမည် "၊ " ကြမ်းပြင်တွင် သတ်မှတ်ထား သော အကွာအဝေးမှသာ တစ်ဦးနှင့်တစ်ဦး တန်းစီဝင်ပါ"၊ " ချောင်းဆိုးနှာချေလျှင် တံတောင်ဆစ်ကို အသုံးပြု၍ ကာကွယ်ပါ "၊ "မျက်နှာကို လက်ဖြင့် မထိပါစေနှင့်" ဆိုသည့် ဆိုင်းဘုတ်များ ချိတ်ဆွဲထားသည်။

မဲပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်

မဲဆန္ဒရှင်များသည် မဲရုံအတွင်းသို့မဝင်မီ မဲရုံဝင်ပေါက် အနီး အသင့်ထားရှိသော လက်သန့်ဆေးရည်ဖြင့် လက်ဆေးကြသည်။ ဝန်ထမ်းတစ်ဦးက မဲဆန္ဒရှင်ကို အပူချိန်တိုင်းသည်။ ပြီးလျှင် မဲရုံဝင်ပေါက်၌ပင် အသင့် ထားရှိသော တစ်ခါသုံးလက်အိတ် နှစ်ခုကို မဲဆန္ဒရှင် ကိုယ်တိုင်ယူပြီး လက်ကိုစွပ်သည်။ ထို့နောက် မဲလက်မှတ် ထုတ်ပေးသူထံသို့သွားပြီး မဲလက်မှတ်ထုတ်ယူသည်။ အသင့်ထားရှိသော ဘောပင်ဖြင့် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်းပြုသည်။

ရွေးကောက်ပွဲမဲရုံသရုပ်ပြပုံ

“မဲဆန္ဒရှင်များသည် မဲရုံအတွင်းသို့မဝင်မီ မဲရုံဝင်ပေါက်အနီး အသင့်ထားရှိသော လက်သန့်ဆေးရည်ဖြင့် လက်ဆေးကြသည်။ ဝန်ထမ်းတစ်ဦးက မဲဆန္ဒရှင်ကို အပူချိန်တိုင်းသည်။ ပြီးလျှင် မဲရုံဝင်ပေါက်၌ပင် အသင့်ထားရှိသော တစ်ခါသုံးလက်အိတ် နှစ်ခုကို မဲဆန္ဒရှင် ကိုယ်တိုင်ယူပြီး လက်ကိုစွပ်သည်။ ထို့နောက် မဲလက်မှတ် ထုတ်ပေးသူထံသို့သွားပြီး မဲလက်မှတ်ထုတ်ယူသည်။ အသင့်ထားရှိသော ဘောပင်ဖြင့် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်းပြုသည်။ မဲလက်မှတ်ကိုယူ၍ လျှို့ဝှက်မဲပေးခန်းဆီသို့သွား သည်။ ဆန္ဒမဲလက်မှတ်ပေါ်တွင် ၎င်းနှစ်သက်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကို ရွေးချယ်ကာ သတ်မှတ်ထားသော အကွက်တွင် တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုသည်။ ပြီးလျှင် မဲလက်မှတ်ကိုခေါက်ကာ မဲပုံးအတွင်းသို့ထည့်သည်”

မဲလက်မှတ်ကိုယူ၍ လျှို့ဝှက်မဲပေးခန်းဆီသို့သွားသည်။ ဆန္ဒမဲလက်မှတ်ပေါ်တွင် ၎င်းနှစ်သက်သည့် လွှတ်တော် ကိုယ်စားလှယ်လောင်းကိုရွေးချယ်ကာ သတ်မှတ်ထား သော အကွက်တွင် တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုသည်။ ပြီးလျှင် မဲလက်မှတ်ကိုခေါက်ကာ မဲပုံးအတွင်းသို့ထည့်သည်။

ဤသို့ပင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လောင်းအတွက် ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒပြုကာ မဲထည့်သည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်းအတွက် ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒပြုကာ မဲထည့်သည့်။ ပြီးလျှင် ၎င်းတပ်ဆင်ထားသော တစ်ခါသုံးလက်အိတ်ကိုချွတ်ကာ သတ်မှတ်ထားသည့် အမှိုက်ပုံးထဲသို့ထည့်သည်။ ထို့နောက် လက်သန်းထိပ် မင်တို့ကာ မဲရုံအတွင်းမှ ပြန်ထွက်သည်။ တစ်ခါသုံး လက်အိတ်ကို အသုံးပြုခြင်းသည် ကိုဗစ်-၁၉ ကူးစက် ရောဂါပိုးရှိသူ ထိတွေ့ကိုင်တွယ်ခဲ့သည့် မဲရုံအသုံးအဆောင် ပစ္စည်းများကို ထိတွေ့ကိုင်တွယ်နိုင်ရခြင်းအခြေအနေမှ ကာကွယ်လျှော့ချနိုင်သည်ဟု သုံးသပ်ကြသည်။

ပိုးသတ်ထားခြင်း

မဲရုံအတွင်းအသုံးပြုသော စားပွဲများ၊ ထိုင်ခုံများ၊ ဆန္ဒပြုခန်းများ၊ တံဆိပ်တုံးများ၊ မင်ခံ၊ မင်အိုး၊ ဘောပင်၊ မဲပုံးများ၊ လုံခြုံရေးကြိုးများ၊ မဲလက်မှတ်များ၊ မဲလက်မှတ် များထည့်သည့် အိတ်များ အစရှိသည့် မဲရုံသုံးပစ္စည်းများ အားလုံးကို ပိုးသတ်ထားပြီးဖြစ်သည်။

စင်ကာပူနိုင်ငံ၏ရွေးကောက်ပွဲကြိုတင်ဆောင်ရွက်ချက်

စင်ကာပူနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံနေရမှု ကာလအတွင်း သတ်မှတ်ထားသည့်အတိုင်း ဇူလိုင်လတွင် ရွေးကောက်ပွဲကျင်းပသွားရန်ရှိပြီး ကျန်းမာရေးဆိုင်ရာ လုံခြုံမှုရှိစွာ ရွေးကောက်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ကြိုတင်ဆောင်ရွက်ချက်များ စီမံထားရှိသည်။ ဗဟုသုတ အဖြစ် လေ့လာမှတ်သားသိရှိသည်ကို အနှစ်ချုပ်တင်ပြ ပါရစေ။

စင်ကာပူနိုင်ငံတွင် လူစုလူဝေးဖြင့် မဲဆွယ်ခြင်းများကို တတ်နိုင်သမျှ လျှော့ချသည်။ နိုင်ငံရေးပါတီများအတွက် အစည်းအဝေးများကျင်းပခြင်း၊ လမ်းလျှောက်ခြင်းနှင့် မဲဆန္ဒရှင်များ၏အိမ်သို့ သွားရောက်ခြင်းများအပါအဝင် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန် ထားသည်။ မဲဆွယ်စည်းရုံးရေးဆိုင်ရာသတင်းစကားများ ကို မဲဆန္ဒရှင်များက ကောင်းစွာသိရှိကြစေရန်နှင့် မည်သည့်အချိန်တွင် ရုပ်သံများမှတစ်ဆင့် ထုတ်လွှင့်မည် ကို အသိပေးခြင်းများ ဆောင်ရွက်သည်။ လွှတ်တော် ကိုယ်စားလှယ်လောင်းများ အွန်လိုင်းမှတစ်ဆင့် မဲဆွယ် စည်းရုံးခြင်း၊ ကုန်ကျစရိတ် တင်ပြမှုဆိုင်ရာ စည်းမျဉ်း စည်းကမ်းအသစ်များ ပြင်ဆင်ထားသည်။

စင်ကာပူနိုင်ငံအနေဖြင့် မဲရုံများ၌ မဲဆန္ဒရှင်များအား လူစုခွဲထားသည်။ ဥပမာ အိမ်ထောင်စုတစ်စုတည်းမှ မဲဆန္ဒရှင်များအား နှစ်နာရီခြား၍ သွားရောက်ပြီး မဲပေး ကြရန် အကြံပြုထားသည်။ အသက် ၆၅ နှစ် ကျော်သော မဲဆန္ဒရှင်များအား လူတစ်ဦးကျစီ အဖော်ခေါ်ဆောင်ခွင့်ပြု ပြီး နံနက်ပိုင်း ၈ နာရီမှ နေ့ခင်းမွန်းတည့်ချိန်အတွင်း မဲပေးစေရန် စီစဉ်ထားသည်။ မဲရုံအရေအတွက်များကို ၈၈၀ မှ ၁၁၀၀ သို့ တိုးမြှင့်ခြင်းဖြင့် မဲရုံအလိုက် မဲဆန္ဒရှင် အရေအတွက်များ လျှော့ချထားသည်။

မဲဆန္ဒရှင်များက အချိန်တိုင်းတွင် အနည်းဆုံး တစ်မီတာ (၃ ပေ) စီခြား၍ ထားသည်။ ရွေးကောက်ပွဲ အရာရှိနှင့် မဲရုံးဝန်ထမ်းများသည်လည်း တစ်မီတာစီခြား၍ ထိုင်ကြမည်။ မဲဆန္ဒရှင်များ တန်းစီနေစဉ်အတွင်း ကိုယ်အပူချိန်တိုင်းခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ရှိ/မရှိ တိုင်းတာခြင်းများ ဆောင်ရွက် သွားမည်။

မဲဆန္ဒရှင်များသည် နှာခေါင်းစည်း (Mask) များ တပ်ဆင်လျက် နေအိမ်မှထွက်လာပြီး စာရင်းသွင်းစဉ်တွင် မျက်နှာကို ခေတ္တဖော်ပြရသည်။ မဲလက်မှတ်မယူခင် လက်များကို ဆေးကြောသန့်စင်ရသည်။ ဆန္ဒပြုခန်းနှင့် ဘောပင်များအပါအဝင် လူများလက်ဖြင့်ထိတွေ့လေ့ရှိ သောအရာများအားလုံး အနည်းဆုံး နာရီဝက်ခြားတစ်ခါ သန့်စင်ရသည်။ ကိုဗစ် - ၁၉ ရောဂါကို အထူးပြုလျက် အတည်ပြုထားသည့် လွှတ်တော်ရွေးကောက်ပွဲ အက်ဥပဒေအရ ဟိုတယ်များအပါအဝင် သတ်မှတ်ထား သော နေရာများတွင် “ Stay Home ” နေနေရသည့် မဲဆန္ဒရှင်များအား သီးသန့်မဲရုံများဖြင့် မဲပေးခွင့်ပြုထား သည်။

မြန်မာနိုင်ငံနှင့် ကိုဗစ်-၁၉ အခြေအနေ

မြန်မာနိုင်ငံတွင် ၂၃ - ၆ - ၂၀၂၀ ရက်နေ့အထိ ကိုဗစ် - ၁၉ ရောဂါကူးစက်ခံရမှုအခြေအနေမှာ ဓာတ်ခွဲ အတည်ပြုလူနာစုစုပေါင်း ၂၉၂ ဦးရှိသည်။ ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ ၂၀၄ ဦးရှိသည်။ သေဆုံးလူနာ ၆ ဦးရှိသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကူးစက်ခံရမှု အများအနည်းအလိုက် ဖော်ပြရလျှင် ရန်ကုန် ၂၂၃ ဦး(သေဆုံးသူ ၅ ဦး) ၊ ရခိုင် ၁၁ ဦး၊ ချင်း ၁၀ ဦး၊ စစ်ကိုင်း ၉ ဦး၊ ပဲခူး ၈ ဦး (သေဆုံးသူ ၁ ဦး)၊ မွန်ပြည်နယ် ၆ ဦး၊ ရှမ်း (တောင်) ၄ ဦး၊ မန္တလေး၊ ရှမ်း(ရှေ့)၊ ရှမ်း (မြောက်) နှင့် မကွေးတို့တွင် ၃ ဦးစီ၊ နေပြည်တော်၊ ကရင်၊ ဧရာဝတီ နှင့် ကချင်တို့တွင် ၂ ဦးစီ နှင့် တနင်္သာရီတွင် ၁ ဦး ရှိသည်။

လုံခြုံမှုရှိစွာ ဆန္ဒမဲပေးနိုင်ကြပါမည်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၉၂ ဦးရှိသော်လည်း ရန်ကုန်မြို့တွင်သာ ၂၂၃ ဦးဖြင့် အများဆုံးဖြစ်နေသည်။ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီး များတွင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အနည်းငယ်စီ သာ ဖြစ်သည်။ ကယားပြည်နယ်တွင် လုံးဝမရှိပါ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကိုဗစ်-၁၉ ကာလအတွင်း ရွေးကောက်ပွဲကျင်းပခြင်းနှင့် လုံခြုံ စိတ်ချရသော မဲပေးခြင်းလုပ်ငန်းစဉ်များ ဖြစ်လာရေး ရှုထောင့်မျိုးစုံမှ လေ့လာသုံးသပ်လျက် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ ပြည်ပနိုင်ငံအချို့၏ အတွေ့အကြုံများကို လေ့လာသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုများကို ခံယူ၍ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါမှ လုံခြုံ စိတ်ချစွာဖြင့် ဆန္ဒမဲပေးနိုင်ကြမည်ဟု ယုံကြည်မိကြောင်း ပါဗျာ။

- » **ကိုဗစ်-၁၉ ရောဂါ အမြန်ဆုံး ချုပ်ငြိမ်းပပျောက်ပါစေ၊**
- » **မဲဆန္ဒရှင်ပြည်သူများ လုံခြုံစိတ်ချစွာ ဆန္ဒမဲပေးနိုင် ကြပါစေ၊**
- » **လုံခြုံစိတ်ချရသော လုပ်ငန်းစဉ်များ ချမှတ်ပြီး ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ပါစေ။**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7C/9484 TOYOTA HARRIER MCU 15, STATION WAGON (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသိန်း ၉/တတဥ(နိုင်)၀၁၆၆၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ဖခင်အမည်မှန်

အုတ်ဖိုမြို့၊ စက်ကြီးတန်၊ အိုးသည်ကုန်း ကျေးရွာ၊ အထက၊ သဲတောကြီး တက္ကသိုလ်ဝင် တန်းမှ မောင်ညီညီအောင်နှင့် နဝမတန်းမှ မအိအိအောင်တို့၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးမောင်ဇော် ၇/အဖန(နိုင်)၁၀၉၈၂၅ ဖြစ်ပါ ကြောင်း။

ဦးမောင်ဇော်

မွေးသက္ကရာဇ်အမှန်

ကျွန်တော် မောင်ကုဋေကျော် (ဘ) ဦးကြည်ဝင်း ၁၂/လသန(နိုင်) ၀၂၃၆၆၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၁-၂၀၀၀ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ကူနစ်လုံးဆည်စုကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၈၆၅၊ ငွေးတောက်ရိုးကွင်း၊ ဦးပိုင် ၆၁/၁/၆၃/၂၊ ဧရိယာ ၁.၈၀၊ ၀.၁၂ ဦးမြင့်ဆွေ အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ စာအုပ်ပျောက်ဆုံးသွားပါ၍ သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သို့ ပြန်လည်လျှောက်ထားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ပျောက်ဆုံးကြောင်း

ဦးအောင်တင် (ဘ)ဦးပေါက်ကြိုင်း ၏ လယ်ဝေးမြို့နယ် စိုင်ခေါင်းရိုးကျေးရွာ အုပ်စု ကွင်းအမှတ် ၁၇၂၇ ဦးပိုင်အမှတ် (၃၀/၃) ဧရိယာ ၁.၀၀ ဧက ပုံစံ ၇ ပျောက်ဆုံးသွားပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၂၀၆၅၃ Kenbo 125, MC ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ဝေ ၉/တတဥ(နိုင်)၀၇၇၃၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အမည်မှန်

နမ့်ခမ်းမြို့နယ်၊ ပန်ယုတ် (ထက်) ကျေးရွာနေ ဒေါ်အီခင်၏ အမည်မှန်မှာ ဒေါ်အီမ်း ၁၃/နခန(နိုင်) ၀၂၄၆၁၉ ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးလှမောင် (ခ) ဦးလှအိမ် ၁၃/နခန (နိုင်) ၀၁၈၈၁၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၃)တက္ကသိုလ်ဝင်တန်းမှ မောင်ရဲမင်းထက်၊ နဝမတန်းမှ မောင်ရဲဦးနှင့် ဆဋ္ဌမတန်းမှ မမဉ္ဇူကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းရွှေ ၇/လပတ (နိုင်)၁၃၃၉၇၂ဖြစ်ပါကြောင်း။

ဦးထွန်းရွှေ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ် ၄၇၃၊ မြေဧရိယာ ပေ(၄၀ x ၆၀)၊ မြေကွက်တည်နေရာအမှတ် ၄၇၃၊ နိဂြောဓလမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်မြရင်(ISN-၃၆၉၈၃၄)အမည်ပေါက်၊ နှစ်(၆၀)ဂ ရန်မြေအား အမည်ပေါက် ဒေါ်မြရင်(အစ်မ)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော မောင်ဖြစ်သူ ဦးတင်လှိုင် ၁၂/သကတ(နိုင်)၀၃၆၉၈၈ မှ ကျမ်းကျိန်လွှာများ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်6E/5346 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ်(၃၆/ဈေးချောင်းမြောက်)၊ ဦးပိုင်အမှတ် (၂၃/၁-ဓ)၊ ဧရိယာ ၀.၀၅၅ဧက မြေကွက်အား ဒေါ်အေးချိုချိုက မြေငှားဂရန် (ဦးပိုင်ခွဲ)လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် အောက်ပါရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့

အမည်မှန်

နမ့်ခမ်းမြို့နယ်၊ ပန်ယုတ် (ထက်) ကျေးရွာနေ ဦးလှမောင် ၁၃/နခန(နိုင်) ၀၁၈၈၁၃၏ သားအမည်မှန်မှာ မောင်ထွန်းကျော် (ခ) ယိုင်ခယ် ၁၃/ ကလန(နိုင်) ၁၂၀၇၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတော မြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ ဒီးဒူးကုန်း ကျေးရွာအုပ်စု၊ သာယာချောင်းကျေးရွာ (အလက-ခွဲ)၊ ပဥ္စမတန်း (Grade -6)မှ မောင်သက်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော် ၁၄/ငပတ(နိုင်)၁၅၂၆၈၃ ဖြစ်ပါသည်။

ဦးမင်းဇော်

ကန့်ကွက်နိုင်ပါကြောင်း

ရေကြည်မြို့နယ်၊ (၅)ရပ်ကွက်၊ အကွက်အမှတ်(၄၇၃)၊ မတော့ကုန်းကွင်း၊ ဦးပိုင်အမှတ်-၉၂/၁၊ ဧရိယာ ၀.၃၂ ဧက မြေကွက်အား ဒေါ်နီနီလွင်က မြေငှားဂရန်လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့် ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် အောက်ပါရုံးသို့ ကာယကံရှင် ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပုသိမ်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ်(၃၆)၊ ဈေးချောင်းမြောက်၊ ဦးပိုင်အမှတ်-၁၈/၁-ဌ၊ ၂၁-ဌ၊ ဧရိယာ ၀.၀၉၀ဧက မြေကွက်အား ဒေါ်အေးမာသိန်းက ဦးပိုင်ခွဲမြေငှားဂရန် လျှောက်ထားလိုမှုအားကန့်ကွက်လိုသူများ ရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့်အောက်ပါရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပုသိမ်မြို့

ဖခင်အမည်မှန်

နမ့်ခမ်းမြို့နယ်၊ မန်းပူးကျေးရွာနေ လားရှိုးအထက်တန်းကျောင်း(ခွဲ) အလက(၉) နဝမတန်းမှ မိုင်းကျော်သန်းရွှေနှင့် ဆဋ္ဌမတန်း(ခ)မှ မိုင်းညီကျော်ဝင်းတို့၏ဖခင်အမည်မှန်မှာ ဦးလုမ်း(ခ) မောင်လုမ်း ၁၃/နခန(နိုင်)၀၄၈၄၄၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတော မြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ ဒီးဒူးကုန်း ကျေးရွာအုပ်စု၊ သာယာချောင်းကျေးရွာ (အလက-ခွဲ)၊ အဋ္ဌမတန်း (Grade-9)မှ မအိအိခိုင်၏ဖခင်အမည်မှန်မှာ ဦးမင်းဇော် ၁၄/ငပတ(နိုင်)၁၅၂၆၈၃ ဖြစ်ပါသည်။

ဦးမင်းဇော်

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ဘောဂဝတီအုပ်စု၊ မြို့ဦးရပ်ကွက်ရှိ အကွက်အမှတ်(၂၄၃)၊ ဦးပိုင်အမှတ်(၃၄)ဝိုင်းမြေပိုင်ဆိုင်သူ ဒေါ်ဌေးဦး ၉/တတဥ(နိုင်) ၀၂၇၉၅၅သည် ၎င်းမြေပေါ်တွင် အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်ဌေးဦး ၉/တတဥ(နိုင်) ၀၂၇၉၅၅
ဖုန်း-၀၉-၄၃၀၃၆၃၀၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ) ရပ်ကွက်၊ ၁၆၄-လမ်း၊ အမှတ်(၄၈)၊ ဒုတိယထပ် (ခေါင်းရင်း)ခန်း၊ အလျား ပေ ၁၅ x အနံ ၆၀ ပေရှိတိုက်ခန်းအပါအဝင် အကျိုးခံစား ခွင့်အရပ်ရပ်ကို (၁) ဒေါ်အေးအေးရီ (၁၂/ဒဂန(နိုင်) ၀၂၁၃၀၅)၊ (၂) ဦးအောင်ဇော်ပိုင် (၁၂/ဒဂန(နိုင်) ၀၃၀၅၆၄) တို့က လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိ ကြောင်း မြွက်ဟဝန်ခံ၍ ကျွန်ုပ်၏ပိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရံငွေအချို့ အဝက်ကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက် မည့်သူ မရှိပါက ဥပဒေနှင့်အညီ အပြီးအပိုင် အရောင်း အဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဆွေစင်အိ(LL.B,LL.M)
(တရားလွှတ်တော်ရှေ့နေ)စဉ်-၈၆၉၇
အမှတ်(၁၀၁)၊ ၃-လွှာ၊ ၄၂-လမ်း(အလယ်)၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၈၅၁၉၄၉၀၉

ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်း ရပ်ကွက်၊ အကွက်အမှတ် ၃၅၊ ရှမ်းဝိုင်းသစ်၊ ဦးပိုင် ၅၈၊ ဝဒသမ၁၁၀ဧကရှိမြေကွက် အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်မခေါ် ခေါ်နက ၎င်းမြေကွက်နှင့် မြေကွက် ပေါ်ရှိ အဆောက်အအုံတို့ကို သမီးများ ဖြစ်သော ဒေါ်လွင်လွင်လတ် ၁/ဗမန (နိုင်)၀၇၂၅၀၉နှင့် ဒေါ်လုထွယ် ၁/ဗမန (နိုင်)၀၄၁၂၆၈တို့အား အပြီးအပိုင် ပေးကမ်းမည်ဖြစ်ပါ၍ ကန့်ကွက်လို ပါက ၁၅ရက်အတွင်း ကန့်ကွက်နိုင် ပါကြောင်း။

ဒေါ်မခေါ်ခေါ်နီ

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ (၆)ရပ်ကွက်၊ အကွက်အမှတ်(၁၁၁/လှည်းစု)၊ ဦးပိုင်အမှတ် (၂၇-က)၊ ဧရိယာ ၀.၀၁၈ဧက မြေကွက်အား ဖာတမာ(ခ)ဒေါ်သန်းသန်းအေး(ခ)ဒေါ်ခင်သန်းဝင်းက သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက် အတွင်း အထောက်အထားပြည့်စုံစွာဖြင့် အောက်ပါရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပုသိမ်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ကျောင်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အကွက်အမှတ်(I/ရပ်ကွက်မြို့မ)၊ ဦးပိုင်အမှတ် (၇၀/၁၆)၊ ဧရိယာ ၀.၀၈၃ ဧက မြေကွက်အသစ်အား ဒေါ်ဌေးဌေးဝင်းဆိုသူက မြေငှားဂရန် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက သတင်းစာတွင် ကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း အထောက် အထားပြည့်စုံစွာဖြင့် အောက်ပါရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပုသိမ်မြို့

ကန့်ကွက်နိုင်ပါသည်

သီပေါမြို့၊ ဩဘာလမ်း၊ အိမ်အမှတ် (၁၀၄)နေ ကျွန်မ ဒေါ်ငွေစု(ဘ)ဦးလှမောင် ၁၃/သပန(နိုင်) ၀၀၆၅၃၁ အမည်ပေါက် ပိုင်ဆိုင်သော သီပေါမြို့၊ မြို့လယ်ရပ်ကွက်၊ ဩဘာလမ်း၊ အိမ်အမှတ် (၁၀၄)၊ မြေဧရိယာ ၀ဒသမ၂၀၃ဧက၊ မြို့မြေအမျိုးအစားအား သမီးအရင်းတော်စပ်သူ ဒေါ်နန်းဖြိုးဖြိုးသန့်(ဘ) ဦးသိန်းဟန် ၁၃/သပန(နိုင်)၀၄၅၀၀၀အား မေတ္တာဖြင့် အပိုင်လွှဲပြောင်းပေးအပ်မည် ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါပြီး ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဒေါ်ငွေစု ၁၃/သပန(နိုင်)၀၀၆၅၃၁
ဖုန်း-၀၉-၉၇၇၄၀၃၈၈၉

ကန့်ကွက်နိုင်ပါသည်

သီပေါမြို့၊ ဩဘာလမ်း၊ အိမ်အမှတ် (၁၀၄)နေ ကျွန်မ ဒေါ်ငွေစု(ဘ)ဦးလှမောင် ၁၃/သပန(နိုင်) ၀၀၆၅၃၁ အမည်ပေါက် ပိုင်ဆိုင်သော သီပေါမြို့၊ မြို့လယ်ရပ်ကွက်၊ ဩဘာလမ်း၊ အိမ်အမှတ်(၁၀၃)၊ မြေဧရိယာ ၀ဒသမ၀၅၇ဧက၊ မြို့မြေအမျိုးအစားအား သမီးအရင်းတော်စပ်သူ ဒေါ်နန်းဝင်းဝင်းအေး(ဘ) ဦးသိန်းဟန် ၁၃/သပန(နိုင်)၀၂၇၉၇၃ အား မေတ္တာဖြင့်အပိုင်လွှဲပြောင်းပေးအပ်မည် ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါပြီး ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဒေါ်ငွေစု ၁၃/သပန(နိုင်)၀၀၆၅၃၁
ဖုန်း-၀၉-၉၇၇၄၀၃၈၈၉

ပျောက်ဆုံးကြောင်း

ဦးသိန်းဇံ (CI.၀၄၅၂၅၃) အမည်ပေါက် ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ် (၂၅၂၂)၊ ပေ(၄၀ x ၆၀) ပါမစ်မြေမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၇၁၈၂၀၅၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/4989 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများသိစေရန်ကြေညာအပ်ပါ သည်။

ကညန (ရွာသာကြီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၆၄/စက်မှုဇုန်)မြေကွက် အမှတ်(၆၅၀)၊ မြေကွက်တည်နေရာ အမှတ် (၆၅၀)၊ စစ်တောင်းလမ်းနှင့်အင်းဝ(၅)လမ်း ထောင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးထွန်းထွန်းလွင်(PZDG-၀၀၄၉၆၅) ဒေါ်စိန်ဟန်(EI-၀၁၁၉၁၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဦးထွန်းထွန်းလွင်၊ ဒေါ်စိန်ဟန် တို့တွင် ဒေါ်စိန်ဟန်(ကွယ်လွန်)၍ ခင်ပွန်း ဖြစ်သူဦးဟန်လ(၁၂/ပဇတ(နိုင်)၀၀၆၉၂၁) ၏GPရသူဒေါ်ချိုမီထွန်း(၁၂/အလန (ဧည့်)၀၀၀၁၈၈)မှ ကျန်အမည်ပေါက် ဦးထွန်းထွန်းလွင်(PZDG-၀၀၄၉၆၅) နှင့်ပူးတွဲ၍ အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်စိန်ဟန် ကွယ်လွန်၍ တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်ကြောင်းနှင့်တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၁၀/၂၁၄၃/၁၉)(၁၈-၁၀-၂၀၁၉)ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ အစ်မထောင်စု စာရင်း၊ သေစာရင်း၊ ပါဝါ၊ ပါဝါကျမ်းကျိန်၊ ဂရန်မူရင်းတို့တင်ပြလာသဖြင့် မြေပြင်ကွင်း ဆင်းစစ်ဆေးရာ အုတ်ကာ၊ သွပ်မိုး(၁)ထပ် ဂိုဒေါင်ရှိပြီးအလုပ်သမားများနေထိုင်ပါသည်။ အလုပ်သမားများနေထိုင်ခြင်းအတွက်တာဝန် ယူကြောင်း စန်ခံကတိပြုတင်ပြ၍ ပိုင်ဆိုင်/ အရောင်းအဝယ်ကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာ ပါသည့်နေ့မှစ၍(၇-ရက်)အတွင်း ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၇၉၇၆၈ Yinxiang 125, MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာဟန် ၈/ပခက(နိုင်)၂၀၈၀၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်7G/8592 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်7E/6436 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၆၉၄၅၆ Honda Dream 125, (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့်ကျော် ၁၄/ပသန(နိုင်)၁၆၇၄၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၂/စက်မှု၊ မြေကွက်အမှတ် ၂၀၄၊ ဧရိယာ ၀ဒသမ၂၄၈ဧက၊ မြေကွက် တည် နေရာအမှတ် ၂၀၄၊ ကနောင် -၅လမ်း၊ စက်မှုဇုန်-၁၊ ရွှေပြည်သာ၊ ဒေါ်စိန်ရုံ (ခ) တန်ရုတ်ဟုန် (LTA-၀၀၅၁၈၂) အမည် ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်ရုံ(ခ)ဒေါ်တန်ရုတ်ဟုန် (LTA-၀၀၅၁၈၂) သည် ၁၇-၁၂-၂၀၁၉ရက်တွင် လည်းကောင်း၊ ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးထွန်းရွှေ(ခ)ကင်ဟင်ကြူသည် ၂၂-၂-၂၀၁၆ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားပါသဖြင့် သားသမီးများ ဖြစ်ကြသော ဒေါ်ခင်လေးဟာ(ခ)ဒေါ်ခင်ခင် ကြည် ၁၂/ကတတ(နိုင်)၀၁၄၃၂၉၊ ဦးခင် ကြည်လေး ၁၂/လသန(နိုင်)၀၀၆၂၅၄၊ ဦးကင်သန်း အောင်(ခ)ဦးသန်းအောင် ၁၂/ လသန(နိုင်)၀၀၂၃၈တို့မှ မိခင်ဖခင်တို့၏ သေစာရင်း၊ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် လျှောက်ထား လာရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့် လုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်၅၊ နည်းဥပဒေ၂၀)
ရေတာရှည်မြို့နယ်၊ တရားရုံးတော်၌
၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၆၂

တပ်ကြပ်ကျော်မင်းထွန်း	နှင့်	ဒေါ်မာမာဝင်း
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဒေါ်မာမာဝင်း၊ ယဉ်ကျေးမှုလိုင်းခန်း၊ မြို့မအိမ်ရာ၊ အမှတ်(၂) ဆေးတပ် (ခတင်-၅၀၀)၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ် တရားလို တပ်ကြပ် ကျော်မင်းထွန်းက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ် ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇူလိုင် ၃၀ရက် (၁၃၈၂ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက် ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင် နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇွန် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေး လိုက်သည်။

(တင်မိုးလှိုင်)
မြို့နယ်တရားသူကြီး
ရေတာရှည်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၆၀)၊ ဧရိယာ ၀ဒသမ၀၉၉ဧကရှိ ဦးစည်သူနိုင် အမည်ပေါက် မြေငှားစာချုပ်မြေကွက်အား ဒေါ်ရီရီချို (ဘ) ဦးကြူစိန် ၉/မသန(နိုင်)၀၄၃၃၁၉နှင့် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် အမည်ပေါက် ဦးစည်သူနိုင်မှ နှစ် ၃၀ မြေငှား စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု စာရင်းမူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက် အတွင်း နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန သို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ် မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၆၇ A၊ ၆၇ B၊ ၇၅ A၊ ၇၅ B)၊ ဧရိယာ(၀ဒသမ၁၇၁) ဧကရှိ ဦးအောင်သန့်ခိုင် အမည်ပေါက် မြေငှားစာချုပ် မြေကွက်အား ဒေါ်ဌေးဌေး ၉/ပမန(နိုင်)၂၇၁၀၉မှ အမွေဆက်ခံပိုင်ဆိုင် ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန် အတွက် နှစ်(၃၀)မြေငှားစာချုပ်၊ ကျမ်းကျိန်လွှာ မှတ်ပုံ တင်အမှတ်(၄၄/၂၀၂၀)၊နိုင်ငံသားစိစစ်ရေး ကတ်၊ အိမ်ထောင်စု စာရင်းမူရင်းများ တင်ပြပြီး မြေပုံ/မြေရာဇဝင်ရေးကူးပေးပါ ရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြပြီး ဤ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းမြေစီမံခန့်ခွဲမှုဌာန သို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါ က ဌာနမှ လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက် လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောက်တံတားမြို့နယ်၊(၂)ရပ်ကွက်၊မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊အမှတ်(၂၆၅/၂၇၅)တည်ရှိရာမြေတိုင်းရပ်ကွက်အမှတ်(13E-3)၊မြေကွက်အမှတ်(Northern 1/4 of II Class 8)နှင့်(2nd Northern 1/4 of II Class 8)၊မြေအမျိုးအစားမြေပိုင်မြေ၊ အမည်ပေါက် A.EMarlin & One မြေကွက်(၂)ကွက်ဖြစ်ပါသည်။ယင်းမြေကိုဦး ယာကွတ်ကာစင်မာလမ်(၁၂/ပဘတ(နိုင်)၀၂၅၈၈၄)မှကွယ်လွန်သူအာရစ်ဖ်မိုဟာမက် မာလင်ဝကပ်ဖ်၏ဘဏ္ဍာထိန်းများဖြစ်ကြသည့်အာမက်အီဗရာဟင်မာလင်မ်နှင့်ကာစင် အီဗရာဟင်မာလင်မ်တို့မှဝယ်ယူခဲ့သည့်မှတ်ပုံတင်စာချုပ်အမှတ်(၁၆၇၇/၁၉၂၀)နှင့်မြန် မာနိုင်ငံတရားရုံးချုပ်၊တရားမဆေးမှုအမှတ်-၁၂၉/၁၉၆၇ဖြင့်ယာကွတ်ကာစင်မာလင်မ် နှင့်အာရစ်ဖ်ကာစင်မာလင်မ်တို့ကဝကပ်ဖ်၏ဘဏ္ဍာထိန်းများခန့်အပ်ပေးရန်နှင့်ဘဏ္ဍာ ထိန်းလူကြီးများအဖြစ်ခန့်ထားခဲ့ပါက၁၉၅၅ခုနှစ်၊တရားမကြီးမှုအမှတ်-၁၃တွင်ဝကပ်ဖ် ၏ပစ္စည်းထိန်းအဖြစ်ခန့်အပ်ထားသည့်မြန်မာနိုင်ငံပစ္စည်းထိန်းဝန်လက်ဝယ်ရှိဝကပ်ဖ်ပိုင် ပစ္စည်းများကိုယခုခန့်အပ်သည့်ဘဏ္ဍာထိန်းများထံလွှဲပြောင်းပေးရန်လျှောက်ထားသည့် ၅-၁၂-၁၉၆၇ရက်နေ့ကျမ်းကျိန်လွှာ၊မြန်မာနိုင်ငံတရားရုံးချုပ်၊တရားမအထွေထွေမှု အမှတ်-၁၂၉/၁၉၆၇ဖြင့်ယာကွတ်ကာစင်မာလင်းနှင့်အာရစ်ဖ်ကာဆင်မာလင်းတို့ကို ဘဏ္ဍာထိန်းခန့်အပ်ကြောင်းနှင့်ပစ္စည်းထိန်းဝန်က၎င်းလက်ဝယ်ရှိဝကပ်ဖ်ပစ္စည်းများ နှင့်ဘဏ္ဍာကိုဘဏ္ဍာထိန်း(၂)ဦးထံလွှဲပြောင်းပေးရန်ချမှတ်သည့်(၁၅-၁-၁၉၆၈)ရက် နေ့အမိန့်၊ရန်ကုန်မြို့၊ဘားလမ်းရှိအမှတ်-၂၆၅/၂၇၅(၄)ထပ်တိုက်အဆောက်အဦတို့ ကိုယာကွတ်ကာစင်မာလမ်နှင့်အာရစ်(ဖ်)ကာစင်မာလမ်တို့အား၂၂-၃-၆၈ရက်နေ့တွင် လက်ရောက်လွှဲပြောင်းပေးအပ်ပြီးကြောင်း၁၆-၈-၁၉၆၈ရက်စွဲပါပစ္စည်းထိန်းဝန်၏ အစီရင်ခံစာ၊ယင်းဝကပ်ဖ်အားဘဏ္ဍာထိန်းလူကြီးအဖြစ်စီမံခန့်ခွဲထိန်းသိမ်းဆောင်ရွက် ပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ဦးယာကွတ်ကာစင်မာလမ်၏၁၀-၁၂-၂၀၁၈ရက်နေ့ကတိသစ္စာ ပြုလွှာ၊ဘဏ္ဍာထိန်း(၂)ဦးအနက်အာရစ်ဖ်ကာစင်မာလမ်သည်၃-၈-၂၀၁၆ရက်နေ့တွင် သေဆုံးကြောင်းအထောက်အထား၊အာရစ်ဖ်မိုဟာမက်ကာစင်မာလမ်၏နောက်ဆုံးသေ တမ်းစာအထောက်အထားတို့ကိုတင်ပြ၍ဦးယာကွတ်ကာစင်မာလမ်မှမြေတိုင်းလျှောက် ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှ စ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်း ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂/ရွှေအင် ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၂၀၅)၊ မြေဧရိယာ(၀ဒသမ၀၈၂)ကေရှိ ဦးထီလာမောင် (ဘ)ဦးလူပု ၉/လဝန(နိုင်)၁၁၃၀၄၃ အမည် ပေါက် ပါမစ်မြေကွက်အား ဦးကျော်သာ(ဘ) ဦးဟန်ဝင်းအောင် ၉/လဝန(နိုင်) ၁၅၀၆၉၂မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်း အဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံး ကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံ ချက် မူရင်း၊ ရဲစခန်း ထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိ ပြုချက်မူရင်းများ တင်ပြ ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့် ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည် တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံ ကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှား စာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ မြေကွက်အမှတ်(၁၈၅)၊ ဧရိယာ (၀ဒသမ၀၈၄)ကေကို ဒေါ်ဇာနည်ဝင်း(ဘ) ဦးညိုဝင်း ၅/ကလတ(နိုင်)၁၅၂၃၄၁မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူ ဦးရေစာရင်း၊ ရပ်ကွက်၊ ရဲစခန်း၊ ထောက်ခံချက်မူရင်း အထောက်အထား များတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက် ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက် အထားခိုင်လုံစွာ တင်ပြပြီး ဤကြော်ငြာပါ သည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည် တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်း ရပ်ကွက်၊ ၁၂၂လမ်း၊ အမှတ်(၄၅၊ မြေညီထပ်)ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးကျော်စိုးမိုး ၁၁/ မအပ(နိုင်) ၀၀၁၅၆၅နှင့် ဒေါ်ခင်စောရီ ၁၁/မအန (နိုင်) ၀၀၁၇၁၇ တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဇော်ဝင်း ၁၂/ဒဂတ(နိုင်) ၀၂၉၆၉၃က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား များဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့် ကွက်နိုင်ပါသည်။ အဆိုပါရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကေသီအောင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၃၉၅၈)
အမှတ်(၁၉)၊ ၁၁၉-လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၂၆၃၆၉၆၉၄၄

ကုန်အမှတ်တံဆိပ်နှင့် လမ်းညွှန်ဆေးအရောင်ကုတ်နံပါတ်များ သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ပြည်လမ်း၊ အမှတ် (၂၃၇) ရှိ United Paints Group Co.,ltd. က အောက်ဖော်ပြပါ UNITEX EMULSION PAINT ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်

မှတ်ပုံတင်အမှတ် - ၄ပို/၇၀၉၅/၂၀၁၇

လက်ရှိဆေးပုံး

အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် UNITEX EMULSION PAINT သဘောဆေး(ရေဆေး)ကို ၁၉.၆.၁၉၉၆ ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်- ၄/၂၅၈၀/၁၉၉၆မှတ်ပုံတင်ခဲ့ပြီး ၁၅.၆.၂၀၁၇ရက်နေ့တွင် ရန်ကုန်မြို့၊စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်- ၄ပို/၇၀၉၅/၂၀၁၇ ဖြင့် သက်တမ်းတိုး မှတ်ပုံတင်ခဲ့ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အလှဆင်ရေဆေးအမျိုးမျိုးကို ထုတ်လုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချ လျက်ရှိပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဆိုပါ ကုန်အမှတ်တံဆိပ်အား အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး တို့ဖြင့် ဖန်တီးပြုလုပ်ပြီး အလှဆင်ရေဆေးထုတ်ကုန်ပစ္စည်းများပေါ်တွင်ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်လုပ်၍ မိမိတို့ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်အဖြစ် သုံးစွဲလျက်ရှိပါသည်။ UNITEX EMULSION PAINT ကုန်အမှတ်တံဆိပ်ဖြင့် အရောင်အမျိုးမျိုးဖန်တီးပြုလုပ်၍ အရောင်များနှင့် လိုက်လျောညီထွေသည့် ကုတ်နံပါတ်များကို အောက်ပါအတိုင်းသတ်မှတ်အသုံးပြုထားပါသည်။

ထိုလမ်းညွှန်ဆေးအရောင်ကုတ်နံပါတ်တို့ကို UNITEX EMULSION PAINT ဆေးအရောင်များနှင့်ယှဉ်တွဲ၍ ယခင်နှစ်များစွာကတည်းကပင် ယနေ့ထိတိုင် UPG ကုမ္ပဏီနှင့် သုံးစွဲသူများအကြား မှတ်သားခေါ်ဝေါ်သုံးစွဲလျက်ရှိပါသည်။ ယခုအခါ မသမာသူအချို့က အထက်ပါ UNITEX EMULSION PAINT နာမည်ကောင်းသတင်းကို အမှီပြုလျက် ကုန်အမှတ်တံဆိပ်၊ ဒီဇိုင်းပုံစံ၊ အရောင်များနှင့် အရောင်ကုတ်နံပါတ်များအား ဆင်တူယိုမှားတုပအသုံးပြု၍ United Paints Group Co.,ltd.မှ တရားဝင်ထုတ်လုပ်ရောင်းချသည့် ကုန်ပစ္စည်းများအတိုင်း ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိကြောင်း တွေ့မြင်ကြားသိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ UNITEX EMULSION PAINT ကုန်အမှတ်တံဆိပ်နှင့် လမ်းညွှန်ဆေးအရောင်ကုတ်နံပါတ်များကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပပြုလုပ်သုံးစွဲ၍ ထုတ်လုပ်ဖြန့်ချိရောင်းချခြင်း၊ မပြုလုပ်ကြပါရန် နှင့်လိုက်နာခြင်းမရှိပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမြင့်ကြိုင်
တရားလွှတ်တော်ရှေ့နေ (စဉ် – ၂၁၅၆ / ၂၆.၁၁.၁၉၈၁)
အမှတ် (A-8/202)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉၅၁၀၉၀၁၄

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်းကြီးကြပ်မှုအောက်ရှိ သန်လျင်ဂေါက်ကွင်း စားသောက်ဆိုင် ငှားရမ်းခြင်းလုပ်ငန်းအား ၂၀၂၀ပြည့်နှစ် ဩဂုတ်လ စတင်ငှားရမ်းသည့်ရက်မှစ၍ (၁)နှစ်တာကာလ ငှားရမ်းရန်အတွက် တင်ဒါခေါ်ယူမည်ဖြစ်ရာ အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်–

၂။ **တင်ဒါပုံစံဝယ်ယူနိုင်မည့်ရက်** – ၂၉–၆–၂၀၂၀ရက် မှ ၂၈–၇–၂၀၂၀ရက်အထိ

၃။ **တင်ဒါပုံစံဝယ်ယူနိုင်မည့်နေရာ** – (က) ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ အမှတ် ၇(က)၊ သံလျက်စွန်းလမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်နှင့်နေရာ** – ၂၈–၇–၂၀၂၀ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်

၅။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား (၁)လကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၊ ဖုန်း–၀၉–၇၉၈၃၈၆၀၁၅သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ် (၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/မြို့သစ်မြောက်ရပ်)၊ ဦးပိုင်အမှတ် (၁၃၀)၊ မြေဧရိယာ ၀ဒသမ၁၁၉ကေရှိ ဦးမောင်ထွန်း အမည်ပေါက် မြို့မြေကွက်အား ဒေါ်ငြိမ်းငြိမ်းအိ (ဘ)ဦးမောင်မောင်ငြိမ်း ၉/လဝန(နိုင်)၁၇၃၉၇၀မှ အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်မှုရင်းများတင်ပြ၍ မြေဧရိယာ ၀ဒသမ၁၁၉ကေရှိသည့်အနက် မြေဧရိယာ ၀ဒသမ၀၈၀ကေအား ဦးပိုင်ခွဲစိတ် မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာ ချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဦးပိုင်ခွဲစိတ်မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/လှိုင်ထိပ်ခေါင်တင်ရပ်)၊ ဦးပိုင်အမှတ် (၁၇၇)၊ ဧရိယာ ၀ဒသမ၀၇၃ကေအား ဦးမောင်မောင်သိန်း(ဘ)ဦးတင်မောင်နိုင် ၉/ရမသ(နိုင်)၀၀၈၀၈၂မှ ပိုင်ဆိုင်ကြောင်းကျမ်းကျိန် လွှာအမှတ် (၂၄၄/၂၀၂၀)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန သို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၄/ရှောက်ခါးတောင်)၊ ဦးပိုင်အမှတ် (၃–ဈ)၊ ဧရိယာ ၀ဒသမ၀၇၆ကေရှိမြေအား ဦးပေါက်စ(ခ)ဦးသန်းဋ္ဌေး အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဘုတလင်မြို့နယ်၊ လွှတ်တဲကျေးရွာ၊ အကွက်အမှတ်နှင့်အမည် (၂၆၂/လွှတ်တဲကွင်း)၊ ဦးပိုင်အမှတ် (၁၂)၊ ဧရိယာ ၀ဒသမ၆၇ကေအား ဦးလှိုင်သင်းမှ စက်မှု/စီးပွားမြေငှားစာချုပ် လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စက်မှု/စီးပွားမြေငှားစာချုပ်ခွင့်ပြုမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၃၃၃–ခ၊ ကွေ့ကြီးအနောက်)၊ ဦးပိုင်အမှတ် (၈၈–က)၊ ဧရိယာ ၀ဒသမ၀၈ကေရှိ မြေအား ဒေါ်စန္ဒာအေး အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရေနံချောင်းမြို့၊ သုံးဆယ်ခြောက်ကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁/စက်မှုဇုန်)၊ ဦးပိုင်အမှတ်(၁၃၀)၊ (၁၂၉)၊ (၁၃၆/၁၄၃)၊ (၁၃၈)၊ ဧရိယာ(၀ဒသမ၉၂၀)ကေ၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁/စက်မှုဇုန်)၊ ဦးပိုင်အမှတ်(၁၃၁)၊ (၁၃၂)၊ (၁၃၃)၊ (၁၃၄)၊ ဧရိယာ(၀ဒသမ၉၂၀)ကေ၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁/စက်မှုဇုန်)၊ ဦးပိုင်အမှတ်(၁၃၉)၊ (၁၄၀)၊ (၁၃၆/၁၄၄)၊ (၁၃၆/၁၄၅)၊ ဧရိယာ(၀ဒသမ၉၂၀)ကေနှင့် ကွင်း/အကွက်အမှတ်နှင့်အမည် (၁/စက်မှုဇုန်)၊ ဦးပိုင်အမှတ်(၁၂၇)၊ ဧရိယာ(၀ဒသမ၂၃၀)ဧ ကရှိ မြေကွက်များကို ဦးမြင့်ဇော်အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားလာမှုဖြင့်လည်းကောင်း၊ ရေနံချောင်းမြို့၊ ဆုံတိုက်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၅/သူဋ္ဌေးကုန်း)၊ ဦးပိုင်အမှတ်(၂၁/ ၈၅/၁၉၆)၊ ဧရိယာ(၀ဒသမ၁၃၂)ကေရှိ မြေကွက်ကို ဒေါ်အိအိသွယ်အမည်ဖြင့်လည်းကောင်း၊ ရေနံချောင်းမြို့၊ မြေနီခင်တောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂၄/ခ၊ မြေနီခင်)၊ ဦးပိုင်အမှတ်(၁၄၆)၊ ဧရိယာ(၀ဒသမ၀၇၅)ကေရှိ မြေကွက်ကို ဒေါ်နုနုလွင်အမည်ဖြင့်လည်းကောင်း မြေဂရန်အသစ် ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေဩဇာစက်ရုံများမှ ယူရီးယားဓာတ်မြေဩဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတု ဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်–

စက်ရုံ	ပမာဏ	တင်ဒါပိတ်ချိန်		တင်ဒါဖွင့်ချိန်	
	တန်	နေ့ရက်	နာရီ	နေ့ရက်	နာရီ
အမှတ် (၄)ဓာတ်မြေဩဇာ	၃,၀၀၀	၂၈–၇–၂၀၂၀	၁၂:၀၀	၂၈–၇–၂၀၂၀	၁၄:၀၀
စက်ရုံ (မြောင်းတကာ)	၃,၀၀၀	၄–၈–၂၀၂၀	၁၂:၀၀	၄–၈–၂၀၂၀	၁၄:၀၀
	၃,၀၀၀	၁၁–၈–၂၀၂၀	၁၂:၀၀	၁၁–၈–၂၀၂၀	၁၄:၀၀
အမှတ် (၅)ဓာတ်မြေဩဇာ	၃,၀၀၀	၂၈–၇–၂၀၂၀	၁၂:၀၀	၂၈–၇–၂၀၂၀	၁၄:၀၀
စက်ရုံ (ကန်ကြီးထောင့်)	၃,၀၀၀	၄–၈–၂၀၂၀	၁၂:၀၀	၄–၈–၂၀၂၀	၁၄:၀၀
	၃,၀၀၀	၁၁–၈–၂၀၂၀	၁၂:၀၀	၁၁–၈–၂၀၂၀	၁၄:၀၀
ယူရီးယား(အောက်ကျိုး) (မြောင်းတကာ+ကန်ကြီးထောင့်)	၁၄၂.၄၆	၂၈–၇–၂၀၂၀	၁၂:၀၀	၂၈–၇–၂၀၂၀	၁၄:၀၀

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား တစ်လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင် ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း–၀၆၇–၃၄၁၁၀၈၂၊ ၀၆၇–၃၄၁၁၀၉၄သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၃/မြို့မတောင်ရပ်)၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၁၄၆)ကေရှိ ဦးတင်မောင် (ဘ)ဦးသာလှိုင် ၉/ရမသ(နိုင်)၀၁၀၇၄၃ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ–၁၃၉၃)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၆/၂၀၁၈)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးအောင်ထွန်းလင်း(ဘ)ဦးတင်ရွှေ ၉/မမန(နိုင်)၀၁၂၉၆၅မှ ဦးတင်မောင်လှ ၁၂/လကန(နိုင်)၀၂၂၃၁၂နှင့် မှတ်ပုံ တင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ပုဗ္ဗသီရိအနောက်ရပ်)၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ ၁၁၀)ကေရှိ ဦးထွန်းထွန်းဝင်း(ဘ)ဦးစိန်သောင်း ၅/မရန(နိုင်)၀၂၇၇၁၇ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ–၂၂၃၆၃)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၅၃/၂၀၁၈)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်လှလှရီ(ဘ)ဦးမြင့်စိုး ၁၄/ဖပန(နိုင်)၀၂၃၄၃၆မှ ဦးတင်မောင်လှ ၁၂/လကန(နိုင်) ၀၂၂၃၁၂နှင့် မှတ် ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်နေ ဦးသိန်းနိုင်ဦး ၉/မထလ(နိုင်) ၀၀၇၄၅၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းနိုင်ဦးမှ မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ရှိ ကွင်း/အကွက်အမှတ်နှင့်အမည် ၉.ဃ/ခံတပ်၊ ဦးပိုင်အမှတ် (၁၃.က)၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိ ဦးကျော်ကျော်ပါ–၂ အမည်ပေါက် ဂရန်ဝိုင်းမြေကွက်နှင့် အဆိုပါဝိုင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ဝိုင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆို၍ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအေးမင်းကြွယ်(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်–၁၂၆၈၀/၁–၆–၂၀၁၇) ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့
ဖုန်း–၀၉–၂၅၉၄၂၁၂၅၂

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ –၂၂)
မဟာအောင်မြေမြို့နယ် တရားရုံးတော်၌
၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် –၄၂နှင့် ဆက်နွှယ်သည့်
၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် –၅

ဦးမော်မော်   နှင့်   ၁။ ဦးကိုကိုမောင်
၂။ ဦးခန့်ကိုကို

ဒီကရီအနိုင်ရသူ   **တရားရှုံးများ**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်(လဝက) ဦးစီးမှူးရုံး၊ သာယာဝတီမြို့နေ ဦးကိုကိုမောင် ဒုတိယညွှန်ကြား ရေးမှူး(ငြိမ်း) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် –၄၂ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က ဦးမော်မော်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားဖြင့်ဖြစ်စေ ၂၀၂၀ ပြည့် နှစ် ဇူလိုင် ၉ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ ပြည့်နှစ် ဇွန် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သဲဆုရတနာ)
တွဲဖက်မြို့နယ်တရားသူကြီး (၃)
မဟာအောင်မြေမြို့နယ်တရားရုံး

Shin Kong Myanmar Consulting Services Company Limited
(In Members Voluntary Winding-Up)
Invitation to Final General Meeting

Pursuant to Section 357 of Myanmar Companies Law, the Final General Meeting of Shin Kong Myanmar Consulting Services Company Limited, which is in the course of winding up, will be held and the members are cordially invited to attend the Final General Meeting according to the following schedule.

Date   30 . 06. 2020
Time   10 am
Place   Room 1001, 10th Floor, Sakura Tower, 339, Bogyoke Aung San Road, Kyauktada Township, Yangon, The Republic of the Union of Myanmar

U Sein Win
Certified Public Accountant
Liquidator
Auditor & Financial
Consultant

တိုက်ခန်းများ ဝယ်ယူလျှောက်ထားနိုင်ကြောင်း ကြော်ငြာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါ တိုက်ခန်းများကို ၅၀% ငွေပေး သွင်း၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်သဖြင့် တိုက်ခန်းဝယ်ယူလိုသူများအနေဖြင့် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ မှတ်ပုံ တင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဖုန်းနံပါတ်၊ နေရာလိပ်စာပြည့်စုံစွာဖြင့် ညွှန်ကြားရေးမှူးချုပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်သို့ လိပ်မူပြီး ပေးပို့လျှောက်ထားနိုင်ကြောင်း ကြော်ငြာအပ်ပါသည်–

စဉ်	မြို့နယ်/အိမ်ရာစီမံကိန်း အမည်	အခန်း အမှတ်	ဧရိယာ (စ/ပေ)	(၁)စ/ပေ ကျပ်(သိန်း)	သတ်မှတ် တန်ဖိုး ကျပ်(သိန်း)	မှတ်ချက်
၁။	(က)ကျောက်တံတားမြို့နယ် ကုန်သည်လမ်းနှင့် (၃၉)လမ်းထောင့် အမှတ်(၅၀၄/၅၀၆)	၆၀၁	၁၆၈၂	၀.၉	၁၅၁၃.၈	၂ခန်းတွဲ ၈ ထပ်
		၇၀၁	၁၆၈၂	၀.၉	၁၅၁၃.၈	Hall Type ဓာတ်လှေကားပါ ကားပါကင်မပါ
	(ခ)ကျောက်တံတားမြို့နယ် (၃၉)လမ်းဘက်အခြမ်း အမှတ်(၅၀၄/၅၀၆)	၀၀၁	၁၀၄၄	၁.၅	၁၅၆၆	၂ခန်းတွဲ ၈ထပ်
		၂၀၁	၁၀၄၄	၀.၈၅	၈၈၇.၄	Hall Type
		၃၀၁	၁၀၄၄	၀.၈၅	၈၈၇.၄	ဓာတ်လှေကားပါ
		၅၀၁	၁၀၄၄	၀.၈၅	၈၈၇.၄	ကားပါကင်မပါ
		၇၀၁	၁၀၄၄	၀.၈၅	၈၈၇.၄	
၂။	စမ်းချောင်းမြို့နယ် ရှမ်းကုန်းလမ်း အမှတ်(၄၆/၄၈)	၂၀၂	၁၁၂၂	၀.၈၀	၈၉၇.၆	၄ခန်းတွဲ၈ထပ်
			၃၀၂	၁၁၂၂	၀.၈၀	၈၉၇.၆ Hall Type
		၄၀၂	၁၁၂၂	၀.၈၀	၈၉၇.၆	ဓာတ်လှေကားပါ
		၅၀၂	၁၁၂၂	၀.၈၀	၈၉၇.၆	ကားပါကင်မပါ
		၆၀၂	၁၁၂၂	၀.၈၀	၈၉၇.၆	
၃။	ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်လမ်းသွယ် (၄)လမ်း၊ အမှတ်(၁၄/၁၆)	၅၀၁	၁၀၅၀		၅၀၀	၂ခန်းတွဲ၆ထပ်
		၅၀၂	၁၀၅၀		၅၀၀	Room Type ဓာတ်လှေကားမပါ ကားပါကင်မပါ

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၀)၊ နေပြည်တော်
ဖုန်း–၀၆၇–၃၄၀၇၇၀၁၊ ၀၁–၈၃၉၂၅၂၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(L–17/၆၀)၊ မြေကွက်အမှတ်(၁၂၁၅+၁၂၁၆)ပါမစ်အမည်ပေါက် ဒေါ်အာသာဝတီကျော် ၁၂/ရကန(နိုင်)၀၂၇၄၇၇သည် မြေကွက်နှင့်ပတ်သက်ပြီး မြေတန်ဖိုးငွေ ပြန်လည်ပေးသွင်းခွင့်နှင့်အပ်နှံထားသည့်ပါမစ် ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြန်လည်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၀)၊ နေပြည်တော်

သွာနုတ္တသားဖြစ်၍ အမွေပြတ်စွန့်လွှတ်ခြင်း

မြင်းခြံခရိုင်၊ တောင်သာမြို့၊ အမှတ် (၃)ရပ်ကွက်၊ (ကွမ်းခြံရွာ) နေ ဦးကျော်သံ ၉/တသန(နိုင်)၀၀၈၂၅၇–ဒေါ်ကျင်ဝိုင်း ၉/တသန(နိုင်) ၀၀၈၂၈၈တို့၏သား မောင်နိုင်ဝင်း ၉/တသန(နိုင်)၁၁၄၉၂၉သည် မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပြီး မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲမိဘတို့၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုလုပ်သည့်အပြင် မိဘတို့ကို စိတ်ထိခိုက်နစ်နာအောင် ပြုမူခဲ့ခြင်း၊ မိဘတို့အား ငဲ့ကွက်မှုမရှိခြင်း၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သဖြင့် ယနေ့မှစ၍ သွာနုတ္တသားဖြစ်သူ မောင်နိုင်ဝင်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်လည်း မည်သည့်ကိစ္စမျှ မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်သံ–ဒေါ်ကျင်ဝိုင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်တင့် (B.A Law., LL.B)   **ဒေါ်ယုဇနိစိုး (LL.B)**
(စဉ်–၁၄၉၀)   **(စဉ်–၉၄၁၇)**

တရားလွှတ်တော်ရှေ့နေများ
အမှတ် (၃)ရပ်ကွက်၊ တောင်သာမြို့၊ ဖုန်း–၀၉–၄၂၇၁၃၂၃၃၀၊ ၀၉–၇၉၅၈၃၀၂၇၄

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ၊ (၃)ရပ်ကွက်နေ ဦးခင်ညွန့် ၁၂/လကန(နိုင်) ၀၃၇၉၈၂၏သား မောင်ဇေယျာ မင်း ၁၂/လကန(နိုင်) ၁၇၃၈၉၆သည် ဖခင်ဖြစ်သူကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်ညွန့်

အမည်ပြောင်း

ဦးဝင်းသန့်၏သမီး၊ ကလေးမြို့၊ TCLC ကိုယ်ပိုင်မူလတန်းကျောင်း၊ ပထမတန်းမှ မရတီဝင်းသန့်အား မဂျူးရတီလှိုင်ဟု ပြောင်းလဲ ခေါ်ပါရန်။

မဂျူးရတီလှိုင်

ဖခင်အမည်မှန်

ကလေးဝမြို့နယ်၊ သက္ကယ်ကျင်းကျေးရွာနေ မောင်ဝေယံထွန်း ၅/ကလဝ(နိုင်)၁၅၉၉၂၀၏ ဖခင်အမည်မှန်မှာ ဦးစောသန်းထွန်းလေး ၇/ကတခ(နိုင်)၀၈၆၄၉ ဖြစ်ပါကြောင်း။

ဦးစောသန်းထွန်းလေး

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/6562 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ကလေး)

အမည်ပြောင်း

ကလေးမြို့၊ ညောင်ပင်သာ (၁)နေ ဦးမောင်မောင်ဋ္ဌေး ၅/ကလထ(နိုင်)၀၀၂၄၇၏ သားမောင်ထက်ရဲရင့်အောင်အား မောင်ညီမင်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ကသာမြို့၊ ရပ်ကွက်(၉)နေ ဒေါ်မြတ်သက်မွန် ၅/ကသန(နိုင်)၀၀၀၀၃၅၏ အမည်မှန်မှာ ဒေါ်မြသက်မွန်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၁၇–၅–၁၉၇၃) ဖြစ်ပါကြောင်း။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်8B/2106 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဦး ၅/ရဘန(နိုင်)၀၆၁၃၅၃မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ် ကြောင်းအများသိစေရန်ကြေညာအပ်ပါ သည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)

လေလံတင်ရောင်းချမည့်ရက်ကြေညာခြင်း

ကော့သောင်းမြို့နယ်၊ အကောက်ခွန်ဦးစီးဌာန၊ ကော့သောင်းကမ်းရိုးတန်းမြို့နယ်ရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ရာဘာပြားထုတ်လုပ်ရာတွင် အသုံးပြုမည့်စက်ပစ္စည်းအစိတ်အပိုင်းအဟောင်း(၄)မျိုးအား One Log ဖြင့် လေလံတင် ရောင်းချမည်ဖြစ်၍ စိတ်ပါဝင်စားသော ပြင်ပပုဂ္ဂိုလ်များသည် လေလံပုံစံများကို တစ်စုံလျှင် ၅၀၀၀/-(ငါးထောင်တိတိ)ဖြင့် မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ ကော့သောင်းမြို့တွင် ငွေပေးသွင်းပြီး လျှောက်လွှာများဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လေလံတင်ရောင်းချမည့်ရက် - ၁-၇-၂၀၂၀ရက်
အချိန် - ၁၀:၃၀နာရီ
နေရာ - မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့
လေလံပုံစံရောင်းချမည့်ရက် - ၂၆-၇-၂၀၂၀ရက် မှ ၃၀-၆-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)

အသေးစိတ်အချက်အလက်များကို မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ ကော့သောင်းမြို့

ဖုန်း-၀၅၉-၅၁၀၀၅

တစ်ဦးတည်းဖြစ်ကြောင်း

သံဖြူဇရပ်မြို့၊ ဖောင်စိန်ရပ်ကွက်နေ ဦးအောင်ထွန်းမြင့်၏သား ဦးစောဇေယျာဖုန်းအောင်(ခ)စောဇေယျာဖုန်းအောင် ၁၀/မဒန(နိုင်)၁၁၂၄၂၈ နှင့် ဦးဇေယျာဖုန်းအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်ပြောင်း

ဝါးခယ်မမြို့နယ်၊ ထီးဝဖလံကျေးရွာနေ ဦးဝင်းသန်း၏သား မောင်စွမ်းပြည့်အောင်အားယနေ့မှစ၍ မောင်သာထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သာထက်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
မြဝတီခရိုင်တရားရုံး
၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ် -၁၆

ဦးဇော်ငွေးကို နှင့် ၁။ ဒေါ်နန်းခိုင်ခိုင်မိုး(ခ) ဒေါ်ခိုင်ခိုင်မိုး
၂။ ဦးစောငွေလွင်

တရားလို **တရားပြိုင်များ**

ကရင်ပြည်နယ်၊ မြဝတီမြို့၊ (၄)ရပ်ကွက်၊ အဓိဋ္ဌာန်အောင်ဘုရားလမ်းနေ ဒေါ်နန်းခိုင်ခိုင်မိုး(ခ)ဒေါ်ခိုင်ခိုင်မိုး (ယခုလိပ်စာ မသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးဇော်ငွေးကိုက မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ် ဇူလိုင် ၆ရက် (၁၃၈၂ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိုက်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေ့လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇွန် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကိုကိုနိုင်)
ခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် -၂၄၇ နှင့် ဆက်နွယ်သည့်
၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၁၁

ဦးနေဝင်း နှင့် ၁။ ကိုကျော်ခိုင်ကိုကို
၂။ ကိုဝေယံကိုကို
၃။ ဒေါ်မြမြအေး
၄။ ဒေါ်ယဉ်ယဉ်သန်း

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အပိုင်း (၁၅)ရပ်ကွက်၊ ပေါက်ကုန်း၊ ပိတောက်လမ်း၊ အမှတ် ၇၀နေ ဒေါ်မြမြအေးနှင့် ဒေါ်ယဉ်ယဉ်သန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် - ၂၄၇ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးနေဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်ဆင့်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၇ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နီလာဝင်း)
ဒုတိယခရိုင်တရားသူကြီး (၉)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ အမှတ်(၆)၊ သဘောကျင်း(၅)လမ်းရှိ အဆောက်အဦးအား ကျော်စီးတီးဆောက်လုပ်ရေး ကန်ထရိုက်တာဦးကျော်ဝင်းမှ ဆောက်လုပ်ခဲ့ပြီး ၎င်းပိုင်ဆိုင်သည့် ဒုတိယထပ်(ဝဲ) ၁၂ပေ×၄၇ပေ တိုက်ခန်းတစ်ခန်းအား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် (၁၉-၆-၂၀၂၀)ရက်နေ့တွင် တိုက်ခန်းအရောင်းအဝယ် စရံပေးစာချုပ်ဖြင့် သဘောတူခဲ့သည့်အလျောက် ရောင်းကြေးငွေအပေါ် စရံငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူအေး
LL.B, LL.M
အထက်တန်းရှေ့နေ (စဉ်-၄၉၀၃၈/၂၀၁၇)
အမှတ်(၁၂၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၀၉ ၈၉၉၅၆၈၈၆၀

Grand Guardian Insurance Holding Public Co., Ltd

Grand Guardian Insurance Holding Public Co., Ltd ၏ ပထမအကြိမ် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အစည်းအဝေးသို့ တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ အစုရှယ်ယာရှင်များအား ဖိတ်စာနှင့်တကွ လိုအပ်သော စာရွက်စာတမ်းများကို သီးခြားပေးပို့မည်ဖြစ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ရက် - ၂၀၂၀ခုနှစ် ၊ ဇူလိုင်လ (၂၂)ရက် (ဗုဒ္ဓဟူးနေ့)

အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၁၁:၀၀) နာရီ

အစည်းအဝေးကျင်းပမည့်ပုံစံ - Microsoft Teams Meeting

အစုရှယ်ယာရှင်များ လွှဲပြောင်းခြင်းကို မှတ်ပုံတင်ရန် ဇူလိုင်လ (၇) ရက်မှ ဇူလိုင်လ (၂၂)ရက် အထိ အစုရှယ်ယာမှတ်တမ်းအား ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
Grand Guardian Insurance Holding Public Co., Ltd

အများပြည်သူသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ နယ်မြေ (၈)တွင်နေထိုင်သော ဦးထွန်းနိုင်(ဘ) ဦးရွှေသီး ၉/လဝန(နိုင်)၀၁၃၂၈၂သည် မိမိလုပ်ကိုင်စိုက်ပျိုးနေသော လယ်မြေအမည်ပေါက် ၁၈၃၇ကွင်း၊ ဦးပိုင်အမှတ် ၁၇/၁ရှိ ဧရိယာ ၄ဒသမ၅၅ဧက ပုံစံ (၇)တို့သည် အမှန်တကယ်ပျောက်ဆုံးသွားခဲ့ပါသဖြင့် ၎င်းလယ်ယာ မြေပုံစံ (၇)များအား သက်ဆိုင်ရာဌာနသို့ ဥပဒေနှင့်အညီ တင်ပြလျှောက်ထားပြီးဖြစ်ပါကြောင်း အများပြည်သူများ သိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းနိုင် ၉/လဝန(နိုင်)၀၁၃၂၈၂

အများပြည်သူသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ နယ်မြေ (၈)တွင် နေထိုင်သော ဦးထွန်းနိုင်(ဘ) ဦးရွှေသီး ၉/လဝန(နိုင်)၀၁၃၂၈၂သည် မိမိလုပ်ကိုင်စိုက်ပျိုးနေသော လယ်မြေအမည်ပေါက် ၁၈၃၄ကွင်း၊ ဦးပိုင်အမှတ် ၁၀၂/၁ရှိ ဧရိယာ ၃ဒသမ၆၁ဧက/ ၁၈၃၄ကွင်း၊ ဦးပိုင်အမှတ် ၁၀၄/၁ ဧရိယာ ၁ဒသမ၆၃ဧက ပုံစံ (၇)တို့သည် အမှန်တကယ်ပျောက်ဆုံးသွားခဲ့ပါသဖြင့် ၎င်းလယ်ယာ မြေပုံစံ (၇)များအား သက်ဆိုင်ရာဌာနသို့ ဥပဒေနှင့်အညီ တင်ပြလျှောက်ထားပြီးဖြစ်ပါကြောင်း အများပြည်သူများ သိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းနိုင် ၉/လဝန(နိုင်)၀၁၃၂၈၂

ကိုစည်သူဆွေ "TNS" Power Company Limited
သိစေရန်

အမှတ် 41/A၊ မြင်သာ ၄လမ်း၊ 14/1ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ "TNS" Power Company Limited မှ ကိုစည်သူဆွေ ၁၂/ကမတ(နိုင်) ၀၅၀၅၄၁ ရန်ကုန်မြို့တွင် နေထိုင်သူသည် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၄၉လမ်းနှင့် ယုဇနလမ်းရှိ၊ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွက် ကျွန်ုပ်တို့၏ Triple "A" Cement International Co;Ltd ထံမှ 5-10-2019/2-11-2019/10-11-2019/27-11-2019 ရက်များတွင် ဝယ်ယူခဲ့သည့် အသင့်ဖျော်ကွန်ကရစ် 75.5 မီတာကျူအတွက် လက်ကျန်ငွေကျပ် 4,830,500/-(ကျပ်လေးဆယ့်ရှစ်သိန်းသုံးသောင်းငါးရာကျပ်တိတိ)အား တစ်ပတ်အတွင်းလာရောက် ပေးသွင်းပါရန်နှင့် ပျက်ကွက်ခဲ့ပါက ရုံးလုပ်ထုံးလုပ်နည်းများအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

Triple "A" Cement International Co.,Ltd.
ဖုန်း-၀၉-၈၇၀၅၄၃၄၆၈

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မရမ်းကုန်းမြို့နယ်တရားရုံးတော်၌
၂၀၂၀ပြည့်နှစ်၊
တရားမကြီးမှုအမှတ်-၁၀နှင့်ဆက်သွယ်သည့်
၂၀၂၀ပြည့်နှစ်၊ တရားမဇာရီမှုအမှတ်-၁၄

ဒေါ်ခင်သီတာအောင် နှင့် ၁။ ဒေါ်သန်းစိန်
၂။ ဒေါ်ခင်သန်းတန်

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

အမှတ်(၁)၊ (၂)တရားရှုံးများဖြစ်သော ဒေါ်သန်းစိန်၊ ဒေါ်ခင်သန်းတန်တို့ နေထိုင်သော အမှတ်-၃၁၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၁၀တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇူလိုင် ၇ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ပြည့်နှစ် ဇွန် ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်သူဟာန်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မရမ်းကုန်းမြို့နယ်တရားရုံး

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနှင်းဆီရပ်ကွက်၊ သစ္စာလမ်းသွယ် (၁)နေ (ဘ) ဦးတင်ဦး ၁၂/အစန(နိုင်) ၀၅၆၃၃၉ -ဒေါ်သိန်းပွင့် ၁၄/ကလန(နိုင်)၀၂၁၃၆၉ တို့၏သား မောင်ဝင်းကိုကိုဦး ၁၂/မဂဒ(နိုင်)၂၀၂၅၀၉သည် မိဘနှစ်ပါးနှင့် ညီအစ်ကို များအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ဦး-ဒေါ်သိန်းပွင့်

အမည်ပြောင်း

ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့နေ ဦးသန်းကို၏သား၊ (အမက-ရွာလေး) ကျောင်းမှ စတုတ္ထတန်း အောင်မြင်ခဲ့ပြီးဖြစ်သော မောင်စွမ်းညီစံအား မောင်ဉာဏ်လင်းမြင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဉာဏ်လင်းမြင့်**

အမည်ပြောင်း

မင်းလှမြို့နယ်၊ သစ်တူးအိုင်ကျေးရွာနေ ဦးခင်မောင်သိန်း၏ သား မောင်အေးမိုးချိုသိန်း ၇/မလန(နိုင်)၁၁၁၁၈၁အား မောင်အောင်စိုးစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်စိုးစံ

အမည်ပြောင်း

ရှမ်းပြည်နယ်၊ တောင်ပိုင်း၊ ဆီဆိုင်မြို့၊ သီရိရပ်ကွက်၊ နယ်မြေ (၃)၊ အိမ်အမှတ် (၂၂၄) ဦးစံလှ၏သမီး မတင်အေးစံ ၁၃/ဆဆန(နိုင်)၁၀၀၄၈၂အား မထိပ်ထားမွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မထိပ်ထားမွန်

ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ ခုံဇင်ကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ် (၁၇၀-ခ)၊ ရှမ်းကုန်းကွင်း၊ ဦးပိုင်အမှတ် (၆၈၊ ၆၇၊ ၈၁/၁၊ ၈၅/၁၊ ၅၈၊ ၅၉/၁၊ ၈၂/၁၊ ၈၂/၂၊ ၈၃၊ ၈၄/၁၊ ၈၄/၂၊ ၈၅/၂၊ ၅၇၊ ၅၆/၁၊ ၅၆/၂၊ ၅၆/၃၊ ၅၆/၄၊ ၅၆/၅၊ ၅၆/၆၊ ၅၆/၇၊ ၅၅/၂၊ ၅၆/၈၊ ၅၅/၃၊ ၅၅/၁၊ ၅၅/၄၊ ၅၅/၅၊ ၄၈/၃၊ ၄၇၊ ၄၅၊ ၉၂/၁၊ ၉၂/၂၊ ၉၁၊ ၉၀၊ ၈၉၊ ၈၆)၊ ဧရိယာ ၄၀ဒသမ၆၃ဧကရှိမြေအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေး နှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပုသိမ်ပင်မဓာတ်အားခွဲရုံ၊ ကန်ကြီးထောင့်မြို့နယ် အမည်ဖြင့် မြေသိမ်းလျှောက်ထားဆောင်ရွက်ရန် (ဘ)ဦးမြဝင်း၏သား ဦးကျော်စိုးနိုင် (လက်ထောက်ညွှန်ကြားရေးမှူး)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၄/ကကန(နိုင်)၀၈၉၁၀၉ အမည်ဖြင့် မြေသိမ်းလျှောက်ထားမှုအား ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
ကန်ကြီးထောင့်မြို့နယ်

ထိမ်းမြားလက်ထပ်ပြီးစီးကြောင်း

ပဲခူးမြို့နေ
ဒေါက်တာနေလင်း-ဒေါ်ချယ်ရီတင်တို့၏သား
ဒေါက်တာအောင်ပညာနေလင်း၏ အစ်ကို
ဒေါက်တာကောင်းစင်သန့် M.B.,B.S(Ygn)
နှင့်
ပဲခူးမြို့နေ
အရာခံဗိုလ်ကျော်သူရ(ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ကြည်း)-
ဒေါ်မာမာညွန့်တို့၏သမီး
မမေမွန်ကျော်နှင့် မောင်ခန့်ဇော်တို့၏ အစ်မ
မအိအိကျော် (B.Sc,Maths)တို့သည်

၂၂-၆-၂၀၂၀ရက်တွင် ပဲခူးမြို့၊ ခရိုင်တရားသူကြီးရုံးတွင် မင်္ဂလာလက်မှတ်ရေးထိုးပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား လေးစားစွာအသိပေးအပ်ပါသည်။

ဒေါက်တာကောင်းစင်သန့်-မအိအိကျော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ကလေးခရိုင်တရားရုံးတော်၌
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၇

ဦးဂိုးလျှန်းတွေ့ခင် နှင့် ဦးဗန်းလျှန်း
တရားလို တရားပြိုင်

ကလေးမြို့၊ နယ်မြေ (၁/၆၅)၊ သဇင်ရပ်ကွက်နေ တရားပြိုင်ဖြစ်သော ဦးဗန်းလျှန်း (ယခုနေလိပ်စာမသိသူ) သိစေရ မည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၅ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သိန်းထိုက်ဦး)
ခရိုင်တရားသူကြီး
ကလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်၊ သစ်တပွေရပ်ကွက်၊ ကွင်းအကွက်အမှတ်နှင့် အမည် (၁၄/အိုးဘိုစု)၊ ဦးပိုင်အမှတ် (၁၆၆)၊ ဧရိယာ ၀.၁၁၄၀၁၂ကေရှိမြေကွက်အား ရေနံချောင်းမြို့၊ မြို့မတောင်ရပ်ကွက် နေထိုင်သူ ဦးထူးရဲဇော်မှ လည်းကောင်း၊ ရေနံချောင်းမြို့နယ်၊ သစ်တပွေရပ်ကွက်၊ ကွင်းအကွက်အမှတ်နှင့် အမည် (၁၄/အိုးဘိုစု)၊ ဦးပိုင်အမှတ် (၂၀၅)၊ ဧရိယာ ၀.၁၁၀ကေရှိမြေကွက်အား ဦးချစ်စမ်းအောင်မှလည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (ကော်လိတ္တော်အရာရှိ)ထံ စာချုပ်စာတမ်းအထောက်အထားများဖြင့် မြေငှားဂရန်များ လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများစွာဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၆၄၃)၊ မြေကွက်တည် နေရာအမှတ်(၆၄၃)၊ စိန်ပန်းပြာလမ်း၊ ဒူးယား(၂)လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးလှထွန်း(CC-၀၄၀၀၉၀) ၁၂/ ဒဂမ(နိုင်) ၀၀၇၇၂၄ အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးလှထွန်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်- ၂၉၆၃/၂၀၁၇(၂၈-၉-၂၀၁၇)ဖြင့် ပေ(၄၀ x၆၀)အနက်မှမခွဲမစိတ်ရသေးသော ခြေရင်းခြမ်း ပေ(၂၀x၆၀)အား ဝယ်ယူသူ ဦးမြတ်သူ၈/ပခက(နိုင်) ၂၂၄၄၇၂နှင့် အမည်ပေါက်ဦးလှထွန်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၈၀၅၃/၂၀၁၆(၃၁-၈-၂၀၁၆)ရသူ ဦးမြသန်း ၁၂/ဒဂန(နိုင်) ၀၀၉၁၈၀တို့မှပူးတွဲ၍ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာချုပ်၊ မြေတိုင်းမြေပုံ၊ လိုင်စင်၊ အင်ဂျင်နီယာပုံ၊ SPမူရင်း၊ ဦးလှထွန်းသက်ရှိထင်ရှားရှိပြီး SPမရုပ်သိမ်းသေးကြောင်း၊ ဦးမြသန်း၏ကျမ်းကျိန်လွှာတို့တင်ပြ၍မြေကွက်ခွဲစိတ်(အတည်ပြု/တိုင်းခွဲ)လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဦးမြသန်း၏နိုင်ငံသားစိစစ်ရေးကတ်ပြားတင်ပြရန် အကြောင်းကြားခဲ့ရာ လာရောက်တင်ပြနိုင်ခြင်းမရှိဘဲ တစ်ဖက်သတ်ဆောင်ရွက်ပေးပါရန်နှင့်ဖြစ်ပေါ်လာသော ကိစ္စအဝဝအားတာဝန်ယူပါကြောင်း ဦးမြတ်သူမှ(၃၀-၈-၂၀၁၉)ရက်စွဲပါစာဖြင့် ဝန်ခံကတိပြုတင်ပြလာပါသဖြင့် ဦးမြတ်သူ၏ တစ်ဖက်သတ်မြေကွက်ခွဲစိတ်(အတည်ပြု/တိုင်းခွဲ)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၃၊ မြေကွက်အမှတ်-၁၁၈၄/က၊ ဧရိယာ ပေ(၂၀ x၆၀)၊မြေကွက်တည်နေရာအမှတ်(၁၁၈၄/က)၊ သူရိယလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးချစ်အေးအမည်ပေါက် ပါမစ်မြေအားအမည်ပေါက်ဦးချစ်အေးထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမျိုးအောင် ၁၂/ကမတ(နိုင်) ၀၆၄၈၀၃မှ မြေချပါမစ်မူရင်းမှာ ခရီးသွားရင်းအထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း၊ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း တစ်စုံတစ်ရာမရှိဘဲ လက်ရောက်နေထိုင်ပိုင်ဆိုင်သည်မှာမှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်တို့နှင့် ၎င်းထံမှ GP လွှဲစာအမှတ်-၂၅၁၉၃ (၂၉-၈-၂၀၁၉)အရ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးစိန်လှမောင် ၁၄/မမက(နိုင်) ၁၇၉၂၉၄မှ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်သူသည် ယနေ့ထိတိုင်သက်ရှိထင်ရှားရှိကြောင်းနှင့် အဆိုပါ ကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းခြင်းမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဦးမျိုးအောင်ကိုယ်စား ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မွန်ပြည်နယ်၏ ပြည်နယ်ဘဏ္ဍာငွေလုံးငွေရင်းဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေး Turnkey လုပ်ငန်း (Lot ၅ခု)အတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၃-၆-၂၀၂၀ ရက်မှ ၈-၇-၂၀၂၀ ရက်ထိ
တင်ဒါတင်သွင်းရမည့်ရက် - ၉-၇-၂၀၂၀ ရက်မှ ၁၀-၇-၂၀၂၀ ရက်ထိ
တင်ဒါလျှောက်လွှာဝယ်ယူ/တင်သွင်း - ရမည့်နေရာ မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသည်များအား ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့လည်းကောင်း တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ
မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး
မော်လမြိုင်မြို့
ဖုန်း-၀၉-၄၂၈၇၂၅၅၇၁၊ ၀၉-၄၂၈၇၂၅၅၇၂၊
၀၉-၄၂၈၇၂၅၅၇၃၊ ၀၉-၄၂၈၇၂၅၅၇၄၊
၀၉-၂၅၂၅၅၅၀၀၅၊ ၀၅၇-၂၀၂၅၈၈၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ မြေကွက်အမှတ် (ဥ- ၁၇၇၈)၊ ဒေါ်တုတ် ၉/ပမန(နိုင်)၀၅၃၀၈၀ (ဘ)ဦးမြရင် အမည်ပေါက် ပါမစ်မြေကွက်ကို ဦးသန်းလှိုင် ၉/လဝန(နိုင်)၀၆၇၉၇၆ (ဘ)ဦးမောင်ကိုမှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်မိတ္တူ၊ တရားရုံးကျမ်းကျိန်လွှာမိတ္တူ၊ မြေကွက်ယာယီချထားပေးသည့်စလစ်မိတ္တူ၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြပြီး မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးကြင်အေး ၁၂/ရကန(နိုင်) ၀၂၈၇၀၇ (ဘ)ဦးဟန်ထွန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ် ပ-၂၂၅၃ ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၈၇၃/၂၀၂၀ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးတင်မောင်လှ ၁၂/လကန(နိုင်)၀၂၂၃၁၂ (ဘ) ဦးရွှေသောင်းမှ ဦးသူရအောင် ၁၂/ဥကမ(နိုင်)၁၉၂၉၆၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဒေါ်ခင်ခင်လွင် ၁၂/ဥကတ(နိုင်) ၀၁၆၈၉၀ (ဘ)ဦးရွှေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် ပ-၂၀၄၅၀ ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၃၆/၂၀၂၀ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်မြတ်စုဝင်း ၁၂/ဗဟန(နိုင်)၀၉၃၂၁၆ (ဘ)ဦးဌေးဝင်းမှ ဒေါ်လွင်မေဦး ၁၂/လမန(နိုင်) ၀၆၂၉၂၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ လူနေရပ်ကွက်အမှတ်-ရွှေကမ်းသာယာ (၃)၊ မြေကွက်အမှတ် (၁၉)၊ မြေအကျယ်အဝန်း (၃၂'x၈၀')၊ စတုရန်းပေ ၂၅၆၀၊ လုံးချင်းအဆောက်အအုံနှင့် ၆၀ ဂရန်မြေဖြစ်ပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးခင်ဇော် ၁၂/ကမတ(နိုင်)၀၅၀၇၁၁ အမည်ပေါက်ပါသည်။ ဦးခင်ဇော် ကွယ်လွန်ပြီး ဒေါ်တင်တင်နွယ် ၁၂/ကမန(နိုင်)၀၂၃၄၀၄မှ တရားဝင်ဇနီးဖြစ်ပြီး လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း စာရွက်စာတမ်းများတင်ပြကာ ကျွန်ုပ် ဦးအောင်ချစ်ဦး ၁၃/ကခန(နိုင်)၀၈၁၇၅၁က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ယနေ့မှစ၍ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ချစ်ဦး ၁၃/ကခန(နိုင်)၀၈၁၇၅၁
ဖုန်း-၀၉-၉၆၆၉၉၈၇၇

ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ ANHUI FENGLE AGROCHEMICAL CO.,LTD မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါစိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် ROYAL GOLDEN CITIZEN CO.,LTD မှ AGRO GREEN LAND CHEMICAL CO.,LTD သို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။ AGRO GREEN LAND CHEMICAL CO.,LTD.Ph-09777758847

Sr.	Trade Name	Active Ingredient	Registration No.
1.	Fusion	Fomesafen 25% SL	P2018-4111
2.	Quee	Quizalofop-P-ethyl 10% EC	P2018-4104

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁) ရပ်ကွက်၊ ဦးငွေကိုင်လမ်း၊ မြေကွက်အမှတ်(၇၇၄) ၊ အကျယ်အဝန်း (၄၁ ပေ x ၆၀ပေ) ရှိ ဦးစိုးနိုင် (၁၂/မဂတ(နိုင်)၀၂၂၄၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးစိုးနိုင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ခန္တီးမြို့၊ ပေါမိုင်းရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ဦးစိုးလွင်-ဒေါ်ဝင်းမေ(Shwe Tun Touk Company Limited)မှ Fresh,pefect,Rainbow,Peace,Royal PH7 တံဆိပ်(၅)မျိုးအနက် သင့်လျော်သော အမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံတူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဦးစိုးလွင်-ဒေါ်ဝင်းမေ (Shwe Tun Touk Company Limited) ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိုးလွင်-ဒေါ်ဝင်းမေ (Shwe Tun Touk Company Limited)
ဘုရင့်နောင်လမ်း၊ ပေါမိုင်းရပ်ကွက်၊ ခန္တီးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
ဖုန်း-၀၉-၄၀၂၅၈၈၇၄၅၊ ၀၉-၂၅၆၃၁၁၉၉၂၊ ၀၉-၄၀၃၇၀၂၃၄၈

အမည်မှန်

မိုင်းခတ်မြို့၊ ရပ်ကွက်(၁)နေ ဦးသိန်းဇော်၏သမီး ရွှေဘိုတက္ကသိုလ် တတိယနှစ်(မြန်မာစာ)မှ မမိုးပွင့်အေး၏ အမည်မှန်မှာ မမိုးပွင့်ဇော် ၅/ရဥန(နိုင်) ၁၁၂၄၂၅ ဖြစ်ပါကြောင်း။ **မမိုးပွင့်ဇော်**

ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ် (၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/အလင်းရောင်မြို့ကွက်သစ်(၁)၊ ဦးပိုင်အမှတ်(ဂ-၁၆)၊ ဧရိယာ ၀ ဒသမ၀၅၅ ဧကရှိ ဦးထွန်းရွှေ အမည်ပေါက်မြို့မြေကွက်အား ဦးရဲစည်သူ (ဘ) ဦးစိုးတင့် ၉/လဝန(နိုင်)၁၈၃၈၈၁ မှ မြေနေရာချထားပေးမိန့်၊ အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်းများတင်ပြ၍ အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/5456 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6N/9063 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/8672 KIA K2700 PICKUP (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၉/မနမ(နိုင်)၀၂၃၈၄၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/5622 TOYOTA RACTISN SP 120 HATCH BACK (4x2)ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပန်းအိဖြူဖွေး ၉/အမဇ(နိုင်) ၀၃၀၉၉၇ က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/3965 NISSAN Atlas H2F23 Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသိန်း ၇/ဝမန(နိုင်)၀၄၄၅၇၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/6046 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1W/36779 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/9021 Shwe Thway mpv Micro Bus ယာဉ်လက်ဝယ်ရှိသူ ဦးစောလှိုင်ဦး TGKN-067520 က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်းဝလမ်း၊မြေကွက်အမှတ်(၁၀၅၂/က)၊မြေပေအကျယ် အလျား(၆၀)ပေxအနံ (၂၀) ပေရှိ နှစ်(၆၀) ဂရန်မြေကွက်၏ အမည်ပေါက်မှာ ဦးမင်းဇော်အောင် ၁၂/အစန(နိုင်)၁၆၂၅၀၂ ဖြစ်ပြီး အဆိုပါမြေကွက်ပေါ်တွင်(၁)ခန်း(၅)ထပ် အာရ်စီကန်ထရိုက်တိုက် ဆောက်လုပ်ထားရာ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်၊စတုတ္ထထပ်များ တစ်ခန်းလျှင် အကျယ်အဝန်း (၁၈x၅၄)ပေ၊အမြင့်(၉)ပေစီနှင့်မြေညီထပ်(အမြင့်) ၁၇ပေ၊အကျယ်အဝန်း(၁၈x၅၄)ပေရှိသော တိုက်ခန်း(၅)ခန်းစလုံးကို လက်ဝယ်ထားရှိ ပိုင်ဆိုင်နေထိုင်လျက်ရှိသူ ဦးမင်းဇော်အောင်က ယင်း(၁)ခန်း(၅)ထပ်အာရ်စီတိုက်နှင့်ပတ်သက်၍ နှစ် (၆၀) မြေငှားဂရန်မူရင်းအပါအဝင် မြေပိုင်ဆိုင်မှုတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းမြင့် ၁၂/ဥကတ(နိုင်)၀၀၀၂၄၀ နှင့် ဒေါက်တာတင်မိုး ၁၂/တမန(နိုင်)၀၃၀၇၅၄ တို့က အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရီရီသန့်("အလင်္ကာ"Law Firm) LL.B,D.B.L,D.M.L,D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)
အမှတ်(၅၂၅/ခ)၊မင်းရဲကျော်စွာ(၄)လမ်း၊
(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၆၆၁၆၄၊၀၉-၇၉၆၆၀၀၂၁၇

တည်းခိုခန်းရောင်းမည် ၃၆၀၀ သိန်း (ညှိနှိုင်း)

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသည်။ ဘုန်းကြီးလမ်း(အာသာဝတီလမ်း)၊ မယ်လမုဘုရားမီးပွိုင့်အနီး၊ မြောက်ဥက္ကလာ။ ၂၀ပေ×၅၀ပေ။ ၅ထပ်တိုက်။ ကိုယ်ပိုင်မီးစက်ပါ။ TRANSFORMER ပါ။ အခန်း၁၈ခန်း။ အခန်းတိုင်း AIRCON ၊ ရေခဲသေတ္တာ၊ ဘိုထိုင်ပါရှိသည်။

0943021001

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၃၆၂၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ မြေကွက် တည်နေရာအမှတ် ၃၆၂၊ အောင်မိုးဟိန်းလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးသောင်းတင် CK-၀၂၂၀၄၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဦးသောင်းတင် အမည်ပေါက် ပေ(၄၀x၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်အခြမ်း ပေ(၂၀x၆၀)၊ Portion အား အမည်ပေါက်ထံမှ S.P ၂၉၅၂၁/၂၀၁၄(၃-၁၁-၂၀၁၄)ရသူ ဦးနေဝင်းဇော် ၉/ခအဇ (နိုင်)၀၀၆၃၀၁ မှ S.P ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် S.P မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းတင်ပြရန်(တစ်ဖက်သတ်) Portion အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ ရှင်သိဒ္ဓတ်(၁၀)လမ်း၊ မြေကွက်အမှတ် ၅၉၄၊ မြေပေအကျယ်ပေ (၄၀x၆၀) အိမ်ခြံမြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ရန်အတွက် ကန်ထရိုက်တာ ဦးရဲမြတ်သူနှင့် မြေပိုင်ရှင်များဖြစ်သော ဒေါ်မြသိန်း၊ ဒေါ်ဝင်းကြည်၊ ဒေါ်အေးမြင့်၊ ဦးမြင့်မောင်၊ ဒေါ်ခင်စန်းမြင့်တို့သည် ၂၄-၆-၂၀၁၄ရက်တွင် စာချုပ် ချုပ်ဆိုခဲ့ကြပြီး နောက် ဒေါ်မြသိန်းနှင့်ဒေါ်ဝင်းကြည်တို့မှ ကန်ထရိုက်တာ ဦးရဲမြတ်သူအား ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါတွင် မြေရှင်နှင့်ကန်ထရိုက်တာတို့ ချုပ်ဆိုထားသော စာချုပ်အား နှစ်ဦးသဘောတူပြန်လည်ဖျက်သိမ်းပြီးဖြစ်သော်လည်း ကန်ထရိုက်တာသည် မြေပိုင်ရှင်ထံမှရယူထားသော အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းမှာ ပျောက်ဆုံးနေသောကြောင့် ကန်ထရိုက်တာဦးရဲမြတ်သူအား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်းနှင့် အဆိုပါအထွေထွေကိုယ်စားလှယ်လွှဲစာ မူရင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ကန်ထရိုက်တာ ဦးရဲမြတ်သူနှင့်သာသက်ဆိုင်ပြီး မြေပိုင်ရှင်များနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရီရီသန့်(အလင်္ကာ Law Firm)
LL.B, D.B.L, D.M.L, D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)
အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၅၈၉၊ မြေကွက်တည်နေရာအမှတ် (၅၈၉)၊ စံရိပ်ငြိမ် (၃) လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးမောင်မောင်ခင်) အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်ဂရန်မြေအား BHO-004817 အမည်ပေါက် ဦးမောင်မောင်ခင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ်(၈၂၇/၂၀၁၄)၁၀-၁၂-၂၀၁၄ ဖြင့် ပိုင်ဆိုင်သူ ဇနီး ဒေါ်ခင်အေးသိန်း ၁၂/ရကန(နိုင်)၀၂၁၆၄၅ ကိုယ်စား General Power ၇၃၃၇/၂၀၁၆ (၅-၈-၂၀၁၆) ရသူ ဦးခင်မောင်တင့် ၁၃/တကန(နိုင်)၀၀၃၂၇၀ မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ GP မူရင်း၊ ပိုင်ဆိုင်စာချုပ် ဒေါ်ခင်အေးသိန်း သက်ရှိထင်ရှားရှိပြီး GP မရုပ်သိမ်းသေးကြောင်း ဦးခင်မောင်တင့်၏ ကျမ်းကျိန်လွှာတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသည်။ ၂၀၁၄ခုနှစ်တွင် ဒေါ်ခင်အေးသိန်း၏ GP ရသူ ဒေါ်ခင်သူဇာငြိမ်းမှ အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ အဆိုပါ အရောင်းအဝယ်မြေပုံမူရင်းမှာအိမ်အပြောင်းအရွှေ့ဖြင့် အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ ထိုမြေပုံနှင့်ပတ်သက်၍ စာချုပ်ချုပ်ဆိုခဲ့ခြင်း အသုံးပြုခဲ့ခြင်းမရှိခဲ့ပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဦးခင်မောင်တင့်မှ ၄-၃-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာနှင့် ၆-၃-၂၀၂၀ ရက်စွဲပါ ဝန်ခံကတိပြုစာတို့တင်ပြလာပါသဖြင့် ဒေါ်ခင်အေးသိန်းထံမှ General Power ရသူ ဦးခင်မောင်တင့်၏ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၉၄၊ အောင်စေတီစီမံချက်၊ မြေကွက်အမှတ် ၁/ခ-B-၃၉၊ ဧရိယာ ၀ ဒသမ ၀၄၈ ဧက၊ မြေကွက်တည်နေရာ အမှတ် ၇၃၄၊ ဗိုလ်တေဇလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးအေးမင်း အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးအေးမင်း ၁၂/အစန(နိုင်)၁၅၉၀၀၆ မှ ၂၀၁၇ခုနှစ်တွင် ဘဏ်ချေးမြေပုံကူးထုတ်ယူခဲ့သော်လည်း ဘဏ်ချေးငွေ ထုတ်ယူခဲ့ခြင်းမရှိဘဲ အထားမှား၍ မတွေ့တော့ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ နှစ် (၆၀) မြေငှားဂရန်မူရင်းတို့တင်ပြပြီး ဘဏ်ချေးမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြောက်၊ မြေကွက်အမှတ်-၅/က-၁၊ မြေဧရိယာ(၅၀'x ၁၂၀')၊ မြေကွက်တည်နေရာအမှတ်-၅/က-၁၊ လယ်ယာရိပ်သာ(၁)လမ်း၊(၁၀/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအုံးကြိုင် ၁၂/သကတ(နိုင်)၀၇၃၆၉၅ အမည်ပေါက်နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးအုံးကြိုင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီး ဒေါ်တင်လှိုင် ၁၂/သကတ(နိုင်) ၀၇၂၅၂၄ ထံမှ GP အမှတ် ၃၀၈၈၄/၁၃-၁၂-၂၀၁၉ ရသူ ဦးရဲရင့်နိုင်ဦး ၁၂/ဗဟန(နိုင်)၀၉၉၀၀၆ မှ ကျမ်းကျိန်လွှာများ၊ သေစာရင်း၊ ဂရန်မူရင်း၊ ပါဝါမူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

သို့ခလှခင်ရှဲ့ ငှားရန်ရှိသည်။

100' x 100' (R.C)၊
100' x 50' (R.C)၊
စက်မှုဇုန် (၂)၊ လှိုင်သာယာ
(နေရာအလွန်ကောင်း)
Ph : 09787200511

အမည်မှန်

ဒီးမော့ဆိုမြို့နယ်၊ အထက (ခွဲ၊လိုဘာခို)၊ တက္ကသိုလ်ဝင်တန်း တက်ရောက်မည့် ဦးစောကျော်ရီထူး၏သမီး မနော်စနိုးဝိုက်၏အမည်မှန်မှာ နော်မဈွေးဈွေး ၂/ဒမဆ(နိုင်)၀၇၄၀၅၁ ဖြစ်ပါကြောင်း။

အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ ဦးလှိုင်နေမင်း ၈/ပခက(နိုင်)၁၆၆၇၂၅-ဒေါ်နီနီခိုင်တို့၏သား မောင်ဇင်မင်းဟန်အား မောင်ညီစေမင်းဟု ပြောင်းလဲခေါ်ပါရန်နှင့် သမီးကြီး မမေရတီခိုင်မင်းအား မကြယ်စင်သွန်းဟုပြောင်းလဲခေါ်ပါရန်။

မောင်ညီစေမင်း၊ မကြယ်စင်သွန်း

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၄)ရပ်ကွက်၊ နယ်မြေ (၅)၊ အောင်သုခလမ်း၊ အိမ်အမှတ် ၁၁၂နေ ဒေါ်အေးအေးသင်း၏ဖခင် ဦးစိုးတင့်ထူး (ခ)ဦးသာထူး ၁၃/တကန(နိုင်)၀၂၃၁၃၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ ဦးလှိုင်နေမင်း ၈/ပခက(နိုင်) ၁၆၆၇၂၅-ဒေါ်နီနီခိုင် ၁၂/မဂဒ(နိုင်) ၁၂၆၁၅၄ တို့၏သား မောင်ထက်ဦးဝေအား မောင်ညီစေမင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ညီစေမင်း

မိဘအမည်မှန်

လှိုင်ကော်မြို့၊ အထက(ချိုကယ်) Grade-2 မှ မနှင်းသံစဉ်ဝင်း၏ မိဘအမည်မှန်မှာ ဦးနိုင်ဝင်း ၉/အမဇ(နိုင်)၀၁၆၉၅၉နှင့် ဒေါ်မြင့်ထက်စံ ၂/လကန(နိုင်)၀၆၅၅၈၅ တို့ ဖြစ်ပါကြောင်း။

ဦးနိုင်ဝင်း-ဒေါ်မြင့်ထက်စံ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/3213 Hyundai Mini Bus ယာဉ်လက်ဝယ်ရှိသူ Royal Myanmar Tha Gyee က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဦးအောင်ဘိုဦး၊ မန်နေဂျင်း ဒါရိုက်တာ Royal Home Pre Co.,Ltd. ၏ အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဘုရင့်နောင်လမ်းတွင်တည်ရှိသော Royal Home Pro Co.,Ltd လီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ Royal Home Pro Co.,Ltd သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းတွင် စတင်တည်ထောင်ချိန်မှစ၍ ဆောက်လုပ်ရေး၊ ဆက်သွယ်ရေးနှင့် အခြားလုပ်ငန်းများကို ကောင်းသောဂုဏ်သတင်းဖြင့် မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါတွင် Royal Home Pro လီမိတက်၏ ကောင်းသောသတင်းကို အသုံးချပြီးလုပ်ငန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ အစိုးရရုံးဌာနများတွင် လျှောက်ထားသောလက်မှတ်များသည် မိမိမှမည်သည့်ကိုယ်စားလှယ်စာလွှဲအပ်မှုမရှိခြင်းနှင့် သိရှိခြင်းမရှိဘဲလျက် မိမိ၏အမည်အပေါ်တွင် လက်မှတ်အတုအယောင်နှင့်ကုမ္ပဏီတံဆိပ်တုံးအတုပြုလုပ်ရေးထိုးကာ တင်ပြလျှောက်ထားချက်များ ပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။

အထက်ပါကဲ့သို့ ပြုမှုချက်များ၏ လျှောက်ထားချက်များသည် မိမိနှင့်တကွ မိမိ၏ Royal Home Pro လီမိတက်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါ။

ထိုကဲ့သို့ သက်ဆိုင်ရာရုံးဌာနများတွင် ခွင့်ပြုချက်တစ်စုံတစ်ရာရရှိနိုင်ရန် မိမိ၏ လက်မှတ်အား အတုအယောင်ပြုလုပ်ရေးထိုးလျှောက်ထားသူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုခြင်း၊ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန်းသန္တာအောင် LL.B,LL.M(မဟာဥပဒေ)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၇၇)
ဖုန်း-၀၉-၄၄၅၇၁၃၃၈၂

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းအရှေ့ရပ်ကွက်၊ ကြာအင်းကျေးရွာ၊ ကြာအင်းအရှေ့ ငါးဆူတောင်လမ်း၊ ကွင်းအမှတ် ၉၆၆၊ ဦးပိုင်အမှတ် N-၉၆၊ အကျယ်အဝန်း အလျား ၁၆၅ပေ x အနံပေ၇၀ အကျယ်အဝန်းရှိ ရွာမြေအမျိုးအစား၊ ဦးကျော်နိုင်စိုး ၁၂/လကန(နိုင်)၁၄၂၈၁၂ အမည်ဖြင့်ရှိသော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သူများဖြစ်သော ဦးလှဖြိုး၊ ဒေါ်ဖြူဖြူထွန်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးဝင်းမှ ၂၀-၆-၂၀၂၀ ရက်တွင် ဥပဒေနှင့်အညီ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပြီးဖြစ်ပါကြောင်းနှင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်အမှုသည် သိရှိသဘောတူညီခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ တစ်ဆင့်လွှဲပြောင်း ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းများ မပြုလုပ်ပါရန် ဤကြော်ငြာပါသည့်ရက်မှစ၍ အသိပေးအပ်ပြီး အကယ်၍ ကျွန်ုပ်အမှုသည်သိရှိသဘောတူညီခြင်း မရှိဘဲ တားမြစ်ချက်များအား ဖောက်ဖျက်ကျူးလွန်လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်လွင်မာဦး
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၁၁)
LL.B, D.B.L, WIPO (Switzerland)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးကျော်သန်းနှင့် ကျွန်မ ဒေါ်ဆလီမာဘီတို့၏ သား မောင်အောင်ဇေယျာဝင်း ၂/လကန(နိုင်)၁၀၆၁၁၄ သည် မိဘ၏ ဆိုဆုံးမစကားကို မနာခံသည့်အပြင် ၂၀-၆-၂၀၂၀ ရက်တွင် မိမိသဘောအလျောက် နေအိမ်မှထွက်သွားပါသဖြင့် ယနေ့အချိန်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သူနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ကျော်သန်း ၂/လကန(နိုင်)၀၄၅၈၇၃

ဆလီမာဘီ ၁၂/ကတတ(နိုင်)၀၀၇၂၄၉

ဒွေးတိုးကျ ဒွေးတိုးကျ
သန္တိသုခ
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက (စာနယ်ဇင်း)
014/0819
အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။
သွေးတိုးကျ
သွေးတိုးကျဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012355 (0919)
လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၄၈၀၃၄၄၇၇၊ ၀၉ ၂၆၁၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅

ဦးတင်ဝင်း (ထားဝယ်)

အသက် (၇၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ် (၂၈)နေ ဦးလှပို-(ဒေါ်သန်းကြည်)တို့၏သားလတ်၊ ထားဝယ်မြို့နေ (ဦးဘသန်း-ဒေါ်ဖွားကြည်) တို့၏သားသမက်၊ ဒေါ်မီမီအေး၏ခင်ပွန်း၊ ဦးစိုးဝင်း-ဒေါ်ရီရီသန်း၊ ဦးအောင်သန်း (အောင်ပို့ဆောင်ရေး)တို့၏ညီ၊ (ဦးလှဌေး-ဒေါ်မို့မို့ခိုင်)၊ ဦးကျော်ကျော်လှိုင် (မြို့နယ်လျှပ်စစ် မန်နေဂျာ(သက်န်းကျွန်း)-ဒေါ်နီနီလှတို့၏ အစ်ကို၊ ကိုတင်ကိုကို-မနန်းနှင်းနှင်းထွေး၊ ကိုအောင်အောင်မျိုးမင်း-မတင်ဝတ်ရည်၊ မတင်ဝတ်မှုံ၊ ကိုသက်နိုင်ဦး၊ မတင်မျိုးမျိုးအိ၊ (ကိုတင်ညီညီလတ်ထွေး)-မဇာဇာဟန် အထက (၂)လသာတို့၏ဖခင်၊ မြေးခြောက်ယောက် တို့၏အဘိုးသည် ၂၃-၆-၂၀၂၀ရက် ည ၁၁:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၂၀ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါ သည်။ (နေအိမ်မှကားများ နံနက် ၉:၁၅နာရီ ထွက်ပါမည်)

ကျန်ရစ်သူမိသားစု

ဖျံ့-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၈
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- 01-838 0175 / 839 2594
GENEVA GOLD STAR FOR QUALITY
LONDON QUALITY CROWN QC 100

အမည်မှန်

ရမည်းသင်းမြို့ ဝကုန်းကျေးရွာ နေ ဦးကျော်စွာ၏သား ကျော်ကိုကို ကျော်၏ အမည်မှန်မှာ ကျော်စွာဝင်း ၉/ ရမသ(နိုင်) ၁၄၄၈၆၁ ဖြစ်ပါ ကြောင်း။

မိခင်အမည်မှန်

ဂန့်ဂေါခရိုင်၊ ကျောက်ထုမြို့နယ် ခွဲ၊ လယ်ကြီးအိုင့်ကျေးရွာနေ မောင်စည် သူဟိန်း၏ မိခင်အမည်မှန်မှာ ဒေါ်ရင် ရင်အေး ၈/ကထန(နိုင်) ၀၀၁၂၆၈ ဖြစ်ပါကြောင်း။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှမေ (Anne Sine)

ကထိက(ငြိမ်း)အင်္ဂလိပ်စာဌာန၊

ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်

အသက်(၁၀၀)

(ဦးအုန်းခင်)၏ချစ်ဇနီး၊ (ဦးဆိုင်-ဒေါ်ဇမေ)တို့၏သမီး၊ (ဦးဟိန်းတင်-ဒေါ်သိန်းနု)တို့၏ညီမ၊ (ဒေါက်တာဒေါ်တင်ဇ)၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၃၀)၊ အခန်း(၂)နေ ဒေါ်ယဉ်မေခင်၊ ဒေါက်တာဖေသက်ခင်-ဒေါက်တာမွန်မွန်အောင်၊ (ဦးဇော်လင်းခင်)နှင့် ဦးအောင်ဝင်း-ဒေါ်သီတာခင်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ အင်ကြင်းလှိုင်-ဆန်းသစ်ဦး၊ ဒေါက်တာအောင်မွန်သက်၊ ရန်မျိုးအောင်နှင့် မင်းသက်တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၂၅-၆-၂၀၂၀ရက် ညနေ ၃:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်မှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြန်မာဗီးရှင်းကုမ္ပဏီလီမိတက်

MYANMAR VISION COMPANY LIMITED

ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ-၃၄၈ အရ

(က) ၂၀၂၀ ခုနှစ် ဇွန် ၂၄ ရက်တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) "မြန်မာဗီးရှင်းကုမ္ပဏီလီမိတက်" (MYANMAR VISION COMPANY LIMITED) အား ၂၀၂၀ ခုနှစ် ဇွန် ၂၄ ရက်မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ အဖြစ် ခန့်အပ်ကြပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ	**တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ)	**ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law)**
YE NOOS & ASSOCIATES (Law Firm)	**အမှတ် ၁၇၆(ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**
	ဖုန်း-၀၁-၈၃၉၇၂၃၄၊ ၀၁-၈၃၉၇၂၃၅

(ခ) "မြန်မာဗီးရှင်းကုမ္ပဏီလီမိတက်" (MYANMAR VISION COMPANY LIMITED)မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၄ ရက်ကို နောက်ဆုံးထားပြီး အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝေဖြိုးအောင် (ဒါရိုက်တာ)

(MYANMAR VISION COMPANY LIMITED)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၉၆၃၊ မြေကွက် တည်နေရာအမှတ် ၉၆၃၊ ၁ ရပ်ကွက်၊ သခင်ခင်ဇော် (၁) လမ်း၊ ဒဂုံ မြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဦးတက်ပွား YDN-၀၄၂၆၉၄) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးတက်ပွား (YDN-၀၄၂၆၉၄) ထံမှ အရောင်းအဝယ်အရပ်စာချုပ် အဆက်စပ်ဖြင့်ပိုင်ဆိုင်သူ ဦးအောင်မျိုးထွတ် ၁၂/သလန(နိုင်) ၀၁၆၅၆၀၊ ဒေါ်သီတာအေး ၇/တငန(နိုင်)၁၀၄၆၆၀ မှ ပါမစ်မူရင်း(မပြည့်စုံ) အိမ်ရာဆောက်လုပ်နေထိုင် သူများစာရင်းနှင့် မှီခိုသူများစာရင်းတို့မပါရှိဘဲ ဓာတ်ပုံမှတ်တမ်းနှင့်ရွှေ့ပြောင်းသူများ၏ မြေရာဇဝင် အကျဉ်းချုပ်စာရွက်တို့သာတင်ပြပြီး ဂရန်သစ်လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ နှစ်ထပ်တိုက်အဆောက်အအုံတွင် ဒေါ်သီတာအေးကိုယ်တိုင်နေထိုင်ပါသည်။ တစ်ထပ်ပျဉ်ထောင် သွပ်မိုးတွင် ဦးအောင်မျိုးထွတ်၏ တပည့်ဖြစ်သူ နေထိုင်ခြင်းအတွက် ဝင်စာ- ၁၁၃၀/၃-၂-၂၀၂၀ ဖြင့် မြေပေါ်တွင်တပည့်ဖြစ်သူအားထားရှိခြင်းကို တာဝန်ယူပါကြောင်းနှင့် လက်ဝယ်ရှိပါမစ်မှာ ပြည့်စုံမှု မရှိသည်မှာ ခရီးသွားရင်းပျောက်ဆုံးပါကြောင်းနှင့် အဆိုပါ ပါမစ်မပြည့်စုံမှုအတွက် တာဝန်ယူပါ ကြောင်း ရှင်းလင်းတင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ဦးအောင်မျိုးထွတ်၊ ဒေါ်သီတာအေးတို့မှ ပါမစ်မူရင်း (မပြည့်စုံ)တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်း(ထားဝယ်)

အသက် (၇၉)နှစ်

ထားဝယ်မြို့၊ တလိုင်းထိန်ရပ်နေ (ဦးညိန်ကြည်-ဒေါ်သောင်းစိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ မြန်မာ့သမိုင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ-၁၊ ဦးသန်းဆွေ (ယဉ်ကျေးမှုဒုဝန်ကြီး-ငြိမ်း)၏ဇနီး၊ ဒဂုံ တက္ကသိုလ်၊ မနုဿဗေဒဌာန၊ ကထိက(ငြိမ်း) ဒေါ်အေးစန္ဒီ-ဗိုလ်မှူးကြီးကျော်ထွေး(တပ်မတော်ရေ)တို့၏ ကျေးဇူးရှင် မိခင်ကြီး ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

မနုဿဗေဒမိသားစု၊ ဒဂုံတက္ကသိုလ်

တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ အောက်ကြည့်မြင် တိုင်လမ်း၊ အမှတ် (၄၀၄)က တွင် နေထိုင်သူ ဒေါ်အက်ဒလီနာ ၁၂/အလန (နိုင်)၀၂၁၃၀၈ နှင့် မစ္စစ်အေရှုးဘတ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် ကောင်းမြတ်သူ CDC No-93162 ၏ CDC နှင့် BST လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၅၄၆၅၀၈

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်မော်

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊

ထီးချိုင့်မဲဆန္ဒနယ်အမှတ် (၁)

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ကသာခရိုင်၊ ထီးချိုင့် မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်သည် ၂၄-၆-၂၀၂၀ရက် ည ၂၁:၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန် သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6N/8553 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/5791 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါ သဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/7894 ၏ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၆ လမ်း၊ ၂၇x၂၈ လမ်းကြား၊ အိမ်အမှတ် ၁၂ တွင် နေထိုင်သော ဒေါ်သက်သက်ထူး (ဘ)ဦးမြင့်အောင် ၉/ခအဇ(နိုင်)၀၁၃၁၉၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ ဝါတိုးအုပ်စု၊ အကွက်အမှတ် ၅၅၊ သီလ၀(၁)ရပ်၊ ဦးပိုင်အမှတ် ၂၁၇၊ ဧရိယာ ၀ ဒသမ ၀၈၆ ဧကရှိ ဦးဝင်းနိုင်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်သက်သက်ထူးမှ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်က စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး လက်ရောက်ရယူခဲ့ပါသည်။

အဆိုပါဝယ်ယူခဲ့သည့် ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်၍ ဒေါ်သက်သက်ထူးမှ ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း၊ ဂရန်အမည်ပြောင်းခြင်းတို့ ပြုလုပ်ရန်လည်း ဆောင်ရွက်လျက်ရှိပါသည်။

သို့ပါသောကြောင့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ ဝါတိုးအုပ်စု၊ အကွက်အမှတ် ၅၅၊ သီလ၀(၁)ရပ်၊ ဦးပိုင်အမှတ် ၂၁၇၊ ဧရိယာ ၀ ဒသမ ၀၈၆ ဧကရှိ ဦးဝင်းနိုင်အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်၊ အဆောက် အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်သက်သက်ထူးတစ်ဦးတည်းသာ ပိုင်ဆိုင်ပါကြောင်းနှင့် ယင်းပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်၍ ဒေါ်သက်သက်ထူး၏ သဘောတူခွင့်ပြုချက်မရှိပါဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်က တည်ဆဲ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်သက်သက်ထူး(ဘ)	**ဦးအောင်နှင်းသူ(ဥပဒေတွဲ့)**
ဦးမြင့်အောင်	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၅၀)**
	အကွက်(ဆဆ-၆/၂၇)၊ ယင်းမာလမ်း၊ အောင်ပင်လယ် ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့
	ဖုန်း-၀၉-၄၃၀၄၄၉၁၆

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/5854 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါ သဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 47W/97482 ၏ TNIE ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါ သဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/5717 ၏ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/8334 Forland BJ 3042V Dump Truck (4x2)L ယာဉ်လက် ဝယ်ရှိသူ ဦးပေါ်လွင်ဟိန်း ၉/ခအဇ(နိုင်)၀၁၅၈၂၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/5471 ၏ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/11486 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော် ဝင်းထွန်း ၁၄/ဟသတ(နိုင်)၀၀၀၂၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/5471 NISSAN DIESEL CWGGHE DUMP Truck (6 x 4) ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်မောင် ၁၂/ထတပ(နိုင်)၁၄၀၃၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈/၄၀က်တဲ့မြေကွက်အမှတ်-၁/က၏တစ် စိတ်တစ်ဒေသ ၂၂၂၊ မြေကွက်တည်နေရာအမှတ်-၁၀၅၊ အင်ကြင်းမြိုင်လမ်း၊ (၉)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်ဆင်ခြေဖုံးစည်ပင်သာယာအစိုးရ(အိမ်ရာကွက်မြေ)၊ အမည်ပေါက်ငယ်စာရင်းအမည်ပေါက်ဦးကျော်ဝင်း(၁၂/ရကန(နိုင်)၀၃၁၇၆၈)ကိုင်ဆောင်သူထံမှ ၆-၈-၂၀၀၀ရက်စွဲပါအရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဒေါ်မြသူစာကဝယ်သည့်ကတိစာချုပ်တင်ပြ၍ဂရန်သစ်လျှောက်ထားလာခြင်းအားကွင်းဆင်းစစ်ဆေးရာ(၂)ထပ်တိုက်(၁)လုံးရှိပြီးလျှောက်ထားသူဒေါ်မြသူစာနေထိုင်ပါသည်။ ဒေါ်မြသူစာ(၁၂/ရကန(နိုင်)၁၃၁၀၀၃)ကဂရန်သစ်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်(၆၂၄)၊ မြေကွက်တည်နေရာအမှတ်(၆၂၄)၊ အောင်သိဒ္ဓိလမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဦးခင်မောင်လေး(CA-၀၄၄၁၅၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးခင်မောင်လေး(ခင်ပွန်း)ဖြစ်သူသည်(၂၃-၉-၂၀၀၈)ရက်နေ့တွင် ကွယ်လွန်သဖြင့်၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူဒေါ်မာမာအေး(၁၂/ဗဟန(နိုင်)၀၅၆၃၀၂)မှအမွေဆက်ခံပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ ဆောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက် ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၄)နှစ်ပြည့် သတိတရ ပြုသမျှ ကုသလ
ဦးကျော်သိန်း(ရွှေဝယ်သဇင်-ထားဝယ်မြို့)
တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အမှတ်(၁၈၈)၊ မင်္ဂလာလမ်း၊ ခုံဝင်းဒပ်ရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

ကုန်လွန်ခဲ့သည့် (၄)နှစ်တာ (၂၆-၆-၂၀၁၆)ရက်မှာ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခဲ့သည့် ချစ်လှစွာသော ခင်ပွန်း ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ မုခ်ဦးပြာသာဒ်၊ ရေတွင်း၊ ရေကန်၊ မဟာရံတံတိုင်း၊ လမ်းနှင့်တံတား၊ ဆေးဝါး၊ မော်တော်ယာဉ် အလှူရှင် ဒါယကာကြီး ဦးကျော်သိန်း(ရွှေဝယ်သဇင်)အား ကုသိုလ်အမျှရရှိပါစေရန် ကောင်းမြတ်သည့် မနသီစေတနာအာသီသဖြင့် ထားဝယ်မြို့၊ ရတနာမာန်အောင် သီလရှင်စာသင်တိုက်တွင် အရဏ်ဆွမ်းဆက်ကပ်၍ ထားဝယ်မြို့၊ ကျောက်မော်ရပ်၊ ဝဲကြီးတောင်ကျောင်းတိုက်ရှိ ဘုရားအမှူးပြုသည့် မြတ်သံဃာတော်တို့အား နေ့ဆွမ်းနှင့် လှူဒါန်းဖွယ်ရာ နဝကမ္မဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့သည့်အပြင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ညောင်ဇင်ကျေးရွာရှိ ညောင်ဇင်ကျောင်းတိုက် သို့အလှူတော်ငွေကျပ်သိန်း(၅၀၀)၊ ထားဝယ်မြို့၊ ကျောက်မော်ရပ်၊ ဝဲကြီးတောင် ကျောင်းတိုက်တွင် မဟာရံ အုတ်တံတိုင်း(၆)ခွင်၊ ရတနာမာန်အောင် သီလရှင် စာသင်တိုက်သို့ လှူဒါန်းငွေ ကျပ်သိန်း(၅၀)၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ (၁၀)မိုင် ကုန်းရှိ ဓမ္မဒူတရိပ်သာအား ဒါနပြုလှူဒါန်းငွေ ကျပ်သိန်း(၂၅၀)၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်ကြင်းတောရဓမ္မရိပ်သာ သို့ မြတ်ဒါနအဖြစ် လှူဒါန်းငွေကျပ်သိန်း(၁၀၀)အစရှိသည့် ယခုတစ်နှစ်တာအတွင်း အထူးပြုကာ ရည်စူးပြုသမျှ ကုသလအပေါင်းတို့နှင့် အသက်ထင်ရှားရှိစဉ်မှအစ ယနေ့ထိတိုင် ပြုခဲ့သမျှသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် ကုသိုလ်အပေါင်းအစု မြတ် ကောင်းမှုတို့၏ အဖို့ဘာဂကို မြင့်မြတ်ရာဘုံဘဝမှ ကြားသိနုမော်သာဓုခေါ်ဆို နိုင်ပါရန် အမျှအတမ်း ပေးဝေပါ၏။ သုခိတ ဒုက္ခိတ ဝေနေယျ သတ္တဝါများလည်း မခြားထပ်တူရရှိကြပါစေ- အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့-

ဒေါ်အေးသီ နှင့်သား၊ သမီး၊ မြေး
မိသားတစ်စုတို့က ကုသိုလ်အမျှ
ပေးဝေပါသည်-

ဦးကိုကိုကြီး
(စစ်ကိုင်းမြို့)
အသက် (၉၀)

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ဘူတာရွာနေ ဒေါ်တင်တင်လှ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သီသီခိုင်၊ ဒေါ်တင်မျိုးဆင့်၊ ဒေါ်ခင်သီတာကို၊ ဒေါ်သဇင်ကိုတို့၏ဖခင် မမျိုးသီရိကိုကို၊ မောင်ဟိန်းထွဋ်ကိုကိုတို့၏ အဘိုးသည် ၂၂-၆-၂၀၂၀ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၂၀ရက် နံနက် ၁၀ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းတန်
အသက်(၈၇)နှစ်

ဒုတိယဗိုလ်မှူးကြီးသက်ဆွေ(ငြိမ်း)-ဒေါ်ထွေးထွေးမြင့်တို့၏ ဖခင်ကြီး ဦးသိန်းတန်သည် ၁၈-၆-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှ
အရာရှိများနှင့်မိသားစုများ

ဦးကျင်လှိုင်
အသက်(၈၄)နှစ်

(ဦးစိန်ယု-ဒေါ်ဘိကြူး)တို့၏သားသမက်၊ (ဒေါ်လောင်အန်ကြို့) ၏ခင်ပွန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ဗိုလ်ရွဲလမ်း၊ အမှတ်(၁၅၂)နေ ဦးထွန်းမြင့်-ဒေါ်စုစုလှိုင်၊ ဦးအောင်ကိုကို-ဒေါ်စုစုအေးတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ဟိန်းနန္ဒ၊ မောင်ကောင်းခန့်ဟိန်းတို့၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၄-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆:၂၀နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၆-၆-၂၀၂၀ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်လွှာ

၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၆:၁၀နာရီတွင် ကွယ်လွန်သွားသော Dr.ဦးတိုးမြင့် အသက်(၆၇)နှစ်အား နာမကျန်းဖြစ်သည့်ကာလမှ ကွယ်လွန်သည့်အချိန်အထိအထူးဂရုစိုက်ပြုစုကုသပေးသော မြိတ်မြို့ ချမ်းမြေ့ကျန်းမာရေးအထောက်အကူပြုအသင်း၊ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်ဆရာဝန်၊ ဆရာ ဆရာမများ၊ Fever Clinic ဖျားနာအခမဲ့ဆေးကုခန်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း မြိတ်မြို့နယ်/ခရိုင်၊ မြိတ်မြို့နယ် Covid-19 ကာကွယ်ထိန်းချုပ်ကုသရေးအတွက် အထောက်အကူပြု ကော်မတီနှင့်ခရိုင်အရပ်ဖက် ပူးပေါင်းရေးကော်မတီ၊ မြိတ်ခရိုင်အရေးပေါ်လူနာတင်ယာဉ်အဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဝဋ်သကနာရေးကူညီမှုအသင်း၊ ဝိုင်းဝန်းကူညီပေးသော မြို့မိ မြို့ဖများနှင့် နာရေးသတင်းမေးမြန်းအားပေးကြသော အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးညီကိုမောင်နှမ မိတ်ဆွေများအားလည်းကောင်း၊ လူအား ငွေကြေးအားဖြင့် ကူညီထောက်ပံ့ကြသော ဆွေမျိုးသူငယ်ချင်းမိတ်ဆွေများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဉာဏ်ရွှေ
(သရက်ချောင်း၊ မင်းဒပ်)
အသက် (၉၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ မင်းဒပ်ကျေးရွာ၊ (ဒေါ်ကျင်ရီ)၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ ရွှေဂုံတိုင်ကျောင်းတိုက်၊ ရတနာမဠူ(ထားဝယ်)ကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒ၏ ရဟန်းဒါယကာကြီး၊ (ဦးဉာဏ်ဝင်း)-ဒေါ်စမ်း၊ ဦးဝင်းရီ-ဒေါ်စမ်းနု၊ ဦးစန်းမြင့်-ဒေါ်စန်းစန်းသစ်၊ (ကိုဟင်စွမ်)၊ ကိုလှစိုး၊ ကိုသိန်းယု-မထွေးမြ၊ ကိုမျိုးသိန်း-မဝင်းအေး၊ ကိုကြည်လွမ်၊ မမာမာသီ၊ ကိုသန့်စင်-မမီးချောတို့၏ဖခင်ကြီး၊ မြေး ၁၇ယောက်၊ မြစ် ၁၀ယောက်တို့၏ အဘိုးသည် ၂၅-၆-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၉:၀၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၂၀ရက် (တနင်္လာနေ့)မွန်းလွဲ ၁၂နာရီတွင် မင်းဒပ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးနေမျိုးရှိန်
B.Sc(Geology)
သရုပ်ပြ၊ ဘူမိဗေဒဌာန
သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်(ရေဆင်း)
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အောင်သုခလမ်း၊ သီရိရတနာရိပ်သာနေ ဦးခင်မောင် (ဌာနမှူး-ငြိမ်း၊ ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ)-(ဒေါ်တင်မြင့်)(ငြိမ်း၊ အထက-၁၊ ရန်ကင်း)တို့၏ချစ်လှစွာသောသား၊ ရန်ကုန်မြို့နေ (ဦးကံညွန့်) (ကုန်သွယ်လယ်ယာ)-ဒေါ်လှမြင့်တို့၏သားသမက်၊ အမှတ်D-7၊ သစ်တောတက္ကသိုလ်(ရေဆင်း)နေ ဒေါ်အေးသွယ်သွယ်၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ကောင်းမြတ်၏ချစ်လှစွာသောဖခင်၊ ဦးရဲထွဋ်(ငြိမ်း၊ MRTV)-ဒေါ်ခင်မေနွယ်(ငြိမ်း၊ လ/ထညွှန်မှူး၊ နယ်စပ်ကုန်သွယ်ရေး)၊ ဦးထိန်ဝင်း(တွဲဖက်ပါမောက္ခ-ငြိမ်း၊ ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်)-ဒေါ်နွဲ့နွဲ့သင်း(စက်မှု-၂၊ငြိမ်း)၊ ဦးအောင်မြင့် (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်မြသီတာ၊ ဦးမြင့်ဇော်(Forever Group)-ဒေါ်ခင်ခင်လတ်၊ ဦးဖြိုးတင့်-ဒေါ်ဖြူဖြူခင်(မြနီလာရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ တူ၊ တူမရှစ်ယောက်တို့၏ ဘကြီးသည် ၂၄-၆-၂၀၂၀ရက် ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ စကုကျွန်း၊ ရေကောင်းချောင်း/ဆိတ်နား သာသနာလင်္ကာရကျောင်းဆရာတော်ကြီး
ဘဒ္ဒန္တ ဥဿာဟာစာရ မဟာထေရ်မြတ်
သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါ

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ စကုကျွန်း၊ ရေကောင်းချောင်း-ဆိတ်နား နှစ်ရွာသားတို့ ကိုးကွယ်ဆည်းကပ်အလေးမြတ်ပြုအပ်သော သာသနာလင်္ကာရကျောင်း၏ ပဓာနနာယက၊ လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုကဖြစ်တော်မူသော၊ စတုသစ္စပကာသ နီစသော ကျမ်းပြုအကျော်ဖြစ်သော ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တ ဥဿာဟာစာရ မဟာထေရ်မြတ်သည်(၁၃၈၂ခုနှစ် ပထမဝါဆိုလဆန်း ၅ရက်) ၂၄-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၂၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို သာသနာလင်္ကာရကျောင်းတော်မှ ယာယီစံပျော် နိဗ္ဗာန်ကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ခြင်း အခမ်းအနားကို (၁၃၈၂ခုနှစ် ပထမဝါဆိုလဆန်း ၁၂ရက်) ၁-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာတော်ကြီး၏ ရပ်နီးရပ်ဝေးမှ တပည့်များ၊ ဒါယကာ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အန္တိမစျာပန ပူဇော်ပွဲတော်ကို ပွင့်လင်းရာသီ၌သာ ကျင်းပပြုလုပ်မည်ဖြစ်၍ ထပ်မံအသိပေးကြေညာပါမည်။

တပည့်များ၊ ဒါယကာ ဒါယိကာမများ

သင့်သွေးဖြင့် အသက်ကယ်ပါ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒေါက်တာဘဒ္ဒန္တကောဝိဒ
သက်တော်(၅၃)နှစ်၊ သိက္ခာတော်(၃၄)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇီးပင်ဝဲကျေးရွာ၊ ဇီးပင်ဝဲဘုန်းတော်ကြီးသင်ပညာရေး(ပရဟိတ)ကျောင်း ပဓာနနာယက၊ လှည်းကူးမြို့နယ် သံဃနာယကအဖွဲ့ဝင်၊ လှည်းကူးမြို့နယ် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့၊ အဖွဲ့ဝင်ဖြစ်တော်မူသော ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကောဝိဒ မဟာသဒ္ဓမ္မဇောတိကဓဇ သည် (၁၃၈၂ခုနှစ် ပထမဝါဆိုလဆန်း ၃ရက်) ၂၃-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁:၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၂ခုနှစ် ပထမဝါဆိုလဆန်း ၁၂ရက်) ၁-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် အန္တိမအဂ္ဂိစျာပန ပူဇာကျင်းပပူဇော်မည်ဖြစ်ပါကြောင်း။

စျာပနကျင်းပရေး တပည့်သံဃာနှင့်ဒါယကာ ဒါယိကာမများ

ဆရာကြီး ဦးထွန်းမြင့်(တောင်ကုတ်)
(ဂုဏ်ထူးဆောင်နာယကကြီး၊ နိကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ်)
သာကစ္ဆာဓမ္မဇောတိကဓဇ
အသက် (၁၀၀)

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ နတ်မော်ရွာနေ (ဦးကျားဗိုလ်-ဒေါ်ပုမ) တို့၏သား၊ ရွှေတိဂုံစေတီတော်(စနေထောင့်)၊ ရွှေတောင်ငွေတောင်တန်ဆောင်း၊ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (ဂုဏ်ထူးဆောင်နာယကကြီး၊ ဝိသုဒ္ဓိမဂ်သင်တန်းပြ ဆရာကြီး၊ သက်ကြီးအပူဇော်ခံပုဂ္ဂိုလ်)ဦးထွန်းမြင့် အသက် (၁၀၀)သည် ၂၄-၆-၂၀၂၀ရက်တွင် သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ (၁၄)လမ်း၊ အမှတ် (၃၃)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ကျိုက်စုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးညွန့်ရင် အသက်(၉၅)နှစ်
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
အခြေခံပညာဦးစီးဌာန
အုပ်ချုပ်ရေးမှူး(ပညာတန်ဆောင်)(ငြိမ်း)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဆူးလေကုန်းရပ်၊ မက်သဒစ်ဝန်းနေ (ဦးဖဲပွင့်-ဒေါ်ငွေစိန်)တို့၏သားကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၆)၊ မဥ္ဇူသကလမ်း၊ အမှတ်(၆/၁၂၆)နေ(A.G.E ဦးထွန်း-ဒေါ်ကြင်မေ) တို့၏သားသမက်၊ ဦးမောင်ကို-(ဒေါ်ကံမိ)တို့၏ညီ/မောင်၊ (ဒေါ်မြမြသန်း(ခ)ဒေါ်ချစ်ချစ်) ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးစိန်မြင့်)-ဒေါ်အေးပို၊ (ဦးခင်မောင်မြင့်)-ဒေါ်သိန်းသိန်းညွန့်၊ ဦးသန်းညွန့်-ဒေါ်မီမီအောင်၊ (ဦးတင်လွင်)၊ (ဦးဇော်မင်းသန့်)-ဒေါ်လဲ့လဲ့မြင့်၊ ဒေါ်နိုင်နိုင်အေး၊ ဒေါ်ခိုင်ခိုင်ညွန့်၊ ဒေါ်နွဲ့နွဲ့အောင်၊ ဦးသန်းထွန်းအောင်-ဒေါ်ခင်သန္တာဦး တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၂၅-၆-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၆:၁၀နာရီတွင် နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၇-၆-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးလှထွန်း အသက်(၇၄)နှစ်
(သ/မ ဦးစီးဌာန-ငြိမ်း၊ တန့်ဆည်မြို့)

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ မေတ္တာမြိုင်ရပ်ကွက်၊ အမှတ်(၃၀၆)နေ(ဦးဘိုးနောက်-ဒေါ်ရွှေညို)တို့၏ သား၊ ဦးသန်းထွန်းအောင်-ဒေါ်ကြည်တင် (အထကကျောင်းအုပ်-ငြိမ်း)၊ ဒေါ်ကြည်ရှင်(အင်ဂျင်နီယာမြို့ပြ၊ သ/မ-ငြိမ်း)၊ ဦးမျိုးသန်း(ဆည်မြောင်း-ငြိမ်း)-ဒေါ်ကြည်ခင်(အမှတ်-၂သတ္တုတွင်း-ငြိမ်း)၊(ဦးဌေးလွင်)-ဒေါ်ခင်မာငွေ(အထက၊ ကျောင်းအုပ်-ငြိမ်း)၊ ဒေါ်ခင်မာကြည်(အထက-၁၊ ကျောင်းအုပ်၊ တန့်ဆည်မြို့)၊ ဒေါက်တာတင်တင်မာ(ဒုတိယညွှန်ကြားရေးမှူး၊ အမျိုးသားမိုငြိမ်းပြုတီဘီ ဓာတ်ခွဲဌာန)တို့၏အစ်ကိုကြီး၊ မအိအိအောင်၊ မောင်ကျော်ဇင်မျိုး၊ မောင်သော်တာအောင်၊ မဟန်နီမျိုး၊ မသက်နှင်းစံ၊ မောင်ရဲမြတ်အောင်တို့၏ ဘကြီးသည် ၂၃-၆-၂၀၂၀ရက် ည ၉:၁၅နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ဤန္ဒာ(၆)လမ်း၊ အမှတ်(၅၁၉) နေ အိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးသောင်းဝင်း
အသင်းဝင်အမှတ် (၁၆၄၉)
ဦးစီးမှူး(ငြိမ်း)၊ ဆည်မြောင်း
အသက် (၆၉)နှစ်

အမှတ် (၅၃)၊ (၂)လမ်း၊ ဘုရင့်နောင်ရိပ်သာမြို့သစ်၊ အင်းစိန် မြို့နယ်နေ ဒေါ်အေးအေး၏ခင်ပွန်း ဦးသောင်းဝင်း ဦးစီးမှူး(ငြိမ်း)သည် ၂၃-၆-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၂၀ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ထိုင်းမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီ အမှတ်(၂)ချစ်ကြည်ရေးတံတားမှ ဇွန် ၂၅ ရက်တွင် ၃၉၈ ဦးဆက်လက်ဝင်ရောက်

မြဝတီ ဇွန် ၂၅

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၉၈ ဦး ဇွန် ၂၅ ရက်တွင် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

ထိုသို့ပြန်လည်ဝင်ရောက်လာသူများသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခွင့်ပြုချက်များရယူကာ ထိုင်းနိုင်ငံဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြဝတီခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်နေစဉ်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ၂ ရက်တွင် ၁၅၁၇ ဦး၊ ၃ ရက်တွင် ၁၅၄၇ ဦး၊ ၄ ရက်တွင် ၁၂၀၄ ဦး၊ ၅ ရက်တွင် ၁၁၉၀၊ ၆ ရက်တွင် ၁၇၈၄ ဦး၊ ၇ ရက်တွင် ၁၆၃၅ ဦး၊ ၈ ရက်တွင် ၉၄၆ ဦး၊ ၉ ရက်တွင် ၁၀၉၄ ဦး၊ ၁၀ ရက်တွင် ၉၉၄ ဦး၊ ၁၁ ရက်တွင် ၆၇၀၊ ၁၂ ရက်တွင် ၈၂၃ ဦး၊ ၁၃ ရက်တွင် ၇၇၅ ဦး၊ ၁၄ ရက်တွင် ၆၀၀၊ ၁၅ ရက်တွင် ၅၀၆ ဦး၊ ၁၆ ရက်တွင် ၆၄၄ ဦး၊ ၁၇ ရက်တွင် ၈၇၇ ဦး၊ ၁၈ ရက်တွင် ၆၉၈ ဦး၊ ၁၉ ရက်တွင် ၄၉၄ ဦး၊ ၂၀ ရက်တွင် ၆၅၇ ဦး၊ ၂၁ ရက်တွင် ၆၄၂ ဦး၊ ၂၂ ရက်တွင် ၈၄၈ ဦး၊ ၂၃ ရက် တွင် ၅၂၇ ဦး၊ ၂၄ ရက်တွင် ၅၉၇ ဦး၊ ဇွန် ၂၅ ရက်တွင် ၃၉၈ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၃၄၃၉၀ အထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၄၀၊ အမျိုးသမီး ၁၅၈ ဦး စုစုပေါင်း ၃၉၈ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

အနေ့ယာဉ်နှင့် လက်တွန်းလှည်းလုပ်သားများ၊ အေးသာယာမြို့ မိဘမဲ့ဂေဟာများ၊ တောင်ကြီးမြို့ ဘုန်းကြီးကျောင်းတိုက်များသို့ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့

တောင်ကြီး ဇွန် ၂၅

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီအနေဖြင့် ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း အခြေခံပြည်သူများ စားနပ်ရိက္ခာအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် စားနပ်ရိက္ခာထုပ်များ၊ ကြက်ဥများအား ပြည်သူများလက်ဝယ်အရောက် သွားရောက်လှူဒါန်းလျက်ရှိသည်။ **(အပေါ်ပုံ)**

ယင်းသို့ သွားရောက်ထောက်ပံ့လှူဒါန်းရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုး၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနှင့် ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်း၊ တောင်ကြီးမြို့ ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီမှ တာဝန်သူများနှင့် ပရဟိတအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရွှေညောင်မြို့ရှိ အနေ့ယာဉ် (ဆိုက်ကား) လုပ်သားနှင့် လက်တွန်းလှည်းလုပ်သား စုစုပေါင်း ၁၁၄ ဦးတို့အား

စာမျက်နှာ ၁၀ ကော်လံ ၁ ❑

ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူများ ထပ်မံဝင်ရောက်

ချင်းရွှေဟော် ဇွန် ၂၅

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဇွန် ၂၄ ရက် ညနေ ၆ နာရီတွင် ၇၇ ဦးနှင့် ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ၂၃ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၀၀ ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၀၀ မှာ အမျိုးသား ၅၀၊ အမျိုးသမီး ၅၀ ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ကိုးဦး၊ မကွေးတိုင်းဒေသကြီးမှ ခုနစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ

စာမျက်နှာ ၁၀ ကော်လံ ၄ ◆

ပရီမီယာလိဂ် ပွဲစဉ်(၃၁)တွင် မန်ယူနှင့် လီဗာပူးတို့ အိမ်ကွင်း၌ ဂိုးပြတ်အနိုင်ရ

စာ ၁၁

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၅-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ ၁၅

လာလီဂါချန်ပီယံပြေးလမ်းကြောင်းပေါ်က ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာ

စပိန်နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းသည် ဇွန် ၂၅ ရက် နံနက်ပိုင်းက လာလီဂါပွဲစဉ် (၃၁)အဖြစ် မာလော့ကာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်ခွင့် ရရှိခဲ့သည်။ မဟာပြိုင်ဘက် ဘာစီလိုနာအသင်းနှင့် ရမှတ် ၆၈ မှတ်ချင်း တူညီနေသော်လည်း ထိပ်တိုက်တွေ့ဆုံမှုအရ ရီးရဲမက်ဒရစ်အသင်းက အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ရီးရဲမက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၁၉ မိနစ်တွင် မိုဒရစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဗင်နီစီးယပ်စ်က သွင်းယူပေးနိုင်ခဲ့ပြီး ဒုတိယဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၅၆ မိနစ် အရောက်တွင် ရာမို့စ်က သွင်းယူပေးနိုင်ခဲ့သည်။ ရာမို့စ်သည် ယခုနှစ်ဘောလုံးရာသီ ရီးရဲမက်ဒရစ်အသင်းအတွက် ၎င်း၏ ၁၀ ဂိုး မြောက်ကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မာလော့ကာအသင်းသည် ဒုတိယပိုင်းအရောက်တွင် အသက် ၁၅ နှစ်အရွယ်သာရှိသေးသည့် လူကာ ရိုမီရိုကို ထည့်သွင်းကစားစေခဲ့သဖြင့် လာလီဂါသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ မာလော့ကာသည် ယခုပွဲရှုံးနိမ့်ခဲ့မှုကြောင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေခဲ့သည်။ ရီးရဲမက်ဒရစ်အသင်း၏ မဟာပြိုင်ဘက်

စာမျက်နှာ ၁၁ ကော်လံ ၅ ●